အခန်း(၁)

အပိုင်း(၁၂၇)-ရှည်လျားသောလက်ကောက်

"ဆိုဖီယာတောင်တန်းအထက်မှာ ကာထားတဲ့အလွှာရှိလို့လေ၊ အဲမှာ အံ့ဖွယ်အဆင့်မိစ္ဆာတွေအများကြီးရှိတယ်၊ မင်းက အဆင့်မြင့်ဆုံးဝိဉာဉ်ဖြစ်ရင်တောင် မင်းထွက်သွားတာနဲ့ အံ့ဖွယ်အဆင့်မိစ္ဆာအကောင်းပေါင်းရာချီတွေ့ရလိမ့်မယ်၊ အများတစ်ခုလောက်နဲ့ မင်းအသက်ဆုံးပြီးသာမှတ်" ဂူရန်ဖေပြောထားသည်။

"ဝိဉာဉ်မိစ္ဆာရာချီ" ဖက်တီးကျူးသက်ပြင်းရှိုက်လိုက်သည်။ အဲဒီဆိုဖီယာတောင်တန်းက တကယ်ပဲအန္တရာယ်ကြီးတာလား။

ပူလှော်င်တောင်တန်းမှာတုန်းက သူတော်စင်အဆင့်မျောက်ဝံသာရှိခဲ့သည် သို့သော် ဆိုဖီယာတောင်တန်းတွင်တော့ သူတော်စင်အဆင့်မိစ္ဆာရာပေါင်းများစွာရှိသည်။ အားလုံးသည် အလွန်အမင်းအံ့သြနေခဲ့သည်။

"အပြင်မှာ သူတော်စင်အဆင့်မိစ္ဆာတွေရှိတော့ ကာကွယ်ထားတဲ့အတားအဆီးရှိတာမဆန်းပါဘူး၊ အဲဒါကြောင့်ပဲ ဘယ်သူမှထွက်လို့မရတာပေါ့" အားလုံးသည် နောက်ဆုံးတွင် နားလည်သွားကြသည်။

"ယူယူ ဒီအကြောင်းကို ဂူရန်ဖေအရှင်းလင်းဆုံးပြောနိုင်မယ်ဆိုတာ မင်းဘယ်လိုသိလဲ" ဘောဂုံထန်မေးလိုက်သည်။

"ငါမှန်းကြည့်တာပါ" ရှီမာယူယူပြောလိုက်သည်။

"မင်းက ဉာဏ်ကောင်းတာပဲ မင်းအမြဲမှန်းတတ်တယ်" ဖက်တီးကျူးပြောလိုက်သည်။

"ဂူရန် မင်းမြို့တော်ကို ဘယ်အချိန်ကရောက်တာလဲ" ဝေကျိုရှီမေးလိုက်သည်။

ဂူရန်ဖေ တစ်ခဏတာမျှစဉ်းစားကာ ပြောလိုက်သည် "ကျောင်းက ကျောင်းသားသစ်တွေမခေါ်ခင် နှစ်လလောက်က"

သူထိုသို့ ပြုမူနေသည်ကို ကြည့်ကာ သူသည် ခက်ခက်ခဲခဲဖြေရသည်ကို အားလုံးသိကြသဖြင့် သူ့အားထပ်မမေးတော့ပေ။

"အရင်ကမသိခဲ့တော့ ထားတော့၊ အခုသိသွားပြီဆိုတော့ တစ်နေ့တော့ အပြင်ကိုထွက်ပြီးသေချာပေါက်သွားကြည့်ရမယ်" ဝေကျိုရှီသည် လက်သီးဆုပ်ကာ မသိခဲ့ရသော ကမ္ဘာကို တမ်းတနေခဲ့သည်။

"အဲမတိုင်ခင် အားလုံးသေချာကျင့်ကြံပြီး စွမ်းအားတွေတိုးလာအောင်လုပ်ရမယ်" ဘောဂုံထန်ပြောလိုက်သည် "တခြားမရှိတော့ရင် ငါတို့အခန်းပြန်တော့မယ်"

"ငါတို့လည်းပြန်တော့မယ်" ဖက်တီးကျူပြောလိုက်သည် "ငါမလစ်တော့ဘူး၊ အခွင့်အရေးရတာနဲ့ ကျင့်ကြံတော့မယ်၊ ဒီမှာ တစ်သက်လုံးပိတ်မိမယ်လို့တော့မထင်ဘူး"

ဝေကျိရှီမတ်တပ်ရပ်ကာ ပြောလိုက်သည် "ငါလည်းပြန်တော့မယ်"

သူတို့သုံးယောက်ပြန်သွားသောအခါ ဝူရန်ဖေနှင့် ရှီမာယူယူတို့သာကျန်ခဲ့လေသည်။

"ငါက ဒုံချန်းနိုင်ငံကလူမဟုတ်တာ မင်းဘယ်လိုသိလဲ" ဝူရန်ဖေ ရှီမာယူယူအားကြည့်ကာ မေးလိုက်သည်။

"ငါပြောခဲ့တယ်လေ၊ မှန်းကြည့်တာပါလို့" ရှီမာယူယူ ပခုံးတွန့်လိုက်သည် "ပြီးတော့ ခံစားလို့ရတယ်၊ ဝူရန် မင်းဘာတွေပဲကြုံခဲ့ကြုံခဲ့ အနည်းဆုံးတော့ မင်းအခုဒီရောက်နေပြီ၊ မင်းတွေ့ကြုံခဲ့ရတာတွေကို ငါတို့ကိုပြောချင်တယ်ဆိုရင် မင်းပြောလိုက်၊ မင်းမပြောချင်ဘူးဆိုရင်လည်း ဘယ်သူမှမင်းကို အပြစ်မတင်ဘူး"

"ငါသိပါတယ်၊ ဒါပေမယ့် ဒီအကြောင်းတွေကို မင်းတို့အားလုံးမသိတာပိုကောင်းပါတယ်" ဝူရန်ဖေမတ်တပ်ရပ်လိုက်သည် "ငါပြန်တော့မယ်"

ဝူရန်ဖေ ထွက်သွားသည်ကို ရှီမာယူယူကြည့်ကာ သက်ပြင်းချလိုက်သည်။ သူနှင့် ဘေဂုံထန်တို့သည် လျှို့ဝှက်ချက်များသော သူများဖြစ်ကြသည်။ ထို့နောက်တွင် သူမ၏သရုပ်မှန်.... ကြည့်ရသည်မှာ ဝေကျိရှီနှင့် ဖက်တီးကျူတို့သည်သာ သူတို့အုပ်စုတွင် အပူအပန်မရှိသော ပတ်ဝန်းကျင်တွင်ကြီးပြင်းခဲ့ကြသည်။

"ဟူး" ရှီမာယူယူ သက်ပြင်းရှည်ချကာ တံခါးပိတ်လိုက်ပြီး လျင်မြန်စွာ ဝိဉာဉ်ပုလဲအတွင်းသို့ ဝင်ခဲ့လေသည်။

မိုရှားသည် သူမအားစောင့်နေခဲ့သည်။ သူမအားမြင်သော်အခါ သူပြောလိုက်သည် "ငါတို့ ဒီနေ့ဆေးမဖော်ဘူး"

"ဘာလို့လဲ" ရှီမာယူယူ တစ်ခဏမျှကြက်သေသေသွားကာ မေးလိုက်သည်။

"မင်းရဲ့ လက်ရှိအခြေအနေကမကောင်းဘူး၊ အဲဒါက ဆေးဖော်ရာမှာအကျိုးသက်ရောက်လိမ့်မယ်၊ မင်းအခြေအနေတည်ငြိမ်တဲ့အချိန် နှစ်ရက်လောက်မှဆက်မယ်" မိုရှားအေးစက်စွာပြောလိုက်သည်။

ရှီမာယူယူ သူမ၏ လက်ရှိအခြေအနေကိုစဉ်းစားလိုက်ရာ စိတ်ရောကိုယ်ပါနှစ်၍ ဆေးဖော်ရန်မဖြစ်နိုင်သည်ကို သိသည်။ သူမ အောင်မြင်လျှင်လည်း အပျက်သဘောဆောင်မည့် ရလဒ်ရနိုင်မည်။ သူမ ခေါင်းညိမ့်ကာ ပြောလိုက်သည် "ကောင်းပြီ"

"ပြီးတော့ ငါဝိဉာဉ်ကျောက်တုံးလုပ်တာပြီးသွားပြီ" မိုရှားပြောပြီးသည်နှင့် နတ်ဆိုးညွတ်ပန်းလက်ကောက်သည် သူတို့နှစ်ယောက်ရှေ့တွင်ပေါ်လာလေသည်။

"ဒါလား"

ရှီမာယူယူ လက်ဆန့်ထုတ်ကာ လက်ကောက်အားအနည်းငယ်ထိလိုက်သည်။ ထိုလက်ကောက်သည် အာရုံခံနိုင်သည့်ပုံပင်၊ သူမလက်ကောက်ဝတ်တွင် အလိုလိုပတ်ပြီးသားဖြစ်သွားသည်။ သူမ၏ ဖြူဖွေးသော လက်ကောက်ဝတ်တွင် ထူးခြားသော ဆွဲဆောင်မှုဖြစ်နေသည်။

"ဒီလက်ကောက်က ဝိဉာဉ်ပုလဲထဲက ဆေးဖက်ဝင်ပစ္စည်းနဲ့ ဝိဉာဉ်ကျောက်တုံးကိုသုံးပြီးလုပ်ထားတဲ့ လက်ကောက်ပဲ၊ ဝိဉာဉ်ထည့်မှ သုံးလို့ရတာ" မိုရှားပြောလိုက်သည်။

"မင်း ဝိဉာဉ်ပုလဲထဲမှာအဆင်မပြေလို့လား" ရှီမာယူယူမေးလိုက်သည်။

"ငါက ဝိဉာဉ်ပုလဲ အတွင်းရော အပြင်ကိုပါမြင်နိုင်ပေမယ့် ငါ့ဝိဉာဉ်တစ်ခြမ်းကိုသာ ခံစားလို့မရတာ" မိုရှားပြောလိုက်သည်။ "မင်းရဲ့ လက်ကောက်ဝတ်မှာ ဒါကိုဝတ်ထားရင် အဝေးမှာရှိရင်တောင် မင်းရဲ့အပြုအမူကိုငါခံစားလို့ရတယ်၊ ငါ့ဝိဉာဉ်တစ်ဝက်ကို မင်းတွေ့တဲ့အချိန်ကျရင် ဒါမှမဟုတ် သူသာ ဝေးဝေးမှာရှိမနေရင် ငါခံစားလို့ရတယ်"

"သြော်အဲလိုလား" ရှီမာယူယူလက်မြှောက်လိုက်ကာ သူမလက်ကောက်ဝတ်မှ လက်ကောက်အားကြည့်ကာ မေးလိုက်သည် "ဒါက မင်းရဲ့ ဝိဉာဉ်ထည့်ထားတယ်ဆိုတော့ တခြားဝိဉာဉ်တွေကျဘယ်လိုလုပ်မလဲ"

မိုရှားသူမအားကြည့်ကာ ပြောလိုက်သည် "ငါက တခြားသူတွေကို ငါနဲ့အတူတူနေခိုင်းမယ်ထင်နေလားခ

သူ့စကားနောက်ကွယ်မှအဓိပ္ပာယ်သည် ရှင်းလင်းသည်။ သူမအလိုမရှိသောကြောင့်ဖြစ်သည်။ သူမသာ တခြားဝိဉာဉ်များကို အဝင်ခံပါက အထဲတွင် ကြည့်တောင်မကြည့်ပဲအမျိုးဖြုတ်ပစ်လိမ့်မည်။

"ငါရှေ့လျောက်ဒီမှာရှိပေမယ့် အထဲက ရွှေမြွေအသီးကထုတ်တဲ့ အငွေ့ကိုတောင်စုပ်ယူလို့ရသေးတယ်" မိုရှားစကားပြောပြီးသည်နှင့် အမည်းရောင်အငွေ့အဖြစ်ပျောက်သွားကာ လက်ကောက်အတွင်းဝင်သွားလေသည်။

ရှီမာယူယူ လက်ကောက်အားထိလိုက်ကာ ပြောလိုက်သည် "ဒီလူက ဒီဟာကိုလုပ်တာဆိုတာတော့မသေချာဘူး၊ ဒါပေမယ့် ပုံစံကိုတော့မဆိုးပါဘူး၊ သာမာန်ဝိဉာဉ် အဆင်တန်ဆာတော့မဟုတ်လောက်ဘူး၊ မြင့်မြတ်တဲ့ ဒါမှမဟုတ် အံ့ဖွယ်အဆင့် တန်ဆာဖြစ်နိုင်တာပဲ လှလိုက်တာ ငါဒါကို နတ်ဆိုးညွှတ်လက်ကောက်လို့ပဲခေါ်တော့မယ်"

မိုရှား ဆေးမဖော်ဘူးဟုပြောလိုက်သဖြင့် သူမသည် ကျင့်ကြံသည့်အခန်းသို့သွားကာ ကျင့်ကြံပြီး သူမစိတ်အား မူလအတိုင်း ပြန်ကုစားလေသည်။

နှစ်ရက်အကြာတွင် ဆေးစတင်ဖော်ရန် မိုရှားပြောလာသည်။ ရှီမာယူယူ လက်ကောက်အားယူကာ ဝိဉာဉ်ပုလဲအတွင်းဝင်လိုက်သည်။

နှစ်ရက်လောက်နားပြီးနောက်တွင် ရှီမာယူယူ၏စိတ်ဘောင်သည် အားပြန်ပြည့်ကာ မိုရှား၏ ဆေးဖော်စပ်မှုတွင် ကျေနပ်လောက်စရာဖြစ်ခဲ့သည်။

သူတို့ ဆေးဖော်သည့်အခန်းရောက်ချိန်တွင် ဝိဉာဉ်လေးသည် သူ့အကျင့်အတိုင်း ဆေးဖော်ရန် လိုအပ်သည့်အရာအားလုံးကိုပြင်ဆင်ပြီးဖြစ်လေသည်။ သူတို့နှစ်ယောက်သည် စစ်ဆေးပြီး ဆေးဖော်ခြင်းလုပ်ငန်းစဉ်ကို စတင်တော့သည်။

အရင် ဆေးဖော်ခဲ့သည့်အတွေ့အကြုံများကြောင့် ဆေးဖော်ခြင်းလုပ်ငန်းစဉ်သည် အရင်ကထက်ချောမွေ့ခဲ့သည်။ ရှီမာယူယူသည်ပင်လျှင် ဆန့်ကျင်ရေးဆေးတစ်ရာဖော်ရာတွင် လိုအပ်သော ဝိဉာဉ်ရှိကိုရင်းနှီးပြီးဖြစ်၍ သူမခန္ဓာကိုယ်ထဲမှ ဝိဉာဉ်ရှိကိုထုတ်ယူသော်လည်း အရင်တုန်းကလောက် မပင်ပန်းတော့ပေ။

"ပြီးသွားပြီ" မိုရှား မီးတောက်အားငြိမ်းကာ ပင်ပန်းနေသော ရှီမာယူယူအားကြည့်လိုက်သည်။ သူပြောလိုက်သည်မှာ "မင်းရဲ့ခန္ဓာကိုယ်မှာ ဝိဉာဉ်ရှိတွေနည်းလာပေမယ့် အဲဒါကလည်း အကျိုးရှိစေမှာပဲ၊ နောက်တစ်ခါ ဝိဉာဉ်ရှိတည့်တဲ့အခါကျရင် မင်းပိုပြီးအာရုံစိုက်နိုင်ပြီး မင်းရဲ့ကအားလည်းတိုးလာမယ်၊ မင်းလွယ်လွယ်နဲ့ အားလျော့တော့မှာမဟုတ်ဘူး"

"ငါနားလည်ပါတယ်" ရှီမာယူယူမြေပေါ်သို့ထိုင်လိုက်ကာ ဖျော့တော့သော မျက်နှာဖြင့်ပြောလိုက်သည်။

မိုရှား နတ်ဆိုးညွှတ်လက်ကောက်အတွင်းဝင်သွားသည်နှင့် ရှီမာယူယူဆေးထုတ်ကာစားလိုက်သည်။ သူမ ခန္ဓာကိုယ်မှ စွမ်းအင်များ ပြန်ပြည့်သွားကာ ထပြီး ဆေးဖိုဘေးလာကာ ဆေးများကိုသိမ်းလိုက်သည်။

ဆေးများသည် ကျောက်စိမ်းပုလင်းအတွင်းတစ်လုံးပြီးတစ်လုံးဝင်သွားကာ သူမသည် နောက်ဆုံးအချိန်တွင် ကြက်သေသေသွားခဲ့သည်။ သူမသည် လက်ဖဝါးအတွင်းသို့သွန်ချကာ သူမမှားတွက်မိမည်စိုးသဖြင့် ထပ်ရေတွက်လိုက်သည်။

"မိုရှား ဆေးက တစ်ခါထွက်ရင် အများဆုံးဆယ်လုံးပဲထွက်မယ်လို့ပြောခဲ့တာလား၊ ဒီတစ်ခါ ဘယ်လိုလုပ်ဆယ့်တစ်လုံးထွက်နေတာလဲ"

မိုရှား၏ ပျင်းရိသောအသံသည် နတ်ဆိုးညွှတ်လက်ကောက်အတွင်းမှထွက်လာသည်။ သူပြောသည်မှာ "ငါ့ ခန္ဓာကိုယ်နဲ့တုန်းက တစ်သုတ်ဆို အနည်းဆုံးဆယ်လုံးထုတ်နိုင်တယ်၊ အခုငါ ဝိဉာဉ်ပုံစံနဲ့ဆိုတော့ ဆယ်လုံးတောင်မနည်း ထုတ်နေရတယ်"

"သြော်" ရှီမာယူယူ ဆေးများကိုထုတ်ကာ ပျော်ရွှင်စွာကြည့်လိုက်သည် "ပြီးခဲ့တဲ့တစ်ခေါက်ကဖော်ထားတာနဲ့ပေါင်းရင် ဆယ့်နှစ်လုံး၊ ဒီတစ်ခါတော့ ငါဆေးရှစ်လုံးပဲလိုတယ်၊ အခုငါ့မှာ အပိုသုံးလုံးရှိတယ်၊ ငါဝိဉာဉ်ရှိအားပြန်ပြည့်တာနဲ့ အဘိုးနဲ့တခြားသူတွေ စောစောစားလို့ရအောင်သွားပေးလိုက်မယ်"

သူမသည် ဆန့်ကျင်ရေးဆေးတစ်ရာကို သူမမှော်ဝင်လက်စွပ်အတွင်းထည့်ကာ ခြေထောက်ချိတ်ပြီး ကြမ်းပြင်တွင်ထိုင်လိုက်သည်။ သူမသည် ပတ်ဝန်းကျင်မှ ဝိဉာဉ်ရှိများကို စတင်စုပ်ယူတော့သည်။

ထိုအချိန်တွင် လူတစ်စုသည် ဆိုဗီယာတောင်တန်းကိုဖြတ်ကာ ဒုံချန်းနိုင်ငံကိုဝင်လာကာ မြို့တော်သို့ တည့်တည့်ဦးတည်လာလေသည်။ ရှီမာလိုင်သာ ထိုနေရာတွင်ရှိလျှင် ထိုနေ့က သူ့အား ဒဏ်ရာရအောင်လုပ်ခဲ့သည့်သူကို သေချာပေါက်မှတ်မိလိမ့်မည်....

အခန်း(၂)

အပိုင်း(၁၂၈)-အန္တရာယ်ရှိသော ပိုင်နက်ကျူးကျော်ခြင်း

"အစ်ကို၂ အဲဒီအမှိုက်ရှီမာမျိုးနွယ်ကနေ နှင်ထုတ်ခံလိုက်ရတာသေချာလား" စကားပြေ၍ ရုပ်ဆိုးသော ရှီမာခိုင်က မေးလိုက်သည်။

ရှီမာခိုင်သည် သူ့လက်မောင်းအားထိကာ သူ့မျက်လုံးများသည် ရီဝေနေခဲ့သည်။ ထိုနေရာသည် အရင်က ရှီမာလိုင် အနာတရဖြစ်အောင်လုပ်ခဲ့သည့်နေရာဖြစ်သည်။

"ငါတို့နှစ်တစ်ရာကျော် မတွေ့တာကြာပေမယ့် မှားစရာအကြောင်းမရှိဘူး" ရှီမာခိုင်ပြောလိုက်သည် "ငါတို့မျိုးနွယ်ရဲ့ ဒေါသမီးမှုတ်က ငါ့ကို ဒဏ်ရာရစေတာသေချာတယ်"

သူတို့နှင့် အတူပါရှိလာသော ရှီမာလင်းသည် မျက်မှောင်ကြုတ်လိုက်ကာ ပြောလိုက်သည် "အစ်ကို၃က ဝိဉာဉ် ဒုတိယအမြင့်ဆုံးအဆင့်တောင်ရောက်နေပြီ ဒါကို ရှီမာလိုင်က မင်းကိုဒဏ်ရာရအောင်လုပ်နိုင်တယ်ဆိုတော့ သူ့အားက မင်းထက်သာနေတာလား"

"သူသာ ဒေါသမီးမှုတ်နည်းကို တိတ်တဆိတ်မသင်ခဲ့ရင် ဘယ်လိုလုပ်ရှီမာလိုင်က ငါ့ကိုဒဏ်ရာရအောင်လုပ်နိုင်မှာလဲ" ရှီမာခိုင်ပြောလိုက်သည်။

"ဟုတ်တယ်၊ ငါတို့မျိုးနွယ်ကနေ နှင်ထုတ်ခံရတဲ့သူက ငါတို့ဒေါသမီးမှုတ်နည်းကို သင်စရာအကြောင်းမရှိဘူး၊ ရှီမာလိုင်သာ သင်ရဲသင်ကြည့်၊ သူနဲ့တွေ့လို့ကတော့ အမှိုက်အဖြစ်ပြန်ပြောင်းပေးလိုက်မယ်" ရှီမာခိုင်သည် ပြောကာ သွားကြိတ်လိုက်သည်။

သူတောင် ဒေါသမီးမှုတ်နည်းကို ကျွမ်းကျင်အောင်မသင်ရသေးတာ၊ ရှီမာလိုင်က သင်ပြီးတော့ ရှီမာခိုင်ကို ဒဏ်ရာရအောင်လုပ်ခဲ့သည်။ သူသည် အဓိကကို ချုပ်ကိုင်ပြီးဖြစ်နေပြီ။ သူထိုအကြောင်းအားစဉ်းစားမိသောအခါ အံကြိတ်ထားသော သွားများသည် ပြင်းထန်လာပြီး ပိုနာကျင်သွားလေသည်။

"သူဘာပဲသုံးသုံး ဒဏ်ရာရတာက ရတာပဲ" ရှီမာခိုင်ပြောလိုက်သည် "ဒါပေမယ့် သူနဲ့နောက်ထပ်တွေ့ဖို့မလိုတော့ပါဘူး၊ သူကငါ့ဝိဉာဉ်ကောင်းလေးကြောင့် ဒဏ်ရာရသွားတာပဲ၊ သူနစ်ရက်တောင်ခံမှာမဟုတ်ဘူး၊ ငါတို့အဲဒီကလေးလေးတွေကိုပဲ သွားတွေ့ရုံပဲ"

သတ်လတ်ပိုင်းအရွယ်အမျိုးသမီးတစ်ယောက်သည် ပင့်သက်ရှိုက်ကာ ပြောလိုက်သည် "အဲနှစ်ကဖြစ်ခဲ့တာတွေ ပေါ် သွားတာတော့မဟုတ်လောက်ပါဘူးနော်၊ ဘယ်လိုပဲဖြစ်ဖြစ် ဦးလေး၄က အပြစ်ကနေလွတ်မြောက်ဖို့ကြိုးစားပေမယ့် နောက်ဆုံးတော့ဖိအားပေးခံခဲ့ရတာပဲ၊ ကိုယ်တိုင်မတွေ့ရရင်တော့ သေချာမသိနိုင်ဘူးလေ"

"ညီမလေး ၇၊ အဲဒါဘာပြောတာလဲ" ရှီမာရှင်းသည် ရှီမာလိုင်အားကာကွယ်ပြောပေးသည်ကို ရှီမာခိုင်ကြားသော် သူ့မျက်နှာသည် မည်းနက်သွားကာ အပြစ်တင်လိုက်သည်။

"မြင်တဲ့ဟာကိုပြောတာပဲလေ" ရှီမာရှင်းသည် အညှံ့မခံပဲ ရှီမာခိုင်အားကြည့်ပြီးပြောလိုက်သည်။

"တော်ကြတော့၊ ရန်မဖြစ်ကြနဲ့၊ ဒီတစ်ခေါက်လုပ်ရမယ့်တာဝန်ကိုမမေ့ကြနဲ့" ရှီမာလင်းပြောလိုက်သည် "ညီလေး ၃ ဒီနေရာမှာ ရွှေမြွေအသီးရှိတာသေချာလား"

"အစ်ကိုကြီး၊ အဲတုန်းက ကျွန်တော်လည်း အရမ်းစိတ်လှုပ်ရှားခဲ့တာပဲ၊ အဲအချိန်တုန်းက ကျွန်တော်ဒီပြည်နှင်ပေးခံရတဲ့မြေကို လမ်းလျှောက်ထွက်လာတာပဲ ရွှေမြွေအသီးအမှည့်ကို တွေ့ခဲ့မယ်လို့ထင်တောင်ထင်မထားဘူး၊ ကျွန်တော်ရောက်သွားတော့ ခြေတစ်လှမ်းနောက်ကျသွားတာ နမြောစရာပဲ၊ ရွှေမြွေအသီးကမရှိတော့ဘူး၊ ဒါပေမယ့် အဲဒါရွှေမြွေအသီးဆိုတာသေချာတယ်" ရှီမာခိုင်သည် အခိုင်အမာပြောလိုက်သည်။

"ဦးကြီး၊ ရွှေမြွေအသီးနဲ့ဆိုရင် သမီးတို့အဘိုးနဲ့တခြားသူတွေနဲ့ ပြန်အားပြည့်လာနိုင်လား" ရှီမာယူလန်မေးလိုက်သည်။

ထိုလူတစ်စုလုံးတွင် သူမသည် အငယ်ဆုံးဖြစ်သည်။ သူမတွင် ထူးခြားသော ပင်ကိုယ်အရည်အချင်းရှိ၍သာ ရှီမာလင်းနှင့် တခြားသူများသည် သူမအား အန္တရာယ်ကြီးမားသော ဆိုဗီယာတောင်တန်းသို့ခေါ် လာခြင်းဖြစ်သည်။

"အဲလိုလည်းမဟုတ်ဘူး" ရှီမာလင်းပြောလိုက်သည် "အဂ္ဂိရတ်ဆရာပြောတာတော့ အဲရွှေမြွေအသီးနဲ့ဆိုရင် အဘိုးနဲ့တခြားသူတွေ ပြန်နိုးလာနိုင်ချေရှိတယ်လို့ပြောတာ"

"အဖေနဲ့တခြားသူတွေက နစ်အများကြီးပေးဆပ်လာတာ၊ ရွှေမြွေအသီးကသာ သူတို့ကို ကုသပေးနိုင်ရင် ငါတို့ ဆိုဗီယာတောင်တန်းကို ဖြတ်တဲ့ စွန့်စားတာက ဘာမှမဟုတ်သေးဘူး" ရှီမာရှင်းသက်ပြင်းချလိုက်သည်။

"ဒီခရီးအတွက် ငါတို့ရတဲ့အချိန်ကတိုတယ်၊ ငါတို့ရွှေမြွေအသီးကိုမြန်မြန်ရှာပြီး ဦးလေး၄နဲ့ တစ်မျိုးနွယ်လုံးအတွက် ယူသွားပေးရမယ်" ရှီမာလင်းပြောလိုက်သည်။

"ရွှေမြွေအသီးက ဒီနယ်မြေမှာရှိလားဆိုတာ မသေချာဘူးလေ" ရှီမာခိုင်ပြောလိုက်သည် "ဒီပြည်နှင်ဒဏ် နယ်မြေက မကြီးပေမယ့် မသေးဘူး၊ ငါတို့ရှာဖို့ဘယ်လောက်ကြာမလဲမသိသေးဘူး"

"အဲလိုမဖြစ်ဘူး" ရှီမာခိုင်ပြောလိုက်သည် "ရွှေမြွေအသီးရှိတဲ့နေရာမှာ လူတွေပွက်လောရိုက်သွားသေးတယ်၊ ယူသွားတဲ့သူကလည်း လျှို့ဝှက်ထားနိုင်မှာမဟုတ်ဘူး၊ အဲအချိန်ကျရင် ငါတို့မြို့တော်ကိုသွားပြီး နည်းနည်း စုံစမ်းလိုက်ရင် သိရမှာပါ"

"မြို့တော်ကိုဝင်ဖို့ ဘယ်လောက်ကြာဦးမလဲ" ရှီမာရှင်းပြောလိုက်သည်။

"နေ့တစ်ဝက်..."

ညရောက်သောအခါ လူတစ်စုသည် မြို့တော်ဂိတ်ဝသို့ ရောက်လာခဲ့ကြသည်။ ညမှောင်နေပြီဖြစ်၍ အားလုံးသည် အနားယူရန် တည်းခိုဆောင်ကို ရှာကြလေသည်။

နောက်တစ်နေ့မနက်ရောက်သောအခါ ရှီမာခိုင်သည် ပိုင်ရှင်အား အခန်းခပေးရန်ရွှေဒင်္ဂါးများကို ထုတ်လိုက်လေသည်။ သူသည် တည်းခိုဆောင်ပိုင်ရှင်ရှေ့ချလိုက်ကာ ပြောလိုက်သည် "တည်းခိုဆောင်ပိုင်ရှင်၊ ရှီမာလီလို့ခေါ်တဲ့ လူကိုသိလား"

"ဒီမြို့တော်မှာ ရှီမာလိုင်ကို မသိတဲ့သူရှိမလား" တည်းခိုဆောင်ပိုင်ရှင်သည် ပျော်ရွှင်စွာပြုံးကာ ရွှေဒင်္ဂါးများကို သိမ်းလိုက်သည်။ သူပြောသည်မှာ "အဲလူက ကျွန်တော်တို့ ဒုံချန်းနိုင်ငံရဲ့ စစ်သူကြီးပဲ၊ အပြင်ကကိစ္စတွေကို ဂရုမစိုက်နိုင်လောက်အောင် ခင်ဗျားတို့တောင်မှာပဲ ကျင့်ကြံနေကြတာတော့မဟုတ်ပါဘူးနော်"

"စစ်သူကြီးဟုတ်လား၊ ဒါဆို သူဘယ်မှာနေတာလဲ"

ထိုလူများသည် သူတို့တစ်ဘဝလုံးကို ကျင့်ကြံခြင်းတွင်သာ နစ်မြှုတ်ထားသည်ဟု တည်းခိုဆောင်ပိုင်ရှင်ယုံကြည်လိုက်သည်။ သူတို့သည် ရှီမာလိုင်အား ဘာလို့ရှာသည်ကိုတော့ မသိပါ၊ သို့သော် ရွှေဒင်္ဂါးများမျက်နှာဖြင့် သူပြောသည် "ရှီမာအိမ်တော်က အင်ပါယာမြို့တော်မှာရှိတယ်၊ ဒီနဲ့တော့ နည်းနည်းဝေးတယ်၊ ဧည့်သည်တို့ သူတို့ကို ဘာလို့ရှာတာလဲ သိခွင့်ရှိမလား"

ရှီမာခိုင်သည် တည်းခိုဆောင်ပိုင်ရှင်အား စိုက်ကြည့်လိုက်ရာ ထပ်မမေးတော့ပေ။

"ဒါဆို ရွှေမြွေအသီးကိုဘယ်သူယူသွားလဲဆိုတာ မင်းသိလား"

"ရွှေမြွေသီးဟုတ်လား၊ အဲဒါနဲ့ပတ်သတ်ပြီးကျွန်တော်မသိဘူး" တည်းခိုဆောင်ပိုင်ရှင်ပြောလိုက်သည်။

သူပြောသည်ကို ကြားပြီးနောက် ရှီမာလီနှင့် တခြားသူများ၏ မျက်နှာများသည် မှောင်မိုက်သွားတော့သည်။

သူတို့စိတ်ညစ်သွားသည်ကို တည်းခိုဆောင်ပိုင်ရှင်မြင်သော် ချက်ချင်းပင်ရှင်းပြသည် "ဧည့်သည်တို့ ကျွန်တော်တကယ်မသိတာပါ၊ ကျွန်တော်တင်မဟုတ်ဘူး၊ တခြားသူတွေကိုမေးလည်း ခင်ဗျားတို့သိရမှာမဟုတ်ဘူး"

"ဘာလို့လဲ၊ အဲတုန်းက ရွှေမြွေအသီးရဖို့ လူတွေအများကြီးစောင့်နေကြတာ၊ ရွှေမြွေအသီးရသွားတာ ဘယ်သူလဲဆိုတာကို သိတဲ့သူမရှိဘူးဆိုတာ ဘယ်လိုလုပ်ဖြစ်နိုင်မှာလဲ" ရှီမာခိုင်ပြောလိုက်သည်။

"ဧည့်သည်တို့ မရှင်းသေးဘူးထင်တယ်၊ ဒါပေမယ့် ကျွန်တော်လည်း သူများတွေဆီကကြားတာပါ လူတွေနဲ့ မိစ္ဆာတွေအများကြီးရွှေမြွေအသီးကိုယူဖို့ စောင့်နေကြပေမယ့်၊ နောက်ဆုံးတော့ မသိတဲ့လူတစ်ယောက်က ခိုးသွားတယ်ဆိုပဲ" တည်းခိုဆောင်ပိုင်ရှင်သည် ပြောလိုက်သည်။

"မသိတဲ့လူတစ်ယောက်ဟုတ်လား"

"ဟုတ်တယ်" တည်းခိုဆောင်ပိုင်ရှင်သည် ပြောလိုက်သည် "အဲတုန်းက ပူလွှောင်တောင်တန်းမှာ သွေးလွှမ်းတဲ့ တိုက်ပွဲတွေဖြစ်ခဲ့တယ်၊ စစ်မြေပြင်ကတော့ လုံးဝ ဝရုန်းသုန်းကားပဲ၊ အဲမှာ အင်အားမကြီးတဲ့သူမရှိဘူးလို့ ကျွန်တော်ကြားတာပဲ၊ စစ်သူကြီးရှီမာတောင်သွားသေးတယ်၊ သူက ကျွန်တော်တို့ဒုံချန်းနိုင်ငံက အင်အားကြီးတဲ့သူထဲမှာ ပါတယ်၊ ဒါပေမယ့် သူလည်း ရွှေမြွေအသီးကိုမရခဲ့ဘူး"

"သူက အင်အားအကြီးဆုံးလူလို့မင်းပြောတာမလား၊ ဘယ်လိုလုပ်သူအဲဒါကိုမရတာလဲ၊ အဲဒါကို ဝိဉာဉ်မိစ္ဆာခိုးသွားတာလား" ရှီမာရှင်းမေးလိုက်သည်။

"မဟုတ်ဘူး၊ စစ်သူကြီးရှီမာက အနံ့ဖွယ်မိစ္ဆာနဲ့တိုက်ခိုက်နေတုန်း ဖောက်ထွက်မရတဲ့အချိန်မှာပဲ လူတစ်ယောက်က မမြင်ရတဲ့နေရာကနေ ပြေးလာပြီး ရွှေမြွေအသီးပင်ကို အမြစ်ကနေနှုတ်သွားတာပဲ" တည်းခိုဆောင်ပိုင်ရှင်ပြောလိုက်သည် "အဲလူရဲ့တစ်ကိုယ်လုံးက ဝတ်ရုံခြုံထားပြီး အဲလူရဲ့စွမ်းအားက စစ်သူကြီးထက်မြင့်တယ်လို့ပြောကြတာပဲ၊ အမြင့်ဆုံးအဆင့်ရောက်တဲ့လူလို့တောင်ပြောကြတယ်၊ အဲနတ်ဆိုးအိုတွေဘယ်တောင်က လာလဲတော့ ကျွန်တော်တို့လည်းမသိဘူး"

ရှီမာလင်းနှင့် ရှီမာရှင်းတို့အကြည့်ချင်းဖလှယ်လိုက်ကြသည်။ ရှုပ်ထွေးနေသော မျက်လုံးများသည် ကြည်လင်လာကြသည်။ ဒုံချန်းလိုနိုင်ငံမျိုးမှာ အဆင့်မြင့်ဝိဉာဉ် ရှိနေတာလား။

"ဒါဆို ငါတို့ဘက်က လူများဖြစ်နေမလား၊ ရွှေမြွေအသီးက ဒုံချန်းနိုင်ငံမှာ မရှိတော့တာလား" ရှီမာခိုင်ပြောလိုက်သည်။

ရှီမာလင်းနှင့်တခြားသူများသည် ရှီမာယူလန်အားကြည့်လိုက်ရာ သူမခေါင်းခါပြလိုက်သည်။ သူမသေချာစွာပင် "မဟုတ်ဘူး သမီးခံစားလို့ရတယ်၊ အဲရွှေမြွေအသီးက ဒီမှာရှိသေးတယ်၊ ဒုံချန်းနိုင်ငံမှာပဲ"

"အခု ဘယ်သူ့လက်ထဲမှာ မရှိတာလဲဆိုတာမသိတာ၊ ရှာရင်ပြဿနာတော့နည်းနည်းရှိလိမ့်မယ်" ရှီမာရှင်းသည် စိုးရိမ်စွာပြောလိုက်သည် "ငါတို့ငါးရက်အတွင်းရှာနိုင်ပါ့မလား"

ရှီမာလင်းနှင့် တခြားသူများလည်း ထိုအကြောင်းအားစဉ်းစားနေကြသည်။ အစပိုင်းတွင် လွယ်ကူသည့် တာဝန်ဖြစ်လိမ့်မည်ဟု ထင်ထားသည်၊ သို့သော် ထိုလူ၏ သရုပ်မှန်ကို မသိရသဖြင့် ခက်ခဲသော တာဝန်ဖြစ်လာသည်။

"ယူလန် မင်းက အဖိုးတန်ပစ္စည်းတွေနဲ့ပတ်သတ်ရင် သိလွယ်တယ်၊ အဲဒါဘယ်နေရာမှာလဲဆိုတာ ခံစားလို့ရလား" ရှီမာလင်းမေးလိုက်သည်။

ရှီမာယူလန် မျက်စိမှိတ်လိုက်ကာ ကြိုးစားကြည့်ကာ ပြောလိုက်သည် "မရဘူး၊ ယေဘုယျဦးတည်ချက်ကိုပဲ ခံစားလို့ရတယ်၊ ဟိုဘက်မှာပဲ"

ရှီမာယူလန် နေရာတစ်ခုအား ညွှန်ပြရာ တည်းခိုဆောင်ပိုင်ရှင်ပြောလိုက်သည် "အဲဒါ အင်ပါယာမြို့တော်သွားတဲ့ဘက်ပဲ"

ရှီမာလင်း တည်းခိုဆောင်ပိုင်ရှင်အားကြည့်ကာ ပြောလိုက်သည် "ဒါဆို ကျွန်တော်တို့ အင်ပါယာမြို့တော်ကိုသွားပြီး ရှီမာမျိုးနွယ်က ကျန်တဲ့သူတွေကိုသွားရှာလိုက်ပါမယ်"

ထိုအချိန်တွင် အိမ်တံခါးအပြင်သို့ထွက်လာသော ရှီမာလိုင်သည် ထူးဆန်းသောခံစားချက်ရလိုက်သဖြင့် ဆိုဖီယာတောင်တန်းဘက်သို့ ကြည့်လိုက်လေသည်။

အခန်း(၃)

အပိုင်း(၁၂၉)-အဲလိုလုပ်ရမယ့်အချိန်မဟုတ်ဘူး

တစ်နေ့လုံးအပြင်တွင် အလုပ်ရှုပ်ခဲ့ပြီး ညမှသာ ရှီမာလိုင်အိမ်ပြန်လာခဲ့ရာ သူ့စိတ်တွင် စိုးရိမ်မှုများ ခံစားလာရသည်။

"အိမ်တော်ထိန်း သခင်လေးတွေဘယ်မှာလဲ"

အိမ်တော်ထိန်းသည် အပြင်မှနေကာ ပြောလိုက်သည် "စစ်သူကြီး၊ အကြီးဆုံးသခင်လေးနဲ့ ဒုတိယမြောက်သခင်လေးက လင်းချန်းနိုင်ငံကို ကင်းလှည့်သွားပါတယ်၊ သုံးယောက်မြောက်သခင်လေးကတော့ အိမ်မှာပါ၊ လေးယောက်မြောက်နဲ့ ငါးယောက်မြောက်သခင်လေးကတော့ ကျောင်းမှာပါ"

"သူတို့အားလုံးပြန်လာဖို့ခေါ်လိုက်" ရှီမာလိုင်ပြောလိုက်သည်။

အိမ်တော်ထိန်းသည် ရှုပ်ထွေးသွားကာ ရှီမာလိုင်အားကြည့်လိုက်သည်။ ဒီနေ့ ပုံမှန်မဟုတ်တဲ့ တစ်ခုခုများဖြစ်လို့လား၊ ဘာလို့ရုတ်တရက်ကြီး သူတို့အားလုံးကို လာဖို့ပြန်ခေါ်လိုက်တာလဲ။

"စစ်သူကြီး၊ အခုသွားခေါ်ရမှာလား"

"အင်း အခုသွား၊ အကြီးဆုံးသခင်လေးနဲ့ ဒုတိယမြောက်သခင်လေးကို ညတွင်းချင်းပြန်လာခိုင်းလိုက်" ရှီမာလိုင်ပြောလိုက်သည်။

ရှီမာလိုင် အလောကြီးနေသည်ကို ကြည့်ကာ အိမ်တော်ထိန်းသည် တစ်ခုခုဖြစ်နေပြီဆိုသည်ကို သိလိုက်သည်။ သူပြောလိုက်သည် "ဒီအစေခံအိုကြီးအခုသွားလိုက်ပါမယ်"

အိမ်တော်ထိန်းထွက်သွားသည်နှင့် ရှီမာလိုင်အိမ်တွင်ထိုင်သော်လည်း အထိတ်တလန့်ဖြစ်နေခဲ့သည်။ သူတစ်အိမ်လုံးကို လှည့်ပတ်နေခဲ့သည်။

အိမ်တော်ထိန်းပြန်လာကာ ပြောလိုက်သည် "စစ်သူကြီး၊ အကြီးဆုံးသခင်လေးနဲ့ ဒုတိယမြောက်သခင်လေးကို ခေါ် ဖို့လူလွှတ်ပြီးပါပြီ၊ သူတို့မနက်ဖြန်မနက်ကို ရောက်ပါလိမ့်မယ်၊ လေးယောက်မြောက်သခင်လေးကတော့ ပြန်လာပါပြီ၊ ငါးယောက်မြောက်သခင်လေးကတော့ တံခါးပိတ်ကျင့်ကြံနေတော့ သူ့ကို မမြင်မိပါဘူး"

"မင်း ယူယူကိုမမြင်ခဲ့ဖူးလား" ရှီမာလိုင်မေးလိုက်သည်။

"ဟုတ်ကဲ့ ကျွန်တော်တို့သွားတော့ သခင်လေးကျူက ငါးယောက်မြောက်သခင်လေးက မှာထားပါတယ်တဲ့သူ လူသူမရှိတဲ့နေရာကိုသွားမှာမို့လို့ သူ့ကို မနှောင့်ယှက်ပါနဲ့ဆိုပြီးပြောထားတယ်တဲ့ သူကျင့်စဉ်မှာ အတိမ်းစောင်းမခံနိုင်တဲ့အဆင့်ရောက်နေလို့ ကျွန်တော်ထင်တယ်" အိမ်တော်ထိန်းပြန်ပြောလိုက်သည် "ဒါပေမယ့် သူသွားတာ နစ်ရက်ရှိပြီဆိုတော့ ဒီအချိန်လောက်ဆို ပြန်ရောက်လောက်ပါပြီ"

"အင်း... မနက်ဖြန်မနက်ကို ထပ်သွားပြီးကြည့်ရမယ်၊ ငါးယောက်မြောက်သခင်လေးပြန်ရောက်ရင် ချက်ချင်းပြန်လာဖို့ခေါ်ရမယ်" ရှီမာလိုင်ပြောလိုက်သည်။

"ဟုတ်ကဲ့ပါ စစ်သူကြီး" အိမ်တော်ထိန်းသည် အမိန့်အားလက်ခံပြီးထွက်သွားတော့သည်။

နောက်နေ့မနက်တွင် ရှီမာယူယူမှလွဲ၍ ရှီမာယူမင်၊ ရှီမာယူရှို၊ ရှီမာယူရန်နှင့် ရှီမာယူလီတို့သည် ရောက်ရှိလာကြသည်။

"အဘိုး ၊ကျွန်တော်တို့ကို ချက်ချင်းပြန်လာဖို့ဘာလို့ခေါ်တာလဲ" ရှီမာယူမင်ပြောလိုက်သည်။

"ဟုတ်တယ်၊ ဘာတွေအဲလောက်အလောကြီးရတာလဲ၊ ကျွန်တော်တို့ ဆိုင်ကစာရင်းတွေမကိုက်လို့လား" ရှီမာယူရှို့ပြောလိုက်သည်။

"ကျွန်တော်လည်း ဒီနေ့အတန်းရှိတယ်" ရှီမာယူလီပြောလိုက်သည်။

"မင်းတို့အားလုံး အင်ပါယာမြို့တော်ကနေ ချက်ချင်းထွက်သွားရမယ်၊ မင်းတို့တစ်နှစ်အတွင်း ပြန်မလာကြနဲ့" ရှီမာလိုင်ပြောလိုက်သည်။

"ဘာကြီး"

"ဘာလို့လဲ"

"အဘိုး"

"ထွက်သွားရမယ်ဟုတ်လား"

ရှီမာလိုင်ပြောလိုက်သည်ကို လေးယောက်သား ကြက်သေသေသွားကြသည်။ ဘေးတွင် ရပ်နေသော အိမ်တော်ထိန်းပင်လျှင် ရှီမာလိုင်အား တုန်လှုပ်စွာကြည့်နေခဲ့သည်။

"အင်း... မင်းတို့အထုပ်တွေပြင်ပြီး ခဏနေထွက်သွားတော့၊ မင်းတို့တစ်နှစ်အတွင်းပြန်လာလို့မဖြစ်ဘူး" ရှီမာလိုင်ပြောလိုက်သည်။

"အဘိုး၊ ဘာတွေဖြစ်နေတာလဲ၊ ကျွန်တော်တို့ကို ဘာလို့သွားစေချင်တာလဲ" ရှီမာယူရန်မေးလိုက်သည်။

"မင်းငါပြောတာကို လိုက်နာရမယ်" ရှီမာလိုင်သည် တည်ငြိမ်စွာပြောလေသည်။

"အဘိုး ကျွန်တော်တို့ကိုရှင်းမပြရင် ကျွန်တော်တို့မသွားနိုင်ဘူး" ရှီမာယူလီပြောလိုက်သည်။

"မင်းတို့အားလုံး အဘိုးကို ဒေါသထွက်စရာမလိုဘူး" ရှီမာလိုင်ဟောက်လိုက်သည်။

"အဘိုး ကျွန်တော်တို့ကို ရှင်းမပြရင် ကျွန်တော်တို့ထွက်သွားရင်တောင် စိတ်ဖြောင့်မှာမဟုတ်ဘူး" ရှီမာယူရန်ပြောလိုက်သည်။

"ဟူး…" ရှီမာလိုင်သက်ပြင်းချပြီး ပြောလိုက်သည် "မင်းတို့ကတော့လေ…. ကောင်းပြီ မင်းတို့ကို အကြောင်းပြချက်ကိုပြောပြမယ်….”

ရှီမာလိုင်သည် သူတို့မျိုးနွယ်၏ အကြောင်းကိုပြောပြ၍ သူ၏ စိတ်ထင့်နေမှုကိုလည်းပြောပြလိုက်သည်။

"အဘိုး ကျွန်တော်တို့မျိုးနွယ်ကလူတွေက ဒီကိုရောက်နေလောက်တယ်လို့ အဘိုးပြောတာလား" ရှီမာယူမင်သည် မျက်မှောင်ကြုတ်လိုက်သည်။ ထိုကဲ့သို့ သမိုင်းကြောင်းရှိခဲ့လိမ့်မည်ကို သူမထင်ခဲ့ပေ။

"မနေ့က ငါခံစားရတာ တကယ်လေးနက်တယ်၊ သူတို့မကြာခင်ပဲရောက်လာတော့မယ်လို့ ငါခံစားရတယ်" ရှီမာလိုင်ပြောလိုက်သည် "သူတို့တွေက ရှီမာမျိုးနွယ်ရဲ့ မျက်နှာဖုံးတွေပဲ မင်းတို့အားလုံး သေချာပေါက်ထွက်သွားရမယ်၊ တစ်ခုခုဖြစ်လာရင် အဲဒါကပဲထွက်ပေါက်ဖြစ်မှာပဲ"

"အဘိုး ညီလေးရှကိုဘယ်လိုလုပ်မလဲ" ရှီမာယူရန်မေးလိုက်သည်။

"ကျောင်းမှာပဲရှိသေးတယ်၊ တံခါးပိတ်ကျင့်ကြံနေတယ်၊ သူထွက်လာတာနဲ့ ခေါ်ဖို့လူလွှတ်ထားတယ်၊ သူလည်း ချက်ချင်းထွက်သွားရမှာပဲ" ရှီမာလိုင်ပြောလိုက်သည် "တော်ပြီ အချိန်ဖြုန်းလို့မဖြစ်ဘူး၊ မင်းတို့ချက်ချင်းထွက်သွားရမယ်"

"ဒါပေမယ့် အဘိုး အဲလူတွေတကယ်ရောက်လာရင် အဘိုးကို အိမ်မှာတစ်ယောက်ထဲထားခဲ့ရတာ ကျွန်တော်တို့ ဘယ်လိုလုပ် စိတ်ဖြောင့်မလဲ…." ရှီမာယူလီသည် ထွက်မသွားချင်ပဲ နေခဲ့ကာ ရှီမာလိုင်အားစောင့်ရှောက်နေချင်ခဲ့သည်။

"မဖြစ်နိုင်ဘူး" ရှီမာလိုင် ရုတ်တရက်အော်လိုက်သည် "အဲလူတွေတကယ်ရောက်လာခဲ့ရင် မင်းလက်ရှိစွမ်းအားနဲ့ သူတို့ရဲ့ ပြိုင်ဘက်ဖြစ်မယ်ထင်လား၊ အကြည့်တစ်ချက်နဲ့တင် မင်းမလှုပ်ရှားနိုင်ဖြစ်သွားမယ်၊ မင်းဘယ်လိုလုပ် သူတို့ကို ရင်ဆိုင်မလဲ၊ မင်းအသက်နဲ့လား"

"ဒါပေမယ့် သူတို့လာမယ်ဆိုတာ မသေချာ…." ရှီမာယူလီသည် ခေါင်းငုံ့ကာ အသံတိုးတိုးဖြင့်ပြောလေသည်။

"အဘိုး ကျွန်တော်တို့နဲ့ ဘာလို့မလိုက်ခဲ့တာလဲ" ရှီမာယူရန်မေးလိုက်သည်။

"ငါက နိုင်ငံရဲ့ စစ်သူကြီးပဲ၊ မင်းတို့အားလုံးနဲ့ ဘယ်လိုလုပ်လိုက်ရမလဲ" ရှီမာလိုင်ခေါင်းခါလိုက်သည် "ဘာပဲဖြစ်ဖြစ် ပြန်မလာရဘူးဆိုတာ မင်းတို့အားလုံးမှတ်ထားပါ၊ အရေးအကြီးဆုံးက မင်းတို့အသက်ပဲ နားလည်လား"

"ကျွန်တော်တို့နားလည်ပါတယ် အဘိုး"

"တော်ပြီ မင်းတို့အတွက်ပစ္စည်းတွေကို ပြင်ပေးထားတယ်၊ တစ်ယောက်ချင်းစီ မှော်ဝင်လက်စွပ်ယူပြီးသွားတော့" ရှီမာလိုင်ပြောပြီးသည်နှင့် မှော်ဝင်လက်စွပ်လေးကွင်းအားထုတ်လိုက်သည်။

သူတို့လေးယောက်သည် ရှေ့ထွက်ကာ မှော်ဝင်လက်စွပ်အားယူပြီး သွေးများကို ထည့်လိုက်လေသည်။

ရှီမာလိုင် သူတို့လေးယောက်အားခေါ်က အပြင်ထွက်သည်နှင့် ရုတ်တရပ် စွမ်းအားအလုံးလိုက်အားခံစားမိကာ ချက်ချင်းပင် ကောင်းကင်ကိုမော့ကြည့်ပြီးပြောလိုက်သည်။

"သူတို့လာနေပြီ"

ရှီမာလိုင်ပြောပြီးသည်နှင့် စွမ်းအားပေါက်ကွဲမှုသည် မြို့တော်အပြင်မှ လွင့်ပျံလာသည်။

"မြန်မြန်ပြေးတော့" ရှီမာလိုင်သည် ဘေးတွင်ရှိသော ရှီမာယူမင်အားအလောတကြီးတွန်းလိုက်သည်။

"ဟားဟား မင်းပြေးချင်တာလား၊ နောက်ကျသွားပြီ" ပြင်းထန်သောအသံကြားရချိန်တွင် အင်ပါယာမြို့တော် တစ်မြို့လုံးသည် ကြက်သေသေသွားကြသည်။

ရှီမာလိုင်သည် စစ်သူကြီးအိမ်တော်အပေါ်တွင် ပျံတက်သွားကာ လူတစ်စုသည် သူ့အား ကြည့်နေခဲ့ကြသည်။ သူတို့မျက်နှာအမူအရာသည် တည်ကြည်လေးနက်မှုရှိမနေခဲ့ပေ။

သန်မာသော ကျွမ်းကျင်သူတို့ရောက်ရှိနေခြင်းကိုခံစားမိ၍ မြို့တော်မှ လူများသည် အပြင်သို့ထွက်ကာ ကြည့်ကြလေသည်။

"ရှတ်"

"ရှတ်"

ပုံရိပ်နှစ်ခုသည် လျင်မြန်စွာပင် လေထဲတွင် ရောက်လာကြသည်။ ထိုသူတို့မှာ ကျောင်းအုပ်ကြီးနှင့် အင်ပါယာနန်းတော်မှ ကိုယ်ရံတော်တို့ဖြစ်ကြသည်။

ရှီမာလိုင်အားမြင်သည်နှင့် ကျောင်းအုပ်ကြီးသည် ပျံကာမေးလိုက်သည် "ဘာဖြစ်တာလဲ၊ ဝိဉာဉ်အုပ်ချုပ်သူသုံးယောက်နဲ့ သူတော်စင်ဝိဉာဉ်တွေရဲ့ ရောင်ဝါတွေပဲ... အဲလာတဲ့သူတွေက ဘယ်သူတွေလဲ"

ရှီမာလိုင် ကျောင်းအုပ်ကြီးအားကြည့်ကာပြောလိုက်သည် "ဒါက ငါတို့ရှီမာမျိုးနွယ်နဲ့ပတ်သတ်တဲ့ ပြဿနာပဲ မင်းနဲ့ လူအိုကြီး ဟွောင်တို့ဝင်မပါကြနဲ့"

ထို လူကြီးဟွောင်သည် ပုံမှန်ဆိုဝင်မပါတတ်ပါ၊ ရှီမာလိုင်ပြောသည်ကို ကြားသည်နှင့် ဝေးဝေးတွင်မတ်တပ်ရပ်လိုက်သည်။

"လိုင်..."

ရှီမာလိုင် လက်စွပ်ကို ထုတ်ကာပြောလိုက်သည် "ဒီဟာကို ယူယူကိုပေးပေး၊ သူမထွက်လာလို့ဖြစ်ဘူး၊ မင်းပြန်တော့"

ကျောင်းအုပ်ကြီးသည် လက်စွပ်အားယူကာ ဘေးသို့ပျံလိုက်သည် သို့သော် သူထွက်မသွားပေ။ သူအဝေးတွင် မတ်တပ်ရပ်ကာ စောင့်ကြည့်နေလိုက်သည်။

ရှီမာလင်းသည် ရှီမာခိုင်နှင့်တခြားသူများနှင့်အတူ အင်ပါယာမြို့တော်သို့လျင်မြန်စွာရောက်လာကြကာ လေတွင်ပျံတက်လိုက်ကြသည်။ ရှီမာလိုင်အားမြင်သည်နှင့် ရှီမာခိုင်သည် အံ့ဩသွားကာ ပါးစပ်အဟောင်းသားဖြင့် ပြောလိုက်သည် "မင်းတကယ်မသေဘူးကိုး"

ရှီမာလင်း၊ ရှီမာခိုင်နှင့် ရှီမာရှင်းတို့သုံးယောက်သည် သူတော်စင်ဝိဉာဉ်များဖြစ်ကြသည်။ သူခေါင်းငုံ့ကာ အိမ်ထဲတွင်ရှိသော ရှီမာယူမင်နှင့် တခြားသုံးယောက်ကို ကြည့်လိုက်သည်။ သူဆုံးဖြတ်ချက်လျင်မြန်စွာချလိုက်သည်။

"ရှီမာလိုင် အဲအချိန်တုန်းက မင်းအပြစ်ပေးတာကို ရှောင်ပြီးလွတ်သွားခဲ့တယ်၊ မျိုးနွယ်က အားထုတ်ပေးမယ့် မင်းကို ဖမ်းမမိခဲ့ဘူး၊ ဒီလိုနေရာမျိုးမှာ လာပုန်းနေလိမ့်မယ်လို့ငါမထင်ထားဘူး" ရှီမာခစ်သည် ရှီမာလိုင်အား နှစ်မြို့ဖွယ်မကောင်းသော မျက်လုံးများဖြင့်ကြည့်လိုက်သည်။

သူတို့မလာခင်တွင် သူရှီမာခိုင်နှင့် တိုင်ပင်ပြီးသားဖြစ်သည်။ ဘယ်လိုပင်ဖြစ်ပါစေ သူ့အား အလွတ်မပေးပဲ မျိုးနွယ်ဆီသို့ အသက်ရှင်လျက်မပြန်ဟု... ဖြစ်နိုင်လျှင် သူတို့အားလုံးအားနေရာတွင် အမျိုးဖြုတ်ခဲ့မည်။

ရှီမာခိုင်သည် လူသတ်ချင်စိတ်ပြင်းပြသော မျက်လုံးများဖြင့် ရှီမာလိုင်အားကြည့်လိုက်သည်။ သူသည် ခြေခြောက်ချောင်းကြွက်နတ်ဆိုးရဲ့ အကိုက်ခံရတာတောင်မှ အသက်ရှင်နိုင်တာ၊ သူ့ရဲ့ အားကို အသိအမှတ်ပြုရမှာပေါ့။ သူထိုအကြောင်းအား ထုတ်ဖော်ခွင့်မပြုနိုင်ပါ၊ ဒါမှမဟုတ်ရင်.....

အခန်း(၄)

အပိုင်း(၁၃၈)-အပြစ်ပေးခြင်း

"အစ်ကိုကြီးလိုင်" ရှီမာလိုင်အားမြင်သည်နှင့် ငယ်ငယ်ကခေါ်ခဲ့သည့် အတိုင်း ရှီမာရှင်းခေါ်လိုက်သည်။

ထိုနှုတ်ဆက်မှုသည် အရင်အချိန်ကို ပြန်သတိရသွားစေကာ ရှီမာလိုင် ရှီမာရှင်းအားကြည့်ကာ မေးလိုက်သည် "မင်းက ရှင်းလေးလား"

"အစ်ကိုကြီးလိုင်က ရှင်းလေးကို မှတ်မိသေးတာပဲ" ရှီမာရှင်းသည် ပြိုင်ဘက်မရှိသော တင့်တယ်မှုဖြင့်အနည်းငယ်ပြုံးလိုက်သည်။

ရှီမာလိုင်သည် သူမအား အနည်းငယ်ပြုံးပြကာ ရှီမာလင်းဘက်လှည့်ကြည့်ပြီးပြောလိုက်သည် "ဒါက ရှီမာလင်းဖြစ်မယ်"

သူတို့ငယ်စဉ်က ရှီမာရှင်း၏ တိုင်ပင်ဖော်တိုင်ပင်ဖက်မှာ ရှီမာလင်းသာဖြစ်သည်။

ရှီမာလင်းသည် ရှီမာလိုင်အားကြည့်လိုက်သည်။ ဒီလိုစုတ်ပြတ်နေသည့်နေရာတွင် ရှီမာလိုင်သည် သူ့ကျင့်စဉ်အား ထိုအဆင့်ထိရောက်အောင် ကျင့်ကြံနိုင်လိမ့်မည်ဟုထင်မထားပေ။ သူသာ မျိုးနွယ်ကို ပြန်လာပါက သူ့လက်ရှိ စွမ်းအားသည် သူ့ထက်နည်းမည်မဟုတ်ပေ။

"ရှီမာလိုင် တခြားသူတွေရော" ရှီမာလိုင်ငုံ့ကြည့်လိုက်ရာ သူတို့မျိုးဆက်ဖြစ်သော ရှီမာယူမင်နှင့် တခြားယောက်ျားငယ်သုံးယောက်နှင့်အတူ ကိုယ်ရံတော်ကိုသာတွေ့ရသည်။ သူ တခြားသူများကိုမမြင်မိပေ။

"တခြားသူတွေဟုတ်လား" ရှီမာလိုင်အေးစက်စွာ ရယ်မောလိုက်သည် "အဲလူတွေက မင်းကိုလာပြီး သတင်းမပို့ကြဘူးလား၊ ငါကလွဲလို့ ကျန်တဲ့သူတွေအကုန်သေကြပြီ"

"အကုန်သေကုန်ပြီဟုတ်လား၊ ဒါဆို အစ်မဥက္ကနဲ့ တခြားသူတွေ...." သူလိမ်သည် ဟုတ်မဟုတ်ကို သိချင်၍ ရှီမာရှင်းသည် ရှီမာလိုင်အားကြည့်လိုက်သည်။ သူယုံကြည်ချက်မဲ့နေသည်ကို မမြင်လိုက်ရသည်မှာ သနားစရာကောင်းသည် သူ့မျက်လုံးတွင် မုန်းတီးမှုများသာ ပြည့်နှက်နေခဲ့သည်။

"သူတို့သေသွားတာ နှစ်တစ်ရာနီးပါးရှိပြီ" ရှီမာလိုင်အေးစက်စွာပြောလိုက်သည်။

ထိုသတင်းကြားသော် ရှီမာလင်းသည် အလွန်တုန်လှုပ်သွားသော်လည်း ဟန်မပျက်ပြန်ထိန်းလိုက်သည်။

"ရှီမာလိုင် မင်းကအခုထိ တစ်ယောက်ထဲအသက်ရှင်ပြီး သားတွေ သမီးတွေမွေးပြီး အခုတော့ နောက်မျိုးဆက်တွေတောင်ရှိနေပြီ မင်းတကယ် အံ့သြစရာကောင်းတာပဲ" ရှီမာခစ်သည် မနှစ်မြို့ဖွယ်အမူအရာဖြင့်ပြောသည်။

"ရှီမာခစ် မင်းလား၊ မင်းလို ကလိမ်ကကျစ်ကောင်က အခုထိ အသက်ရှင်နေသေးတာကမှ အံ့သြစရာကောင်းတာ" ရှီမာလိုင်ဝေ့ါကာ ပြန်ပြောလိုက်သည်။

"မင်း..." ရှီမာလိုင်ပြန်ပြောမည်ကို ရှီမာခစ်ထင်မထားပါ။ သူပြောလိုက်သည် "မင်းလို စည်းကမ်းကို ဖောက်ဖျက်ပြီး လွတ်မြောက်သွားတဲ့ အပြစ်သားအနေနဲ့ ငါတို့နဲ့ အခုတိတ်တိတ်ဆိတ်ဆိတ် ပြန်မလိုက်လာရင် ငါတို့သည်းမခံပဲ တိုက်ခိုက်တာကို အပြစ်မတင်နဲ့"

"မင်းတို့အားလုံးနဲ့ ပြန်လိုက်ရမယ်ဟုတ်လား၊ ဖြစ်နိုင်မယ်လို့ မင်းထင်လား၊ ရှီမာလိုင် သူတို့အားကြည့်လိုက်သည်။ သူ့မျက်နှာတွင် ကြောက်စိတ်တစ်စိုးတစ်စိမျှရှိမနေပဲ ပြတ်သားမှုသာရှိနေခဲ့သည်။

"မင်းတို့အားလုံးထွက်သွားတော့ အဲနှစ်ကဖြစ်တဲ့ကိစ္စတွေက ဖြေရှင်းလို့မရခဲ့ဘူး၊ မင်းငါတို့နဲ့အတူပြန်လိုက်ရမယ် ရှီမာလင်းသည် မေးခွန်းမဟုတ်သည့် အမိန့်ကိုထုတ်ပြောလိုက်သည်။

"ဟားဟား၊ အဲနှစ်ကငါတို့သာ ထွက်မပြေးရင် ငါအခုဆိုသေနေလောက်ပြီ၊ အခုမျိုးနွယ်ရဲ့ အခြေအနေကို မသိရတာ၊ ငါတို့ပြန်လိုက်ရင် သေချာပေါက်သေမှာပဲ၊ ငါဘာလို့ပြန်လိုက်ရမှာလဲ ပြောပါဦး"

"အစ်ကိုကြီးလိုင် နောက်မှအဖေပြန်လာတော့ ပြောပြခဲ့တာ ဒေါ်သမီးမှုတ်နည်းကို အစ်ကို့ရဲ့အဖေက အဘိုးလေးခုကို သတ်ပြီးယူခဲ့တာလား ဒါမှမဟုတ် အဘိုးလေးခုက အသတ်မခံရခင် သူ့ကိုအမွေပေးခဲ့တာလားမရှင်းဘူးဖြစ်နေတယ်၊ အစ်ကိုတို့မတရားစွပ်စွဲခံရတာဖြစ်နိုင်တယ်၊ အဲလိုဆိုရင် အစ်ကို ကိုယ်တိုင်တရားမျှတတာကို မရှင်းချင်ဘူးလား"

ရှီမာလိုင်၏ မျက်လုံးများသည် တွန့်ဆုတ်သွားကာ ရှီမာခိုင်နှင့် ရှီမာခစ်ကို ကြည့်လိုက်သည်။ ရှီမာခစ် ချက်ချင်းအော်လိုက်သည် "မင်းငါတို့နဲ့ တိတ်တိတ်ဆိတ်ဆိတ်မလိုက်ချင်ဘူးဆိုရင် ငါတို့မင်းကို ဖွတ်ဖမ်းခေါ်သွားရမှာပဲ၊ ဒါယူ....."

ရှီမာခစ်သည် ပြောပြောဆိုဆိုနှင့် ရှီမာလိုင်အားတိုက်ခိုက်လိုက်သည်။ ထိုအလျင်ကြောင့် ရှီမာရှင်းနှင့် တခြားသူများ သူ့အား တားရန်အခွင့်အရေးမရလိုက်ပေ။

ရှီမာခစ်၏ တိုက်ခိုက်မှုကို ရှီမာလိုင်မြင်သော် တွန့်ဆုပ်နေသည်မှ ဒေါသအဖြစ်ပြောင်းသွားလေသည်။ သူလက်နှစ်ဖက်ဖြင့် ဝိဉာဉ်ရှိအားစုစည်းကာ ရှီမာခစ်ဆီသို့ပစ်လိုက်သည်။

နှစ်ယောက်လုံးဆီမှ လာသော ဝိဉာဉ်စွမ်းအင်သည် အလယ်တွင်ဆုံတွေ့ကာ ပေါက်ကွဲမှုဖြစ်ပေါ်သွားလေသည်။ သူတို့နှစ်ယောက်သည်လည်း အချင်းချင်းတိုက်မကာ ပြန်ကန်ထွက်လာလေသည်။

"အဘိုး"

"အဘိုး"

"စစ်သူကြီး"

ရှီမာလိုင် တခြားတစ်ယောက်နှင့် တိုက်လိုက်နေသည်ကို မြင်သည်နှင့် ရှီမာယူမင်နှင့် တခြားသူများသည် တုန်လှုပ်စွာပင် အော်လိုက်ကြသည်။

"ဟိတ်လူတွေ လာကြ ငါတို့စစ်သူကြီးကို အတူသွားကာကွယ်ကြမယ်" နှစ်ဖက်လုံးစတင်တိုက်ခိုက်နေသည်ကို အိမ်တော်ထိန်းမြင်သော် ခေါ်လိုက်သည်နှင့်
ဝိဉာဉ်ကေရာဇ်အဆင့်ရှိသောလူတစ်ယောက်သည် လေတွင်ပျံဝဲလာကာ ရှီမာလိုင်ရှေ့တွင် ရပ်လိုက်သည်။

"ညီလေး၅"

ရှီမာခိုင်သည် ရှီမာခစ်အား ခေါ်ကာ ရှီမာလင်းနှင့်တခြားသူများရှိရာသို့ ပြန်ခေါ်သွားချင်သည်။

"ဦးကြီး ၅ အဆင်ပြေရဲ့လား" ရှီမာယူလန်သည် ပျံလာကာ ရှီမာခစ်အားစိုးရိမ်စွာကြည့်ကာမေးလိုက်သည်။

လေထဲတွင် ပျံနေသော သူများသည် ရှီမာယူယူနှင့် တခြားသူများနှင့် မျိုးနွယ်တူများဖြစ်၍ သူတို့သည် အားလုံး ဝိဉာဉ်ကေရာဇ်များဖြစ်ကြသည်။

"ယူလန် ဦးကြီး ၅ကိုခေါ်သွား" ရှီမာခိုင်သည် ရှီမာခစ်အား ရှီမာယူလန်နှင့်အတူ ထည့်ပေးကာ ရှီမာလိုင်ရှေ့သို့ ပျံသွားလိုက်သည်။ သူသည် ခေါင်းမှ ခြေဖျားအထိ ခံ့ညားသော ရောင်ဝါအားထုတ်လွှတ်ကာ ပြောလိုက်သည် "ခေါင်းမာလိုက်တဲ့အရူး၊ မင်းက ခစ်ရဲ့ အသက်ကို သတ်ဖို့ကြိုးစားတယ်၊ မင်းက မလိုမုန်းထားတဲ့ ရက်စက်တဲ့သူပဲ၊ ငါမင်းကို ဒီနေ့သေချာပေါက်အဆုံးသတ်ပေးမယ်"

သူသည် သူတော်စင်အဆင့် ဝိဉာဉ်စွမ်းအားကို ထုတ်လွှတ်ရာ လူအားလုံးသည် တစ်ယောက်ချင်းစီ ထွက်ပြေးကြလေသည်။ ဝိဉာဉ်သူတော်စင်နှင့် တိုက်ပွဲဖြစ်ပါက အကျိုးသက်ရောက်မှုမှာကြီးမားသည်။ ထိုစွမ်းအားမှာ အလွန်သန်မာ၍ မြန်မြန်လွတ်အောင်ပြေးထားမှ တော်ကာကျမည်။

ပွဲကြီးပွဲကောင်းကြည့် ရသည်ထက် သူတို့အသက်သည် ပိုအရေးကြီးသည်။

ရှီမာခိုင်အား ရှီမာလိုင်ကြည့်ကာ သူ့လက်နက်ကိုထုတ်လိုက်သည် "ပြီးခဲ့တဲ့တစ်ခေါက်က ငါ့ကိုကလိမ်ကျစ်လုပ်သွားတော့ ဒီနေ့တော့ ငါမင်းကို လက်စားချေဖို့အခွင့်အရေးရပြီ၊ အိမ်တော်ထိန်း မင်းတို့အားလုံး နောက်ဆုတ်ကြ"

"စစ်သူကြီး"

"မင်းတို့အားလုံး သခင်လေးတွေကိုပဲ သွားကာကွယ်ကြ ဒါအမိန့်ပဲ"

ရှီမာလိုင်အမိန့်ပေးသည်နှင့် အိမ်တော်ထိန်းသည် လူများခေါ်ကာ နောက်ဆုတ်သွားကြသည်။

သူတို့သည် ရှီမာခိုင်၏လေမှုတ်ခြင်းတစ်ချက်ကိုသာ ကာကွယ်နိုင်မည်ကို သိသည်။ သို့သော် သူတို့သည် ရှီမာလိုင်နှင့် သူတို့အသက်ကိုကာကွယ်ချင်ကြသေးသည်။ ထို့အပြင် သခင်လေးများသည် ပို၍ ကာကွယ်မှုကို လိုကြသည်။

"အဘိုး၊ အဲလူက အရင်တစ်ခါက အဘိုးကိုထိခိုက်အောင်လုပ်တဲ့သူမလား၊ မင်းတို့အားလုံးသတိထားကြ...အာ" ရှီမာလိုင်သသည် ထိုလူကြောင့် ဒဏ်ရာရခဲ့သည်ကို ရှီမာယူလီတွေးကာ နတ်ဆိုးသတ္တဝါတွယ်ကပ်ခြင်းကို ပြန်သတိပေးလိုက်သည်။ သို့သော် သူစကားမဆုံးခင်မှာပင် ရှီမာခိုင်မှ ထုတ်လွှတ်သော ရောင်ဝါ၏ ပိတ်ပင်ခြင်းကိုခံလိုက်ရသည်။

"နားညည်းလိုက်တာ" ရှီမာခိုင်သည် နောက်လှည့်ပြောကာ သူ့အား သတိမေ့သွားအောင် လုပ်လိုက်လေသည်။ သူထိုသို့လုပ်နေစဉ်အတွင်းတွင် ရှီမာယူမင်နှင့် တခြားသူများကိုမြင်သော်အခါ သူတို့ကိုလည်း သတိမေ့အောင်လုပ်လိုက်လေသည်။

"သခင်လေး" သူတော်စင်အဆင့်ဝိဉာဉ်၏ စွမ်းအင်သည် တခြားသူများကို သတိမေ့သွားအောင်အထိ သန်မာလိမ့်မည်ဟု အိမ်တော်ထိန်းမထင်ခဲ့ပေ။ သူမြန်မြန်ပြေးသွားကာ အခြေအနေကို စစ်ဆေးလိုက်သည်။ သူတို့သည် သတိမေ့ရုံမျှမေ့ကာ အသက်ရှူနေသေးသည်ကို သိလိုက်သည်နှင့် ကိုယ်ရံတော်များကို ခေါ် ကာ သူတို့အားကာကွယ်ခိုင်းလိုက်သည်။

"လာခဲ့....."

ရှီမာခိုင် သူ့မြေးများကို သတိမေ့အောင်လုပ်လိုက်သည်ကို ရှီမာလိုင်တွေ့သောအခါ တိုက်ခိုက်ရန် ပျံသန်းလာသည်....

ဝိဉာဉ်ပုလဲအတွင်းတွင် ရှီမာယူယူသည် အနားယူကာ တစ်နေ့လုံးအားပြန်ဖြည့်နေလေသည်။ သူမ ဝိဉာဉ်ရှိသည် အားပြန်ပြည့်နေပြီဖြစ်သည်။ သို့သော် ဘာကြောင့်လဲမသိပါ သူမအဆင်မချောသလိုခံစားရသည်။

အမှားလုပ်မိမည်စိုး၍ ဆက်လက်ကျင့်ကြံရန်အတွေးကို စွန့်လွှတ်လိုက်သည်။ သူမ ဝိဉာဉ်ပုလဲအတွင်းမှထွက်ကာ ဖက်တီးကျူးနှင့် တခြားသူများကို ဆန့်ကျင်ရေးတစ်ရာဆေးကို ပေးရန်စီစဉ်လိုက်သည်။

သူမ အခန်းမှထွက်ကာလာ ကျောက်စမ်းပုလင်းများထုတ်ကာ တစ်ခုချင်းစီတွင် နှစ်လုံးထည့်လိုက်သည်။ ထိုအချိန်တွင် သူမသည် တစ်ယောက်ကို တစ်ပုလင်းစီခွဲဝေပေးနိုင်မည်ဖြစ်သည်။

သူမ ဆေးများခွဲပြီးသော် အလောတကြီးဖြစ်သော တံခါးခေါက်သံထွက်လာသည်။

"ယူယူ ယူယူ တစ်ခုခုဖြစ်နေပြီ၊ မင်း ထွက်လာပြီလား"

စိုးရိမ်မှုအပြည့်နှင့် ဖက်တီးကျူး၏အသံကြားသည်နှင့် သူမလက်ဝေ့ကာ ဆေးများကို သိမ်းပြီး တံခါးကို ဖွင့်လိုက်သည်။

"ဖက်တီး ဘာတွေအရေးကြီးနေတာလဲ"

"ယူယူ စစ်သူကြီးအိမ်တော်မှာတစ်ခုခုဖြစ်နေပြီ၊ မင်းအဘိုးက တခြားသူတွေနဲ့တိုက်နေကြတယ်" ဖက်တီးကျူး အလောတကြီးပြောသည်။

"ဝုန်း"

သူ့ဖြေရှင်းချက်အား သက်သေပြသလိုပင်... အဝေးမှကျယ်လောင်သော အသံထွက်လာသည်။ ထိုစွမ်းအားသည် မြို့တော်တစ်ဝက်ကိုပင် ရှင်းလင်းပစ်နိုင်လောက်သည်။

"ဘာတွေဖြစ်နေတာလဲ၊ အဘိုးက နာလန်မျိုးနွယ်ကလူကြီးတွေနဲ့ တိုက်ခိုက်နေတာလား" ရှီမာယူယူမေးလိုက်သည်။

"မဟုတ်ဘူး ငါလည်း အဲလူတွေကိုမသိဘူး၊ ဒါပေမယ့် သူတို့ကို ငါအဝေးကကြည့်တော့ သူတို့က ဝိဉာဉ်သူတော်စင်၊ ဝိဉာဉ်အုပ်ချုပ်သူနဲ့ ဝိဉာဉ်ဧကရာဇ်တို့သုံးယောက်လို့ ပြောသံကြားတယ်၊ သူတို့ဘယ်ကလာလဲ ငါလည်းမသိဘူး.... ဟိတ် ယူယူ ငါ့ကိုစောင့်ဦး"

ဖက်တီးကျူးစကားမဆုံးခင်မှာပင် ရှီမာယူယူသည် ချက်ချင်းပင် တံခါးမှကြီးမှပြေးထွက်သွားတော့သည်။

အခန်း(၅)

အပိုင်း(၁၃၁)-သူက တည်ဆောက်မှုသခင်...

ရှီမာယူယူ ကျောင်းမှ တဟုန်ထိုးပြေးထွက်ခဲ့ရာ စစ်သူကြီးအိမ်တော်မှ ကိုယ်ရံတော်များသည် သူမအားစောင့်နေသည်ကို တွေ့လိုက်ရသည်။

"ငါးယောက်မြောက်သခင်လေး၊ စစ်သူကြီးက သခင်လေးကိုမြို့တော်ကနေ ထွက်သွားခိုင်းထားပါတယ်၊ ဒီပစ္စည်းက သခင်လေးအတွက်...."

ကိုယ်ရံတော်လက်ထဲမှ မှော်ဝင်လက်စွပ်အားရှီမာယူယူမြင်သော် ချက်ချင်းယူလိုက်ကာ စစ်သူကြီးအိမ်တော်သို့ လှည့်ပြီးတဟုန်ထိုးပြေးတော့သည်။

"သခင်လေး...ဟူး" ရှီမာယူယူ စစ်သူကြီးအိမ်တော်သို့ တဟုန်ထိုးပြေးသွားသည်ကို ကိုယ်ရံတော်တွေ့သည်နှင့် သူ့မနောက်မှ လျင်မြန်စွာလိုက်ခဲ့ရတော့သည်။

ဝေကျိုရှို၊ ဘောဂုံထန်နှင့် ဂူရန်ဖေတို့ အပြင်မှကြားသော ရှီမာယူယူနှင့် ဖက်တီးကျူတို့အားတွေ့ရန် မြန်မြန်အမှီလိုက်ကြလေသည်။

ဖက်တီးကျူသည် သူ့မနောက်မှလိုက်ရာ ကျောင်းအပြင်ဘက်သို့ရောက်သောအခါ ရှီမာယူယူ၏ အရိပ်အယောင်ကို မမြင်ရတော့ပေ။

"ဖက်တီး ဘာဖြစ်တာလဲ" ဝေကျိုရှိုနှင့် တခြားသူများသည် ဖက်တီးကျူအား ပြန်မေးတော့သည်။

"စစ်သူကြီးအိမ်တော်မှာ တစ်ခုခုဖြစ်နေတယ်" ဖက်တီးကျူသည် သူ့ပေါင်တံအားရိုက်ကာ အော်လိုက်သည်။

"ဘာဖြစ်တာလဲ" ဘောဂုံထန်မေးလိုက်သည်။

"ဝုန်း"

ကြမ်းတမ်းသော ရိုက်ခတ်မှုသည် မြေပြင်တစ်ခုလုံးကို လှုပ်ခါသွားတော့သည်။

"ဒါက... ဒါက သူတော်စင်ဝိဉာဉ်ရဲ့ တိုက်ခိုက်မှုအားပဲ" ဂူရန်ဖေသည် တိုက်ပွဲဖြစ်ရာဘက်သို့ တုန်လှုပ်စွာကြည့်လိုက်သည်။

ဖက်တီးကျူသည် စိုးရိမ်စွာပြောလိုက်သည် "အဲဒီ သူတော်စင်ဝိဉာဉ်သုံးယောက်က ဘယ်ကလာတာလဲ ငါမသိဘူး၊ ဒါပေမယ့် စစ်သူကြီးအိမ်တော်ကို ပြဿနာလာရှာတဲ့ သူတွေထဲမှာ ဝိဉာဉ်အုပ်ချုပ်သူနဲ့ ဝိဉာဉ်ဧကရာဇ်လည်းပါသေးတယ်၊ အခု သူတို့ထဲကတစ်ယောက်နဲ့ စစ်သူကြီးနဲ့ တိုက်နေကြတယ်"

"ဘာ၊ အဲယူယူက ဒီလိုပြေးသွားလိုက်ရင် အန္တရာယ်မများဘူးလား" ဝေကျိုရှိုသည် စိုးရိမ်စွာပြောလိုက်သည်။

"ဟုတ်တယ်၊ ငါလည်း သူ့နောက်လိုက်လာတာ ငါ့မျက်စိရှေ့တင်ပဲ ပျောက်သွားတယ်" ဖက်တီးကျူပြောလိုက်သည်။

"သွားကြည့်ရအောင်" ဘောဂုံထန်သည် ပြောရင်းနှင့်ပင် ကျောင်းပေါက်ဝသို့ပြေးသွားလိုက်သည်။

ကျောင်းပေါက်ဝသည် ပိတ်ထားပြီး သင်ကြားမှုညွှန်ကြားရေးမှူးသည် အမြင့်မှရပ်ကာ အောက်မှကျောင်းသားများကို ပြောလိုက်သည် "အပြင်မှ အန္တရာယ်များတယ်၊ ကျောင်းတံခါးကို

ပိတ်ထားပြီး ကျောင်းကို ကာကွယ်ပေးမယ့် တည်ဆောက်မှုကို လုပ်ထားတယ်၊ ဘယ်ကျောင်းသားမှ အပြင်ကို မထွက်ရဘူး၊ တည်ဆောက်မှုအသက်ဝင်စေ...”

သူပြောပြီးသည်နှင့် အပြာရောင်အလင်းတန်းသည် ဖြေးည င်းစွာပင် ကျောင်းတစ်ခုလုံးကို ဖုံးလွှမ်းလိုက်သည်။ အပြင်သို့တစ်ယောက်မှမထွက်ရသလို အပြင်မှလည်း တစ်ယောက်မှဝင်လို့မရပေ။

“ငါတို့အခု ဘာလုပ်ကြမလဲ၊ ယူယူက အပြင်မှာရှိနေတာ” ဖက်တီးကျူသည် စိုးရိမ်စွာပြောလိုက်သည်။

“တည်ဆောက်မှုက လှုပ်ရှားနေပြီဆိုတော့ မပိတ်မချင်းငါတို့အပြင်ထွက်လို့ရမှာမဟုတ်ဘူး အပြင်မှဖြစ်လည်း စောင့်နေရုံအပြင်မတတ်နိုင်တော့ဘူး” ဝေကျိုရှီပြောလိုက်သည်။

ဘေဂုံထန်သည် လေထဲတွင် တိုက်ခိုက်နေသော လူများအားကြည့်ကာ ရေရွတ်လိုက်သည် “မင်းဘာမှမဖြစ်ပါစေနဲ့...”

လေထဲတွင် ရှီမာခိုင်သည် လက်နှစ်ဖက်ကို ရင်ဘတ်ပေါ်တင်ထားနေသည်ကို ရှီမာလိုင်ကြည့်နေခဲ့သည်။ သူ့လက်များသည် ချိပ်ဖြစ်လာပြီး မီးတောက်အရည်အချင်းဝိဉာဉ်ရှိသည် သူ့လှုပ်ရှားမှုနောက်လိုက်လာကာ လျင်မြန်စွာပင် မီးတောက်ဓားရှည်အဖြစ်အသွင်ပြောင်းလာသည်။

“ဒေါသမီးဓားရှည်..”

မီးတောက်ဓားရှည်သည် ရှီမာခိုင်ဆီသို့ သုံးမီတာလောက် ဖြတ်ခုတ်လေသည်။

“အစ်ကိုကြီးလိုင်ရဲ့ ဒေါသမီးဓားရှည်က ဒီလောက်အဆင့်မြင့်လိမ့်မယ်လို့ ထင်တောင်မထင်ထားဘူး” ရှီမာရှင်းသည် မီးတောက်ဓားရှည်အားကြည့်ပြီးနောက် ရှီမာခိုင်အားကြည့်လိုက်သည်။ သို့သော် သူမ တုပ်တုပ်မလှုပ်ခဲ့ပေ။

ရှီမာခိုင်သည် ကျလာသော ဓားသွားရှည်ကို ကြည့်ကာ ရှီမာလိုင်၏ အရှိန်နှင့်တူညီသော အရှိန်ကိုမြင့်လိုက်သည်။

ပြီးခဲ့သည့်တစ်ခေါက်တွင် ထိုလှုပ်ရှားမှုကြောင့် သူဒဏ်ရာရခဲ့သည်။ ဒီတစ်ကြိမ်တွင် သူခြေခြောက်ချောင်းနတ်ဆိုးကြွက်ကို အသုံးပြု၍မရတော့ပေ၊ သူထပ်ပြီးဒဏ်ရာရမည့်အခြေအနေဖြစ်နေသည်။

ဒီလိုဆိုရင် ရှီမာလိုင် သူ့အားဒဏ်ရာရအောင်လုပ်ရဲရင် ရှီမာလိုင်ဒီနေ့ အသက်ရှင်လိမ့်မည်ကို တွေးမထားနဲ့တော့။

ရှီမာယူယူသည် လက်ရှိတွင် ဖရိုဖရဲဖြစ်နေသော စစ်သူကြီးအိမ်တော်သို့ပြေးသွားလိုက်သည်။ တံခါးသည် နှစ်ခြမ်းကွဲနေပြီး၊ အိမ်သည် အမှိုက်ပုံဖြစ်နေသည်။ အိမ်ရှိလူများသည် အပြင်သို့ရောက်နေကြပြီး အထဲတွင် ပိတ်မမိနေတာ တော်သေးသည်။

“အစ်ကိုကြီး” မေ့လဲနေသော ရှီမာယူမင်နှင့်တခြားသူများကို ရှီမာယူယူမြင်သည်နှင့် လျင်မြန်စွာပြေးသွားလိုက်သည်။

"ငါးယောက်မြောက်သခင်လေး ဒီမှာဘာလာလုပ်တာလဲ" အိမ်တော်ထိန်းသည် ရှီမာယူယူအားမြင်သည်နှင့် စိုးရိမ်စွာမေးလိုက်သည် "သူတို့သခင်လေးကို သတိမထားမိခင် မြန်မြန်ပြေးတော့"

"ကျွန်တော့်ဘာသာ ပြေးဖို့ဆိုတာမဖြစ်နိုင်ဘူး" ရှီမာယူယူ ရှီမာယူမင်နှင့် တခြားသူများရှေ့သို့ရပ်လိုက်သည်။ သူမသည် သူတို့၏ ခန္ဓာကိုယ်ကို စစ်ဆေးပြီး အဆင်ပြေပြီဆိုတော့မှ သက်ပြင်းချနိုင်တော့သည်။ သူမသည် ကောင်းကင်တွင် ရှိနေသော ရှီမာလိုင်အား မော့ကြည့်ကာ ပြောလိုက်သည် "လေထဲက လူကဘယ်သူလဲ"

"စစ်သူကြီးပြောတာ ပြီးခဲ့တဲ့တစ်ခေါက်က သူ့ကို ဒဏ်ရာရအောင်လုပ်ခဲ့တဲ့သူတဲ့၊ ဒါပေမယ့် အဲဒါဘယ်သူလဲဆိုတာ သူမပြောဘူး" အိမ်တော်ထိန်းပြန်ဖြေသည် "သခင်လေး၊ ထွက်ပြေးတာကောင်းမယ်"

"သူတို့ ငါ့ကို သတိထားမိသွားပြီ" ရှီမာယူယူ မတ်တပ်ရပ်ကာ ရှီမာခိုင်အားအေးစက်စွာကြည့်လိုက်သည်။

ဒီကလိမ်ကျတဲ့သူက ခြေခြောက်ချောင်းနတ်ဆိုးကြွက်ကို သုံးပြီး အဘိုးကို တိတ်တဆိတ်တိုက်ခိုက်ပြီး ဒဏ်ရာရအောင်လုပ်တဲ့သူပဲ။

ရှီမာလိုင်၏ မီးတောက်ဓားရှည်သည် လိုးဖြတ်ရာ ရှီမာခိုင်သည် ဒေါသမီးဓားသွားထုတ်ကာ ရှီမာလိုင်၏ ဓားချက်ကို တားလိုက်နိုင်သည်။

"မင်းကအရင်တည်းက ငါ့ပြိုင်ဘက်မဖြစ်နိုင်ဘူး၊ အခုလည်းအဲလိုပဲ၊ ပြီးခဲ့တဲ့တစ်ခေါက်က မင်းရဲ့ ခိုးကြောင်ခိုးဝှက်တိုက်ခိုက်ခဲ့တာကြောင့် ဒဏ်ရာရခဲ့တယ်၊ ဒါပေမယ့် ဒီတစ်ခါတော့ ငါတူတဲ့အမှားတစ်ခုကို ထပ်မလုပ်ဘူး၊ ငါသေချာပေါက်မင်းအသက်ကို ယူမယ်" ရှီမာခိုင်၏ ဓားသွားသည် သူ့ဓားသွားကို လိုးဖြတ်လိုက်သည်ကို မြင်သည်နှင့် ရှီမာလိုင်ပြောလိုက်သည်။

ရှီမာခိုင်သည် သူ့ဓားသွားတဖြည်းဖြည်း ကွဲသွားသည်ကို ကြည့်နေခဲ့သည်။ တစ်ခဏအတွင်းမှာပင် ရှီမာလိုင်၏ ဓားသွားသည် သူ့အား လိုးဖြတ်တော့သည်။

ထိုအချိန်တွင် တစ်ချိန်လုံးငြိမ်နေခဲ့သော ရှီမာလင်းသည် လှုပ်ရှားလာသည်။ အတွေးတစ်ချက်နှင့်ပင် ရှီမာလိုင်နှင့် ရှီမာခိုင်တို့၏ ဓားသွားများသည် အေးခဲသွားလေသည်။ သူတို့နှစ်ယောက် လှုပ်ရှားရန်ကြိုးစားသော်လည်း ဓားသွားများသည် သူတို့၏ အမိန့်ကို မနာခံတော့ပေ။

"နေရာချုပ်ပိတ်ခြင်း" ရှီမာလင်း၏ လှုပ်ရှားမှုကို ရှီမာယူယူမြင်သော် တုန်လှုပ်စွာအော်လိုက်သည်။

သူ၏ လှုပ်ရှားမှုကို တစ်စုံတစ်ယောက်က သတိထားမိမည်ကို ရှီမာလင်းထင်မထားခဲ့ပေ၊ သူ အောက်ကို ငုံ့ကြည့်လိုက်သည်။ သူ အပျက်အစီးများအကြားတွင် ရပ်နေသော ပုံရိပ်တစ်ခုအားမြင်လိုက်ရသည်။

"ပျံ့နံ့စေ" သူ့အသံသည် လေးတွဲ့နေသော်လည်း မိုးခြိမ်းသံကဲ့သို့ပင် ရှီမာယူယူ၏ နလုံးသားသို့ တည့်တည့်စူးရှသွားစေသည်။

မီးတောက်ဓားရှည်သည် လွတ်မြောက်သွားပြီး မီးတောက်ဝိဉာဉ်ရှို၏ ထောက်ပံ့မှုဖြင့် တဖြည်းဖြည်းကျဲသွားတော့သည်။

"ရွတ်"

"ရွတ်"

သူ၏ ဝိဉာဉ်စွမ်းရည်သည် ဖိအားဖြင့် ပုံ့နှံ့သွားကာ ရှီမာခိုင်နှင့် ရှီမာလိုင်တို့သည် ထိခိုက်သွားကြပြီး ပါးစပ်အပြည့် သွေးများပြန်အန်ထွက်တော့သည်။ သူတို့သည် ရင်ဘတ်များကို ဆုပ်ကိုင်ကာ နောက်ဆုတ်ပြီး ပြန်ကုစားရတော့သည်။

"အစ်ကိုကြီးလီ အဆင်ပြေရဲ့လား" ရှီမာလိုင် ဒဏ်ရာရသည်ကို ရှီမာရှင်းမြင်သည်နှင့် ချက်ချင်းပြေးဆင်းလာသည်။ သူမသည် သူ့ဘေးလာကာ စိုးရိမ်စွာကြည့်နေခဲ့သည်။

ရှီမာရှင်းသည် သူမလုံခြုံမှုကိုပင် ဂရုမစိုက်သည်ကို ရှီမာလိုင်မြင်ခဲ့ရသည်။ သူ ငယ်စဉ်ကလုပ်နေကျအတိုင်း သူမဆံပင်အားပုတ်ကာ ပြောလိုက်သည် "ရတယ် ရတယ်၊ ငါ့မှာ အရင်ကနဲ့တူတဲ့ ရှင်းလေးရှိတာပဲ"

ရှီမာရှင်း၏ မျက်ခမ်းများသည် နီရဲလာကာ ပြောလိုက်သည် "အစ်ကိုကြီးလိုင်၊ ထပ်ပြီးပြန်မတိုက်ပါနဲ့တော့၊ အစ်ကိုကြီးက အဆင့်မြင့်ဝိဉာဉ်အဆင့်ရောက်နေပြီ၊ သူ့ကို အစ်ကို မနိုင်နိုင်ဘူး၊ ညီမတို့နဲ့ပြန်လိုက်ခဲ့ပါ၊ အဲနှစ်က ဘာတွေဖြစ်ခဲ့လဲဆိုတာ ရှင်းအောင်လုပ်ကြမယ်လေ"

"ရှင်းလေး၊ အဲနှစ်ကဖြစ်ခဲ့တာတွေကို ငါရှင်းလို့ရမယ်ထင်လား" ရှီမာလိုင်ခါးသီးသော အပြုံးကို ပြုံးလိုက်သည် "အဲဒါဖြစ်နိုင်မယ်ဆိုရင် အဲအချိန်တုန်းက ငါတို့ပြေးစရာတောင်မလိုဘူး"

"အစ်ကိုကြီးလိုင်.." ရှီမာလိုင်၏ နာကျင်မှုကို ရှီမာရှင်းတွေ့သော် သူမအောက်နှုတ်ခမ်းကို ကိုက်လိုက်သည်။ သူမ သူ့အားဖျောင်းဖျချင်သည်၊ သို့သော် စကားမပေါက်ပေ။

"လိုင် အဲနှစ်ကဖြစ်ခဲ့တဲ့ဟာတွေက ရှင်းလို့မဖြစ်နိုင်ဘူး၊ မင်းရဲ့ ဒေါ်မီးမှုတ်တာကို ယူပြီးထွက်သွားတာလေ၊ မင်းဒီနေ့ ငါတို့နဲ့လိုက်ခဲ့ရမယ်" ရှီမာလင်းသည် ရှီမာလိုင်အားကြည့်လိုက်သည် "မျိုးနွယ်က မင်းအပြစ်ကို ဝန်ခံတယ်လို့ခံစားရရင် မင်းကိုပြည်နှင်ဒဏ်ပေးရင်တောင် မင်းကိုပြန်ခေါ်မှာပဲ"

"ရှီမာလိုင် မင်းက ဝိဉာဉ်သူတော်စင်ဖြစ်ပေမယ့် မင်းဒဏ်ရာရထားတယ်၊ မင်းငါတို့နဲ့မလိုက်ရင် ဒီနေရာမှာ မင်းကို အပြစ်ပေးတာကို အပြစ်မတင်နဲ့" ရှီမာခစ်သည် ရှီမာယူယူနှင့် တခြားသူများကို ငုံ့ကြည့်ကာ ပြောလိုက်သည်။

"အဘိုး မဖြစ်ဘူး" ရှီမာခိုင်နှင့် ရှီမာခစ်တို့၏ မျက်လုံးမှ သတ်ချင်စိတ်ပြည့်နက်နေသည်ကို ရှီမာယူယူမြင်သည်နှင့် အော်လိုက်သည် "သူတို့နဲ့ အဘိုးလိုက်သွားရင် အဘိုးသေမှာပဲ၊ အဘိုးဒီမှာနဲ့တိုက်ပြီး ဒီမှာပဲသေပါလား၊ သမီးတို့သေမယ်ဆိုရင်တောင် သမီးတို့နှစ်ယောက်တာဝန်ယူပါမယ် ဟိန်းသံလေး"

ဟိန်းသံလေးသည် ခန္ဓာကိုယ်ကြီးထွားလာပြီး ရှီမာယူယူသည် သူ့နောက်ကျောတွင် ရှီမာယူယူထိုင်လိုက်သည်။ သူတို့ ရှီမာလိုင်ဘေးလာကာ ရှီမာလင်းနှင့် တခြားသူများကို မျက်နှာချင်းဆိုင်လိုက်သည်။

အခန်း(၆)

အပိုင်း(၁၃၂)-ဟိန်းသံလေးအစွမ်းပြခြင်း

ရှီမာလင်းသည် ရှီမာယူယူအားကြည့်ပြီး သူမ၏ ဝိဉာဉ်မိစ္ဆာအားမြင်လိုက်ရသည်။ သူသည် ထိုဝိဉာဉ်မိစ္ဆာသည် ဘာလဲဆိုသည်ကို မပြောနိုင်ပေ။

"မင်းဘယ်သူလဲ" သူ၏ နေရာချိပ်ပိတ်ခြင်းကို သိနေခဲ့ကြောင်းကို တွေးကာ သူမေးလိုက်သည်။

"ရှီမာယူယူ" ရှီမာယူယူ ရှီမာလင်းအားကြည့်နေသည် "အဲအချိန်ကဘာပဲဖြစ်ခဲ့ဖြစ်ခဲ့ ကျွန်တော်တို့ကို ခင်ဗျားတို့ပြန်ခေါ်သွားလို့မရဘူး၊ နတ်ဆိုးသတ္တဝါရှိတဲ့ ခင်ဗျားတို့ရဲ့ စကားကို မယုံဘူး"

"မင်းဘာပြောလိုက်တယ်" ရှီမာလင်းသည် မျက်မှောင်ကြုတ်ကာ သူ့မျက်လုံးများတွင်ဒေါသများဖြတ်ပြေးသွားသည်။

"ကျွန်တော်ဘာပြောရမှာလဲ၊ ခင်ဗျားက အသက်ကြီးပြီး ခင်ဗျားရဲ့နားတွေကန်းသွားလို့ ကျွန်တော်ပြောတာနားမလည်တော့ဘူးလား" ရှီမာယူယူ အေးစက်စွာရယ်မောလိုက်သည် "မတူညီတဲ့လမ်းကိုသွားနေတဲ့ သူတွေက တစ်လမ်းတည်း ခရီးသွားလို့မရဘူးလို့ပြောကြတယ်၊ ခွေးအတွေပဲ အုပ်စုလိုက်သွားကြတော့တယ်၊ ခင်ဗျားတို့က နတ်ဆိုးမျိုးနွယ်က သတ္တဝါနဲ့ပေါင်းထားမှတော့ ခင်ဗျားပြောတာ ကျွန်တော်တို့ကယုံရမှာလား"

"ငါတို့က နတ်ဆိုးမျိုးနွယ်က သတ္တဝါနဲ့ပေါင်းတယ်ဆိုတာ ဘာအဓိပ္ပာယ်လဲ၊ ငါ့ရှီမာမျိုးနွယ်ကို နာမည်မဖျက်နဲ့" ရှီမာယူယူပြောသည်များကို ရှီမာယူလန်ကြားသော် ဒေါသထွက်သွားပြီး သူမပြောသမျှကို ရှုတ်ချလိုက်သည်။

"နာမည်ဖျက်တယ် ဟုတ်လား၊ ပြီးခဲ့တဲ့တစ်ခေါက်က ကျွန်တော့အဘိုးက ခင်ဗျားတို့မျိုးနွယ်က ခြေခြောက်ချောင်းနတ်ဆိုးကြွက်ကြောင့် ဒဏ်ရာရခဲ့တာကို မသိဘူးလို့တော့မပြောနဲ့" ရှီမာယူယူပြောလိုက်သည်။

"ခြေခြောက်ချောင်းကြွက်ဟုတ်လား၊ ငါတို့ရှီမာမျိုးနွယ်မှာ ဘယ်လိုလုပ် နတ်ဆိုးမျိုးနွယ်က သတ္တဝါရှိနေရတာလဲ" ရှီမာယူလန်သည် ဒေါသထွက်လွန်း၍ သူမမျက်နှာသည် နီရဲလာပြီး ရှီမာယူယူ၏ နာမည်ဖျက်မှုကို ဒေါသထွက်နေခဲ့သည်။

"ယူယူ ပြန်ဆင်း" ရှီမာလင်း၏ မျက်နှာအမူအရာသည် မည်းသထက်မည်းလာသည်ကို မြင်သည်နှင့် ရှီမာလိုင်ပြောလိုက်သည်။

"မင်းပြောသလိုဆိုရင် ခိုင်မှာ ခြေခြောက်ချောင်းနတ်ဆိုးကြွက်ရှိတယ်ပေါ့" ရှီမာလိုင်သည် ရှီမာယူယူအားကြည့်ကာ အသက်ရှူ၍မရလောက်အောင် ဖိအားပေးလိုက်သည်။

သို့သော် သူမသည် ထိုဖိအားကို မိုရှားထံမှရပြီးဖြစ်၍ တုန့်ပြန်မှုမရှိပေ။ သူမအေးစက်စွာ ရယ်လိုက်သည် "ခင်ဗျားရဲ့ ဖိအားကို သုံးချင်တယ်ဆိုရင်တောင် အသုံးဝင်မှာမဟုတ်ဘူး"

"ခိုင်လား" ရှီမာလင်းသည် ရှီမာယူယူအားကြည့်ကာ ဘေးမှ လူတစ်ယောက်အားအော်လိုက်သည်။

"အစ်ကိုကြီး ကျွန်တော်က နတ်ဆိုးမျိုးနွယ်က သတ္တဝါနဲ့ ဘယ်လိုလုပ်ပတ်သတ်မှာလဲ၊ အဲခြေခြောက်ချောင်း နတ်ဆိုးကြွက်က ဘယ်လိုပုံလဲဆိုတာတောင် ကျွန်တော်မသိဘူး" ရှီမာယူယူ တိုက်ရိုက်အချက်အလက်နှင့် ပြောလိမ့်မည်ကို ရှီမာခိုင်ထင်မထားသဖြင့် လိမ်ရတော့သည်။

"ကြားပြီလား" ရှီမာယူလန်သည် ရှီမာယူယူအားကြည့်လိုက်သည် "ငါတို့ ရှီမာမျိုးနွယ်ကရီလင်းတိုင်းပြည်မှာ မိသားစုကြီးပဲ၊ ဘယ်လိုလုပ် အဲဒီ နတ်ဆိုးသတ္တဝါနဲ့ ပတ်သတ်မှုရှိရမှာလဲ"

ရှီမာလင်းနှင့် ရှီမာရှင်းတို့ ဘာမှမပြောသော်လည်း သူတို့မျက်နာမှ အမူအရာသည် တစ်ပုံစံတည်းဖြစ်သည်။

ရှီမာယူယူ အေးစက်သော လောင်ပြုံးပြုံးကာ ဟိန်းသံလေးအားပုတ်လိုက်သည်။ ဟိန်းသံလေး ချက်ချင်းပင်နားလည်သဖြင့် ကျယ်လောင်စွာ ဟိန်းလိုက်သည်။

ဟိန်းသံလေး၏ အသံသည် ကျယ်သော်လည်း ထိုလူများအား အကျိုးသက်ရောက်မှုမဖြစ်ပေ။ ရှီမာခိုင်တစ်ယောက်သာ သူ့ခေါင်းကို ကိုင်ကာ သူ့မျက်နာသည် ညည်းဆဲမှုခံနေရသည်ကို ပြသနေသည်။

"ဦးကြီး၃ ဘာဖြစ်လို့လဲ" ရှီမာခိုင်သည် ခေါင်းကိုင်ထားသည်ကို မြင်သည်နှင့် ရှီမာယူလန်မေးလိုက်သည်။

ရှီမာယူလန်၏ အသံသည် ရှိနေသော အားလုံး၏ အာရုံကို ဆွဲဆောင်ပြီးသားဖြစ်သွားသည်။

"အစ်ကို၃၊ ဘာဖြစ်နေတာလဲ" ရှီမာခစ်မေးလိုက်သည်။

ရှီမာခိုင်အားကြည့်ကာ ရှီမာရှင်းသည် ခက်ထန်စွာမေးလိုက်သည် "ရှီမာခိုင် မင်းဘာတွေဖြစ်နေတာလဲ"

လက်တစ်ဖက်ဖြင့် ခေါင်းကို ကာပြီး ရှီမာခိုင်သည် ရှီမာယူယူအားညွှန်ပြကာ ပြောလိုက်သည် "မင်းငါ့ကို ဘာလုပ်လိုက်တာလဲ"

ရှီမာယူယူသည် ဟိန်းသံလေးခေါင်းကိုပုတ်သည်နှင့် ဟိန်းသံလေး ထပ်ဟိန်းလိုက်သည်။ ရှီမာခိုင်သည် နာကျင်မှုကိုမခံစားနိုင်တော့သဖြင့် လေတွင်ရှိမနေနိုင်တော့ပဲ ချက်ချင်းမြေပေါ်သို့ကျသွားလေသည်။

ရှီမာခိုင်ကျသွားသည်နှင့် မြေပေါ်မကျခင် ရှီမာခစ်ဖမ်းလိုက်သည်။

"ဦးကြီး၃ ကိုမင်းဘာလုပ်လိုက်တာလဲ"

ရှီမာယူလန်သည် ပြောရင်းနှင့်ပင် ရှီမာယူယူအားတိုက်ခိုက်ရန်ပြေးသွားလိုက်သော်လည်း သူမသည် ရှီမာလင်း၏ အကြည့်ဖြင့်ချုပ်နှောင်ခံလိုက်ရသည်။

ရှီမာလင်းသည် ဟိန်းသံလေးအားလှည့်ကြည့်ကာ ပြောလိုက်သည် "ဘာတွေဖြစ်နေတာလဲ"

"နောက်ထပ်လုပ်လိုက်ရင် ခင်ဗျားသိလိမ့်မယ်" ရှီမာယူယူပြောပြီးသည်နှင့် ဟိန်းသံလေး ထပ်ဟိန်းလိုက်သည်။

"အား…"

မြေပေါ်တွင် လဲနေသော ရှီမာခိုင်သည် ကျယ်လောင်စွာအော်လိုက်သည်နှင့် သူ့ခန္ဓာကိုယ်မှ ခြေခြောက်ချောင်းကြွက်ထွက်လာကာ အားလုံးကြက်သေသေသွားကြတော့သည်။

"ဒါဘာလဲ ရုပ်ဆိုးလိုက်တာ" တစ်ကိုယ်လုံးမည်းနက်နေသော ထိုအကောင်အားမြင်သည်နှင့် ရှီမာယူလန်အော်လိုက်သည်။ ထို့အပြင်ထိုအကောင်မှ အနက်ရောင်အရည်များထွက်နေသေးသည်။ ထိုကြွက်သည် ယုန်တစ်ကောင်အရွယ်အစားရှိသည်။

ထိုအကောင်သည် နတ်ဆိုးလောကမှ သတ္တဝါဖြစ်သည်ကို ရှီမာလင်းနှင့် ရှီမာရှင်းတို့သဘောပေါက်လိုက်ကြသည်။ ထိုအကောင်တွင် ခြေခြောက်ချောင်းရှိနေသည်ကို မြင်သည်နှင့် ရှီမာရှင်းအော်လိုက်သည် "ခြေခြောက်ချောင်းနတ်ဆိုးကြွက်ပဲ"

ရှီမာမျိုးနွယ်မှ လူများသည် ချက်ချင်းပင် မျက်နှာပျက်သွားကြသည်။ ရှီမာမျိုးနွယ်သည် နတ်ဆိုးလောကမှ သတ္တဝါများနှင့် ပတ်သတ်မှုမရှိဟု တရားဝင်ကြေညာထားသော်လည်း အခုတွင်မူ ရှင်းလင်းစွာမြင်နေရသည်။ ထိုအရာသည် သူတို့မျက်နှာအား အိုးမည်းသုတ်သလိုပင်။

"ခြေခြောက်ချောင်းနတ်ဆိုးကြွက်.... ဦးကြီး၃ ဘယ်လိုလုပ်ဒီအကောင်ရှိနေရတာလဲ" ရှီမာယူလန်သည် မျက်နှာတွင် မယုံကြည်နိုင်တော့ပဲ ကြက်သေသေသွားလေသည်။

"ကျွီ..."

ထိုခြေခြောက်ချောင်းကြွက်သည်လည်း ဟိန်းသံကြောင့် နာကျင်ကာ ပေါ်လာသည်နှင့် မြေပေါ်တွင်တစ်ခဏမျှ လူးလိမ့်နေသည်။

ရှီမာယူယူ၏ မျက်လုံးတွင် လူသတ်မည့်အရိပ်အယောင်များ မြင်နေရသည်။

"ရှီမာခိုင် မင်းမှာ ဒီလိုနတ်ဆိုးမွေ့စွာရှိနေရတာလဲ" ရှီမာရှင်း ဝေါက်လိုက်သည်။

"ဟုတ်တယ်၊ အစ်ကို၃ ဘယ်လိုလုပ် နတ်ဆိုးမွေ့စွာရှိနေတာလဲ" ရှီမာခစ်သည်ပင်လျှင် ရှုပ်ထွေးသွားရသည်။

"ကျွီ"

ခြေခြောက်ချောင်းနတ်ဆိုးကြွက်သည် သူ၏ နတ်ဆိုးသဘာဝအတိုင်း မလိုမုန်းထားခြင်းကို ဖော်ပြကာ အနားရှိလူများကို တံတွေးဖြင့်ထွေးနေလေသည်။

"ထွီ"

ရှီမာခိုင်ဘေးရှိ ရှီမာခစ်အားကြည့်ကာ ခြေခြောက်ချောင်းနတ်ဆိုးကြွက်သည် ခုန်ကိုက်လိုက်သည်။ သို့သော် သူမရောက်ခင်တွင် ဝိဉာဉ်စွမ်းအားဖြင့် ပစ်ပေါက်လိုက်သည်။

ခြေခြောက်ချောင်းနတ်ဆိုးကြွက်အားကြည့်ကာ ဟိန်းသံလေးသည် စိတ်မရှည်တော့ပေ။ ရှီမာယူယူ အမိန့်မစောင့်တော့ပဲ ကျယ်လောင်စွာဟိန်းလိုက်ရာ ခြေခြောက်ချောင်းကြွက်သည် လူးလိမ့်နေတော့သည်။ ခဏအကြာတွင် ထိုအကောင်သည် မြေပေါ်တွင် မလှုပ်မယှက်လဲကျသွားတော့သည်။

"ထွီ"

ခြေခြောက်ချောင်းနတ်ဆိုးကြွက်သေသွားသည်နှင့် ရှီမာခိုင်သည် အနက်ရောင်သွေးများအန်ထွက်ကျလာကာ မေ့လဲသွားတော့သည်။

ဝိဥာဉ်သူတော်စင်တစ်ယောက်သည် ထိုကဲ့သို့ရှုံးနိမ့်သွားရသည်လား။ ထိုပြောင်းလဲမှုသည် အားလုံးအား အံ့အားသင့်စေသည်။

ရှီမာလင်းမြေပြင်အားတစ်ချက်ကြည့်လိုက်သည်။ ရှီမာခိုင်အသက်ရှူနေသည်ကို မြင်သည်နှင့် လျစ်လျူရှုလိုက်ကာ သူ့အကြည့်အား မြေပေါ်တွင်ရှိသော ရှီမာယူယူအားကြည့်လိုက်သည်။

"လိုင်၊ မင်းအခုဘာပြောမလဲ"

"အစ်ကိုကြီးလိုင် ငါတို့နဲ့လိုက်ခဲ့ပါ၊ သူတို့ဘာမှမစုံစမ်းပဲမင်းကိုသတ်ပစ်ရင် ကျွန်တော်အသက်စွန့်ပြီး အစ်ကိုကြီးကို ကာကွယ်ပေးပါမယ်" ရှီမာရှင်းပြောလိုက်သည်။

"ငါ..."

"အဘိုး" ရှီမာယူယူ ရှီမာလိုင်အားကြည့်လိုက်သည်။ သူပြန်လိုက်မည်ဟု ရှီမာလိုင်ပြောလိုက်မည်ကို ရှီမာယူယူမလိုလားပါ။

ရှီမာမျိုးနွယ်မှအကြည့်များသည် သူမအား မလိုလားသည့်အကြည့်များဖြစ်သည်။ သူတို့သာပြန်လိုက်သွားပါက သူတို့အသက်များဆုံးရှုံးသွားမည်ကို သူမကြောက်သည်။

ကျောင်းအုပ်ကြီးအဝေးတွင်ရပ်နေသည်ကို ရှီမာလင်းမြင်လိုက်သည်။ သူမျက်စိထဲမှ စိုးရိမ်မှုများကို မြင်သဖြင့် ပြောလိုက်သည် "လိုင် မင်းဒီမှာရှိတာ သတို့သိသွားရင် ငါမင်းကို ပြန်လွှတ်လည်း သူတို့နောက်တစ်ရက်မှာ တခြားလူကိုပို့လိုက်ဦးမှာပဲ၊ မင်း ငါတို့နဲ့ပြန်လိုက်တာ ပိုစိတ်ချရတယ်၊ တခြားသူတွေလာရင် အဲလူတွေက သူတို့ရဲ့အသက်ကို ချမ်းသာပေးပါ့မလား ငါအာမ မခံနိုင်ဘူး"

ရှီမာလိုင်သည် မေ့လဲနေသော ရှီမာယူမင်နှင့် တခြားသူများကို ကြည့်ပြီး သူ့မျက်လုံးများသည် မျက်ရည်မကျအောင်ထိန်းချုပ်ထားရသည်။

အစပိုင်းတွင် သူ့အသက်ကိုရင်းကာ သူတို့အားလွတ်မြောက်အောင်လုပ်မည်ဟု စဉ်းစားထားသည်။ သို့သော် ရှီမာလင်း၏ စွမ်းအားသည် သူ့ထက်ပင်သာလွန်နေမည်ကိုထင်မထားပေ။ သူသည် နေရာတွင် ပိတ်မိနေလိုက်သေးသည်။ သူသာ ကိုယ့်ကိုယ်ပို စတေးလိုက်ပါက ဆုံးရှုံးမည်မှာ သူ့အသက်တစ်ခုသာဖြစ်သည်။

နှစ်ပေါင်းများစွာထွက်ပြေးပြီးနောက် သူ့မိဘများအတွက် တရားမျှတမှုကို ပြန်ရှာပေးသင့်သည်။ သူမှန်ကန်သောဆုံးဖြတ်ချက်ဟုတ် မဟုတ်ကို သူမသိပါ၊ သို့ပသော် ဒီနေရာတွင် ပုန်းနေခြင်းသည် ရှီမာယူမင်နှင့် သူ့ညီများအတွက် အတားအဆီးပင်ဖြစ်သည်။

"ထားလိုက်တော့ ငါမင်းတို့နဲ့ပြန်လိုက်ခဲ့မယ်..."

"အဘိုး...." ရှီမာယူယူ မျက်လုံးပြူးသွားကာ ရှီမာလိုင်အားကြည့်လိုက်သည်။ ထိုစကားအားပြောမည်ကို သူမ ထင်မထားပေ။

အခန်း(၇)

အပိုင်း(၁၃၃)-စိတ်စွမ်းအားပြိုင်ဆိုင်ခြင်း

ရှီမာယူယူမျက်လုံးထဲမှ အလွန်အံ့အားသင့်မှုများကို ရှီမာလိုင်မြင်သည်နှင့် သူမနားမလည်သေးကြောင်းကို သူသိသည်။ သူပြောလိုက်သည် "ယူယူ အဘိုးတို့တစ်ဘဝလုံးပြေးလို့မရဘူး၊ အဘိုးတို့ တခြားသူတွေကို ဝင်မပါခိုင်းစေချင်တဲ့ အရာတွေရှိတယ်"

ရှီမာယူယူသည် မြို့တစ်မြို့လုံးနီးပါး ပျက်စီးနေသော မြေပြင်အားကြည့်လိုက်သည်။ သူမ ရိုးသားသော မြို့သားများကို ကြည့်ကာ ရှီမာလိုင်၏ အပြုအမူကို အနည်းငယ် နားလည်သွားသည်။

"ဒါပေမယ့် အဘိုး၊ သမီးတို့သူတို့နောက်ကို လိုက်သွားရင် တရားမျှတမှုကို ရလာမှာလား" ရှီမာယူယူ ရှီမာလင်းနှင့် တခြားသူများကို သံသယဝင်စွာပြောလိုက်သည်။ ရှီမာခိုင်၏ ကိစ္စကြောင့် တစ်မျိုးနွယ်လုံးအား သူမ မယုံတော့ပေ။

"ယူယူ သမီးအစ်ကိုတွေနဲ့ အဘိုးပဲသွားမှာ သမီးမလိုက်ရဘူး" ရှီမာလိုင် ချိတုံချတုံပြောလိုက်သည်။

"အဘိုး" ရှီမာယူယူ အလွန်အံ့သြသွားရသည်။

"ရှီမာမျိုးနွယ်က လူတွေအကုန်လုံးကို ပြန်ခေါ်သွားမှာ" ရှီမာလင်းပြောလိုက်သည်။

"တကယ်တော့ အဘိုး သမီးကိုဒီအကြောင်းတွေမပြောချင်ဘူး၊ ဒါပေမယ့် မပြောလို့မဖြစ်တော့ဘူး၊ သမီးက အဘိုးတို့ ရှီမာမျိုးနွယ်ကမဟုတ်ဘူး၊ သမီးကို မွေးစားထားရုံပဲ" ရှီမာလိုင်ပြောလိုက်သည်။ "ဒါကြောင့်ပဲ ရှီမာနဲ့ ပတ်သတ်တဲ့ ကိစ္စတွေကို သမီးဝင်ပါဖို့မလိုဘူး"

"အဘိုး သမီးသိတာကြာပါပြီ၊ အဘိုးတို့က သမီးကို အခုအရွယ်ထိမွေးလာတာ အဘိုးတို့အကုန်လုံးက သမီးမိသားစုပဲ" ရှီမာယူယူ သေချာစွာပြောလိုက်သည်။

"သမီး..သမီးသိနေတာလား" ဒီတစ်ကြိမ်တွင် အံ့သြသွားသူမှာ ရှီမာလိုင်ဖြစ်သည်။

ရှီမာယူမင်နှင့် တခြားသူများက သူမကို ပြောပြလိုက်တာလား။

"ကိစ္စတွေဖြစ်လာခဲ့တော့ သမီးအရင်ကတည်းက သံသယဝင်ခဲ့တာ ပြီးတော့ သမီး ဆရာ့ကိုမေးပြီး အတည်ပြုခဲ့တာပဲ" ရှီမာယူယူမေးလိုက်သည်။

"သမီးသိနေမှတော့ ဒီကိုမလာသင့်ဘူး" ရှီမာလိုင်သည် တည်ငြိမ်စွာပြောင်းပြောလိုက်သည်။

"အဘိုး၊ အဘိုးက အရင်ကရော အခုရော နောက်ရော သမီးအဘိုးပဲ၊ သမီးက ရှီမာမျိုးနွယ်ကလူဖြစ်နေပြီ၊ အမြဲတမ်းလည်းဖြစ်သွားမှာ၊ အဲအချက်က ဘယ်တော့မှ ပြောင်းမသွားဘူး" ရှီမာလိုင်အားကြည့်ကာ ရှီမာယူယူ သူမအတွေးအားပြောပြလိုက်သည်။

ရှီမာလိုင်သည် စိတ်လှုပ်ရှားသွားကာ ရှီမာယူယူအားကြည့်လိုက်သည်။ သူမသည် သူမသရုပ်မှန်ကို သိနေလိမ့်မည်ဟု ထင်မထားပေ၊ ထိုအရာသည် သူ့အားဒေါသထွက်သည်ကို ရုပ်သိမ်းသွားစေသည်။

သို့သော် သူတို့နှင့်အတူ သူမအားခေါ်မသွားနိုင်ပေ။ အနာဂတ်သည် မသေချာလွန်းပေ။ သူ ရှီမာလင်းအားကြည့်ကာ ပြောလိုက်သည် "သူမက ရှီမာမျိုးနွယ်ကလူမဟုတ်ဘူး၊ မင်းတို့သူမကို ပြန်ခေါ်သွားလို့မရဘူး"

ရှီမာလင်းသည် ရှီမာယူယူအားကြည့်ကာ ဘာထင်မြင်ချက်မှမပေးပေ။

"ဒီလိုဖြစ်လာမှတော့ ငါတို့အရင်ဆင်းနှင့်မယ်၊ ငါတို့အောက်ရောက်မှ သူမကို ပြန်ခေါ်သွားမလား မခေါ်သွားဘူးလား ဆွေးနွေးမယ်" ရှီမာရှင်းပြောလိုက်သည်။

သူတို့အုပ်စုသည် မြေပေါ်သို့ရောက်သည်နှင့် ရှီမာလိုင်သည် ရှီမာယူမင်နှင့် တခြားသူများကို စိုးရိမ်စွာကြည့်လိုက်သည်။ သူတို့အဆင်ပြေနေသည်ကို တွေ့မှသာ အသက်ရှူနိုင်တော့သည်။

"ယူယူ အဘိုးတို့ထွက်သွားတာနဲ့ သမီးသေသေချာချာ ကျင့်ကြံရမယ်၊ အဲလမ်းကိုရောက်ဖို့ သမီးဘယ်လောက်မှ မလိုတော့ဘူးလို့အဘိုးယုံတယ်" ရှီမာလိုင်သည် ရှီမာယူယူပခုံးအားပုတ်ကာ ပြောလိုက်သည်။ နောက်တွင် သူမသည် ဟိန်းသံလေး၏ ကျောမှ ဆင်းလိုက်သည်။

"အဘိုး...."

"အဘိုးပြောစကားကို နားထောင်မှာလား နားမထောင်ဘူးလား" ရှီမာလိုင်သည် ရှီမာယူယူအားကြည့်လိုက်သည်။

"မင်းက တည်ဆောက်မှုသခင်လား" ရှီမာလင်းသည် ရုတ်တရက်မေးလိုက်သည်။

"အခုတော့မဟုတ်သေးဘူး" ရှီမာယူယူပြောလိုက်သည်။

"ဒါဆို မင်းရဲ့ စိတ်စွမ်းအင်က တကယ်သန်မာတာပဲ" ရှီမာလင်းပြောလိုက်သည်။ "ဒီလိုဖြစ်လာမှတော့ ငါမင်းကို အခွင့်အရေးပေးမယ်၊ မင်း ငါရဲ့ စိတ်တိုက်ခိုက်တာကို သုံးခါခံနိုင်ရင် မင်းငါတို့နဲ့လိုက်ခဲ့ရမယ်၊ မင်းမခံနိုင်ရင် မင်းသွားလို့မရတဲ့အပြင် သူတို့သွားတာကို မတားရဘူး"

"ကောင်းပြီ" ရှီမာယူယူချက်ချင်းသဘောတူလိုက်သည်။

"ဒါက..." ရှီမာယူယူသည် အနည်းငယ် တုန့်ဆိုင်းသွားကာ ရှီမာယူယူ ထိခိုက်သွားမည်ကို စိုးရိမ်သွားသည်။

"အစ်ကိုကြီးလိုင် အစ်ကိုကြီးကိုယုံလိုက်ပါ" ရှီမာရှင်းပြောလိုက်သည်။

"ဒါဆိုလည်းလာလေ" ရှီမာယူယူ ဘေးသို့လျှောက်သွားကာ ရှီမာလင်းဘက် မျက်နှာလှည့်လိုက်သည်။

ထိုအချိန်တွင် ရှီမာယူမင်နှင့် တခြားသူများသည် ရုတ်တရက် သတိပြန်ရလာသည်။ သူတို့ရှေ့ရှိ အပျက်အဆီးများကို မြင်သော်အခါ တစ်ခဏမျှ မှင်တက်သွားသည်။ ထိုနေရာသည် သူတို့နေခဲ့သော နေရာပင် ဟုတ်ရဲ့လား။

ရှီမာလင်းသည် ရှီမာယူယူအားကြည့်ကာ ပြောလိုက်သည် "မင်းစဉ်းစားပြီးပြီလား၊ ငါ သုံးချက်တောင်မရိုက်ရသေးခင် မင်းဒဏ်ရာရသွားနိုင်တယ်"

"ကျွန်တော်စဉ်းစားပြီးသားပါ" ရှီမာယူယူ ပြန်ပြောလိုက်သည်။

"စရအောင်"

ရှီမာလင်းသည် ရှီမာယူယူအားကြည့်သည်နှင့် အတွေးတစ်ချက်နှင့်ပင် ရှီမာယူယူ ခေါင်းထဲစူးတက်သွားလေသည်။ သူမ မျက်နှာသည် ချက်ချင်းပင် ဖြူဖျော့လာသည်။

သူမ တစ်ခဏမျှမေ့မောသွားသော်လည်း လဲကျမသွားပေ။ သို့သော် သူမစိတ်စွမ်းအင်သည်အနည်းငယ် လျော့နည်းလာသည်။

ရှီမာယူယူအား အံ့အားသင့်သော မျက်လုံးတစ်စုံဖြင့် ရှီမာလင်းကြည့်လိုက်သည်။ ရှီမာယူယူ၏ စိတ်စွမ်းအားသည် ထိုမျှလောက်အားကောင်းမည်ဟု သူထင်မထားပေ။ ထိုတိုက်ခိုက်မှုသည် သူမအား မေ့မြောသွားစေနိုင်လောက်သည်။

"အဘိုး၊ ညီလေး၅က ဘာလုပ်နေတာလဲ" ရှီမာယူရန်သည် ရှီမာယူယူနှင့် ရှီမာလင်းအားကြည့်ကာ မေးလိုက်သည်။

ရှီမာလိုင်သည် သက်ပြင်းရှည်ချလိုက်ကာ လက်ရှိအခြေအနေကို ရှင်းပြလိုက်သည်။

"ငါ့ နစ်ကြိမ်မြောက်တိုက်ကွက်အတွက် ပြင်ထားလိုက်" ရှီမာလင်း စကားပြောပြီးနောက် သူမနောက်ကျော ပေါ်သို့တောင်ကြီးတစ်တောင်တင်ထားသကဲ့သို့ ရှီမာယူယူ ခံစားလိုက်ရသည်။ သူမ ခန္ဓာကိုယ်သည် တဖြည်းဖြည်း နိမ့်ကျလာခဲ့သည်။

ရှီမာယူယူသည် သူမစွမ်းအင်အသုံးပြုကာ ခံနိုင်ရန်ကြိုးစားသော်လည်း တစ်ဖက်လူ၏ အားအင်သည် အလွန်ကြီးမားလှသဖြင့် သူမ ခုခံမှုသည် အချည်းနှီးပင်ဖြစ်သည်။

"အား..."

ရှီမာယူယူ သူမသည် စိတ်စွမ်းအား၏ ဖိအားကြောင့် ခန္ဓာကိုယ်တစ်ခုလုံးသည် ချွေးများစိုရွှဲနေကာ မြေပေါ် သို့ ဒူးထောက်လျက်သားဖြစ်သွားသည်။

"ညီလေး၅"

ရှီမာယူမင်နှင့် တခြားသူများသည် ရှီမာယူယူ၏အခြေအနေကို မြင်သော် ကူညီချင်ကြသော်လည်း ရှီမာလိုင်ဆွဲထားသဖြင့် နေရာတွင်သာရပ်နေခဲ့ရသည်။

သူတို့အား ရှီမာလိုင်ခေါင်းရမ်းပြသော်လည်း ရှီမာယူမင်နှင့် တခြားသူများသည် နားမလည်ကြပေ။ သူတို့သည် မလှုပ်မယှက်ရှိနေကြသည်။ သူတို့သည် ရှီမာယူယူအားစိုးရိမ်စွာကြည့်နေယုံပင် တတ်နိုင်ကြသည်။

သူမ နည်းနည်းချင်းစီ မတ်တပ်ရပ်ရန်ကြိုးစားသော်လည်း သူမသည် မြေပေါ်သို့ထပ်လဲကျသွားတော့သည်။ သူမဒူးသည် မြေပြင်ပေါ်သို့ ပြင်းထန်စွာကျသွားသဖြင့် သူမ ဒူးကွဲသွားသည့်အသံကို အားလုံးကြားလိုက်ရသည်။

"ညီလေး၅"

ရှီမာလိုင်သည် ရှီမာလင်းအားအော်လိုက်သည် "မင်းဘာလုပ်တာလဲ၊ ဘာလို့သူမကို ခက်ခဲအောင်လုပ်တာလဲ"

ရှီမာလိုင်တားလိုသော်လည်း ရှီမာရှင်းသည် သူ့လက်ကိုဆွဲလိုက်ကာပြောလိုက်သည် "အစ်ကိုကြီးလီ အစ်ကိုကြီးက သူမအလားအလာကို ဖွင့်ပေးနေတာ"

ရှီမာလိုင်ကြည့်ရာ ရှီမာယူယူ၏အရည်အချင်းသည် အရင်ကထက်ပိုကောင်းလာသည်ကို သတိပြုမိလိုက်သည်။ သူမြှောက်ထားသော လက်ကိုချလိုက်သည်။

၁၀မိနစ်၊ ၁၂မိနစ်အကြာတွင် ရှီမာယူယူ ရှုံးနိမ့်သွားရသည်။ သူမခန္ဓာကိုယ်မှ အားအင်များသည် ကုန်ခမ်းသွားကာ အရိုးအမြောက်အပြားသည်လည်း ကျိုးကြေသွားတော့သည်။ ရှီမာလင်း သူ၏ စိတ်စွမ်းအားကို ပြန်ရုတ်သိမ်းလိုက်ချိန်တွင် ရှီမာယူယူသည် သတိမေ့မြောသွားရတော့သည်။ သူမသည် မြေပေါ်တွင်မလှုပ်မယှက်လဲကျသွားတော့သည်။

"အဘိုး ညီလေး၅ ဘာမှမဖြစ်လောက်ဘူးမလား" ရှီမာယူလီသည် ရှီမာယူယူအားကြည့်ကာ မေးလိုက်သည်။

ရှီမာလိုင်လည်း မသိပါ၊ သူနှုတ်ခမ်းတွန့်ကာ တိတ်ဆိတ်နေခဲ့သည်။

"မင်းရှုံးသွားပြီ" မြေပေါ်တွင်လဲနေသော ရှီမာယူယူအားကြည့်ကာ သူတို့နှစ်ယောက်ကြားက ရလဒ်ကို ရှီမာလင်းပြောလိုက်သည်။

ရှီမာယူယူည်မြေပေါ်တွင်လဲနေကာ သူမတစ်ကိုယ်လုံးသည် ကားတစ်စင်းတိုက်ခံထားရသလိုပင် ခံစားနေရသည်။ ဒီဟာက ဝိဉာဉ်သူတော်စင်ရဲ့အားပေါ့ ဟုတ်လား။

ရှီမာလိုင်အား ရှီမာလင်းကြည့်ပြီးနောက်တွင် ရှီမာလိုင်သည် အိမ်တော်ထိန်းအားခေါ်ကာ ပြောလိုက်သည် "နောက်ဆို စစ်သူကြီးအိမ်တော်ဆိုတာမရှိတော့ဘူး၊ မျိုးနွယ်ရဲ့ပိုင်ဆိုင်တာတွေကို အားလုံးကိုပေးလိုက်တော့၊ နောက်ကို မင်းတို့ကိုယ့်လမ်းကိုသွားလို့ရပြီ"

"စစ်သူကြီး တကယ်သွားတော့မလို့လား" အိမ်တော်ထိန်းသည် ရှီမာလိုင်အား စိုးရိမ်စွာကြည့်လိုက်သည်။

"ငါမသွားလို့မရ…." ရှီမာလိုင်သည် အိမ်တော်ထိန်းပခုံးအားပုတ်လိုက်ကာ "ဒီအချိန်အတောအတွင်း သခင်လေးကိုစောင့်ရှောက်ပေးဖို့ကို မင်းကိုပဲဒုက္ခပေးရတော့မှာပဲ၊ သူသက်သာလာရင် သူလုပ်ချင်တာ လုပ်ပါစေ"

"ဟုတ်ကဲ့ပါ စစ်သူကြီး" အိမ်တော်ထိန်းသည် စိတ်မပါပဲ ကတိပေးလိုက်ရသည်။

ရှီမာလိုင်၏ ဆုံးဖြတ်ချက်ကို သဘောမတူရဲသည့်သူ မရှိမှန်း ရှီမာယူမင်နှင့် ကျန်သုံးယောက်သိသည်။ ရှီမာလိုင်သာ သွားချင်လျှင် သူတို့လည်းသွားရမည်မှာ အသေအချာပင်။

"ယူလန် မင်းရွှေမြွေအသီးပင်ကို အာရုံခံလို့မရတုန်းလား"

"မရဘူး" ရှီမာယူလန် ခေါင်းခါလိုက်သည်။

"ငါတို့အချိန်ဖြုန်းလို့မဖြစ်တော့ဘူး၊ မရာနိုင်ဘူးဆိုရင် လက်လျှော့လိုက်တော့မယ်၊ ငါတို့အခုပြန်ကြမယ်"

ထိုအချိန်တွင် မြေပြင်ပေါ်မှ အားနည်းသော အသံတစ်သံထွက်လာသည်။

"သုံးနှစ်…"

အခန်း(၈)

အပိုင်း(၁၃၄)-သုံးနှစ် ချိန်းဆိုခြင်း

ရှီမာယူယူ၏ အသံသည် အားနည်းလွန်းလှသည်။ သို့သော် အားလုံးကြားနိုင်လောက်သည်။

"သုံးနှစ်…."

ရှီမာယူယူ၏ အသံသည် နောက်တစ်ခေါက်ထွက်လာပြန်သည်။ ထို့အပြင် သတိမေ့နေသော ခန္ဓာကိုယ်လှုပ်ရှားနေသည်ကို အားလုံးတွေ့လိုက်ရသည်။

"ယူယူ"

"အဟွတ် အဟွတ်…"

ရှီမာယူယူ ခေါင်းနှစ်ခါဆိုးလိုက်ကာ မြေပေါ် သို့ လက်နှစ်ဖက်ထောက်ကာ တွန်းလိုက်ပြီး မတ်တပ်ရပ်လိုက်သည်။

"သုံးနှစ်…." သူမ ထပ်ပြောပြန်သည်။

ရှီမာယူယူ မတ်တပ်ရပ်နေသည်ကိုကြည့်ကာ ရှီမာရှင်းနှင့် ရှီမာလင်းတို့နှစ်ယောက်လုံး အံ့သြသွားရသည်။ အထူးသဖြင့် သူမဒဏ်ရာအတိုင်းအတာကို ရှင်းလင်းစွာသိနေသော ရှီမာလင်းပိုအံ့သြရသည်။ သူမ သတိပြန်ရရုံသာမက မတ်တပ်ပင်ရပ်နိုင်မည်ဟု ထင်မထားပေ။

"သုံးနှစ်ဆိုတာ ဘာပြောတာလဲ" ရှီမာယူလန်သည် ရှီမာယူယူအား ကြောင်ကြည့်ကာ မေးလိုက်သည်။

"ရွှေမြွေအသီးဘယ်မှာလဲဆိုတာ ကျွန်တော်သိတယ်၊ သုံးနှစ်အတွင်းကို ခင်ဗျားတို့အဘိုးနဲ့ တခြားသူတွေကို စောင့်ရှောက်ပေးကြပါ။ အပတ္တ် အပတ္တ်၊ သူတို့သေချာလုံခြုံပါစေ။ နောက်သုံးနှစ်နေရင် ကျွန်တော်ရှီမာမျိုးနွယ်ကိုလာပြီး အဘိုးနဲ့ တခြားသူတွေကို ရွှေမြွေအသီးနဲ့လာလဲမယ်" ရှီမာယူယူ၏ ခန္ဓာကိုယ်သည် နစ်ခါယိမ်းယိုင်ကာ လဲကျသွားတော့သည်။ သူမသည် စကားမပြောနိုင်သော်လည်း သူမအကြည့်များသည် ပြတ်သားနေခဲ့သည်။

နေရာတွင်ရှိနေကြသော လူများသည်ကြက်သေသေကာ တစ်ခဏမျှ စကားမပြောနိုင်ကြပေ။

"ညီလေး၅..." ရှီမာယူမင်နှင့် တခြားသူများ၏ မျက်လုံးများသည် နီရဲလာကြသည်။

ရှီမာယူရန်သည် ရှီမာယူယူအားပြေးထူကာ ရှီမာယူလီသည် သူမအား ဆေးတိုက်လိုက်သည်။

ရှီမာလင်းသည် မျက်တောင်ခတ်ကာ ပြောလိုက်သည် "မင်း ရွှေမြွေအသီးဘယ်မှာရှိတယ်ဆိုတာ သိတယ်လို့ပြောခဲ့တယ်နော်"

"ဘယ်သူ့လက်ထဲမှာလဲဆိုတာတော့သိတယ် ဒါပေမယ့် သူဘယ်မှာလဲဆိုတာမသိဘူး" ရှီမာယူယူ အနည်းငယ်ဖုံးကွယ်ကာ ပြောလိုက်သည် "ဒီရွှေမြွေအသီးက ခင်ဗျားတို့အတွက်အရေးကြီးတာဖြစ်ရမယ်၊ အဘိုးနဲ့ ပြိုင်ပြီးယူပုံထောက်ရင် အဲဒါအရေးပါတဲ့ပုံပဲ"

"ဘာလို့အဲလိုထင်တာလဲ" ရှီမာလင်းသည် မျက်ခုံးပင့်ကာ ရှီမာယူယူအပေါ် စိတ်ဝင်စားမှု မြင့်တက်လာသည်။

ရှီမာယူယူသည် ရှီမာယူရန်အားမတွဲပဲ သူမဘာသာမတ်တပ်ရပ်လိုက်သည်။ သူမ ရှီမာလင်းအားကြည့်ကာ ဖြည်းညင်းစွာပြောလိုက်သည်
"အဲလူတွေပြန်လာတဲ့အချိန်မှာ ရွှေမြွေအသီးအကြောင်းကို သူတို့ပြောကြမှာပဲ၊ ခင်ဗျားတို့အတွက် အဲဒါကအရေးမကြီးရင် ခင်ဗျားတို့ဒီလောက်မြန်မြန်ရောက်လာစရာအကြောင်းမရှိဘူး၊ ခင်ဗျားတို့မှာ လိပ်ပြာထိခိုက်ထားတဲ့ အရေးကြီးတဲ့သူရှိကို ရှိရမယ်၊ ရွှေမြွေအသီးအကြောင်းသိရုံပဲသိရတာကို ဒီအထိရောက်လာတယ်လေ"

ရှီမာလင်းသည် ရှီမာယူယူအပေါ် စိတ်ဝင်စားမှုပိုရှိလာသည်။ သူမသည် ဉာဏ်ကောင်းသည်၊ အကြောင်းအရာတစ်ခုလုံးကို ကွက်တိပြောနိုင်သည်။

ရှီမာယူယူ ချောင်းနစ်ခါဆိုးလိုက်သဖြင့် ရှီမာလင်းဘာမှမပြောပေ။ နောက်မှ သူမဆက်ပြောသည်
"အဲဒါကြောင့် ရွှေမြွေအသီးက ခင်ဗျားတို့အတွက်အရေးကြီးတာလေ၊ ကျွန်တော်မမှားဘူးမလား၊ နောက်သုံးနှစ်နေရင် ရွှေမြွေအသီးနဲ့ အဘိုးနဲ့တစ်ခြားသူတွေကို လဲမယ်၊ ဒီဟာကို အကျိုးမဖြစ်အောင်မလုပ်ပါနဲ့"

"ငါ မင်းနဲ့ဘာလို့ဒီအပေးအယူကို လုပ်ရမှာလဲ" ရှီမာလင်းပြောလိုက်သည် "ငါတို့ သုံးနှစ်စောင့်နိုင်မလားဆိုတာတောင် ငါတို့မသိတာ၊ နောက်သုံးနှစ်နေရင် ငါတို့ရွှေမြွေအသီးမလိုတာလည်းဖြစ်နိုင်တာပဲ"

"လိပ်ပြာထိခိုက်တာက ဝိဉာဉ်ထိခိုက်တာပဲလေ၊ သူတို့ခန္ဓာကိုယ်ထိခိုက်တာမှမဟုတ်တာ၊ သူတို့သုံးနှစ်မပြောနဲ့ နောက်ထပ်အနှစ်သုံးဆယ်နေရင်တောင် ပြဿနာမရှိဘူး" ရှီမာယူယူပြောလိုက်သည်။

"မင်း ဆေးပညာအကြောင်းသိတာလား" ရှီမာရှင်းမေးလိုက်သည်။

ရှီမာယူယူပြန်မဖြေပေ။ သူမ ရှီမာလင်းအားကြည့်ကာ ပြောလိုက်သည် "အဲလိုဆိုရင်ရော"

"မင်းအဲအချက်ကို မှန်အောင်ပြောနိုင်တာနဲ့ပဲ မင်း နောက်သုံးနှစ်နေရင် ရွှေမြွေအ သီးကို ယူလာမယ်ဆိုတာ ငါတို့က ဘယ်လိုလုပ်ယုံရမှာလဲ၊ အပြင်မှာ အဲလောက်အန္တရာယ်တွေဝိုင်းနေတာ ဝိဉာဉ်သူတော်စင် တောင်အဲနေရာကို အေးအေးဆေးဆေးဖြတ်လို့ရတာမဟုတ်ဘူး၊ မင်းကို ဝိဉာဉ်သခင်အသေးစားလေးက ဘယ်လိုလုပ်သုံးနှစ်အတွင်း ဝိဉာဉ်သူတော်စင်အဆင့်ကို ရောက မှာလဲ" ရှီမာလင်းပြောလိုက်သည်။

"ကျွန်တော့မှာနည်းလမ်းရှိပါတယ်" ရှီမာယူယူပြောလိုက်သည် "ရွှေမြွေအသီးကိုရှာပြီး အပြင်ကအတားအဆီးကို ဘယ်လိုဖြတ်ရမလဲဆိုတာ ကျွန်တော့်ပြဿနာပါ၊ ခင်ဗျားတို့က အဘိုးနဲ့ကျန်တဲ့သူတွေကို သုံးနှစ်အတွင်းကာကွယ်ပေးရုံပဲ၊ နောက်သုံးနှစ်နေလို့ ဒီနေ့မှာ ကျွန်တော် ခင်ဗျားတို့ရှီမာမျိုးနွယ် ဂိတ်ပေါက်ကို လာခဲ့မယ်၊ အဲအချိန်ကျမှ ကျွန်တော့်ကို လဲမပေးလို့ကတော့"

"ယူယူ ငါတို့ကို ဂရုမစိုက်နဲ့၊ ရှေ့လျှောက် မင်းရဲ့ကိစ္စကိုပဲစိတ်ပူ ငါတို့ကို စိတ်ပူဖို့မလိုဘူး" ရှီမာလိုင်သည် သဘောမတူသည့်မျက်လုံးများဖြင့်ကြည့်ကာ ရှီမာယူယူအားပြောလိုက်သည်။

ရှီမာယူယူ ရှီမာလင်းအားကြည့်ကာ သူ့အဖြေကိုစောင့်နေခဲ့သည်။

"ကောင်းပြီ ငါမင်းနဲ့အပေးအယူလုပ်မယ်" ရှီမာလင်းပြောလိုက်သည် "သုံးနှစ်အတွင်း ငါသူတို့ကို အသားကျအောင်ကူညီပေးပါမယ်၊ ဒါပေမယ့် မင်းနောက်သုံးနှစ်နေလို့မှ မလာရင် သူတို့ကို ငါတို့မျိုးနွယ်က အဆုံးအဖြတ်အတိုင်းလိုက်နာခိုင်းရလိမ့်မယ်"

"ကောင်းပြီ" ရှီမာယူယူပြောလိုက်သည် "ခင်ဗျားက ကိုယ့်စကားကိုယ်တည်တဲ့လူလို့ယုံလိုက်ပါမယ် ခင်ဗျားတို့ ကျွန်တော့်အဘိုးနဲ့ ကျန်တဲ့သူတွေကို သေချာပေါက်ကာကွယ်ပေးပါ၊ ဒါမှမဟုတ်ရင် ခင်ဗျားတို့ရှီမာမျိုးနွယ်တစ်ခုလုံး နောင်တရအောင်လုပ်ရလိမ့်မယ်..."

သူမ အသံသည် နူးညံ့လာကာ နောက်ဆုံးတွင်ရှင်းလင်းပြတ်သားနေခဲ့သည်။ သူမ စကားပြောပြီးနောက် မေ့လဲသွားတော့သည်။

"ညီလေး၅"

"ယူယူ"

"ငါးယောက်မြောက်သခင်လေး"

ရှီမာယူယူသည် ရှီမာယူရန်၏ ကိုယ်ပေါ်တွင် မှီကာ မေ့မြောသွားတော့သည်။

ရှီမာရှင်းသည် ရှီမာယူယူအားကြည့်ကာ ရှီမာလိုင်သို့ သက်ပြင်းချပြလိုက်လေသည် "မင်းမှာ မြေးကို ကောင်းကောင်းမွေးခဲ့တာပဲ"

ရှီမာလိုင်သည် လျှောက်သွားကာ ရှီမာယူယူအားပွေ့ဖက်လိုက်သည်။ သူသည် သူမအား ကြင်နာစွာကြည့်ပြီးနောက် သူမအား အိမ်တော်ထိန်းလက်ထဲသို့ထည့်လိုက်သည်။

"သခင်လေးကို ကောင်းကောင်းဂရုစိုက်ပါ"

"ဟုတ်ကဲ့ပါ စစ်သူကြီး၊ ဒီအစေခံအိုကြီးက သူ့ကို အသက်စွန့်ပြီးစောင့်ရှောက်ပါမယ်" အိမ်တော်ထိန်းသည် ရှီမာယူယူအား ယူကာ ကတိပေးလိုက်သည်။

သူသည် ရှီမာယူယူ၏ သရုပ်မှန်ကို သိထားကာ သူမအား အရမ်းချစ်ခဲ့သည်။ အခုတော့ သူမသည် ရှီမာမျိုးနွယ်၏ တစ်ယောက်တည်းသောသူ၊ သူသေချာပေါက် သူမအား ဂရုစိုက်ရမည်။

ရှီမာလိုင်သည် အိမ်တော်ထိန်း ပခုံးပုတ်လိုက်ကာ ရှီမာလင်းအားပြောလိုက်သည် "သွားရအောင်"

ရှီမာလင်းသည် လင်းယုန်အားဆင့်ခေါ်ကာ ထိုကြီးမားသောငှက်သည် ကြီးမားသောအသွင်ပြောင်းကာ အိမ်ထဲသို့ဝင်လာသည်။

"အံ့ဖွယ်မှိစ္ဆာ" လူတစ်ချို့သည် လင်းယုန်၏ အဆင့်ကို သတိထားမိကာ အံ့သြစွာပြောမိလိုက်ကြသည်။

ရှီမာယူလန်သည် တစ်ခဏမျှ တုန့်ဆိုင်းကာ အိမ်တော်ထိန်းဘေးသွားကာ သူ့အား ဆေးပုလင်းတစ်ခုအား ပေးကာပြောလိုက်သည် "ဒါက အဆင့်လေးဆေးပဲ သူ့ဒဏ်ရာတွေကုဖို့ အကျိုးရှိမှာပါ၊ ခဏနေရင် သူ့ကိုပေးလိုက်ပါ"

သူမပြောပြီးသည်နှင့် ရှီမာယူယူ၏ ရင်ခွင်ထဲသို့ဆေးပုလင်းထည့်ကာ လှည့်ပြီး လင်းယုန်၏ ကျောပေါ်သို့ပျံတက်သွားတော့သည်။

ကျောင်းအုပ်ကြီးသည် တစ်ချိန်လုံးလေပေါ်တွင်ရှိနေကာ ရှီမာလိုင် သူတို့နှင့် ပြန်လိုက်သွားသည်ကို စောင့်ကြည့်နေခဲ့သည်။ သူ သက်ပြင်းချကာ မြေပေါ်သို့ဆင်းပြီး အိမ်တော်ထိန်းကိုပြောလိုက်သည် "သူ့ကို ငါ့ကိုပေး၊ မင်း ရှီမာမျိုးနွယ်က ကျန်ခဲ့တဲ့ ကိစ္စတွေကိုရှင်းလိုက်၊ အခြေကျသွားရင် ကျောင်းကိုလာပြီး သူ့ကိုရှာလိုက်"

ရှီမာလိုင် ကျောင်းအုပ်ကြီးကို ယုံသည်ကို ကြားပြီးဖြစ်သဖြင့် အိမ်တော်ထိန်းသည် ရှီမာယူယူအား ကျောင်းအုပ်ကြီးဆီသို့လက်လွှဲပေးလိုက်သည်။

ရှီမာမျိုးနွယ်သာ စစ်ဆေးခြင်းခံရပါက သူတို့ပိုင်ဆိုင်မှုမှာ ဝရုန်းသုန်းကားဖြစ်မည့်အခြေအနေဖြစ်နေသည်။ ရှေ့လျှောက် ရှီမာယူယူ မည်သို့ပင်ဆုံးဖြတ်စေကာမူ သူ သူမအား ထောက်ပံ့ပေးမည်ဖြစ်သည်။ သူမ မနိုးခင် သူတို့ပိုင်ဆိုင်မှုများကို ဖြေရှင်းရမည်။

ကျောင်းအုပ်ကြီးသည် ရှီမာယူယူအားကြည့်လိုက်သည်။ သူသည် သူမလုပ်သမျှအားလုံးကို မြင်ပြီးဖြစ်၍ သူမ အပြုအမူများအပေါ်တွင် စိတ်မကောင်းဖြစ်မိသည်။ သူမ လျှောက်ရမည့်လမ်းအားတွေးလိုက်သည်နှင့် သူသက်ပြင်းမချပဲမနေနိုင်တော့ပါ။

သူ ရှီမာယူယူအား ပွေ့ချီကာ ကျောင်းအပေါ်သို့ ပျံသန်းသွားလိုက်သည်။ ဂိတ်စောင့် ညွှန်ကြားသူသည် လက်ဝှေ့ပြလိုက်သည်နှင့် အစောင့်များသည် ကျောင်းအားကာကွယ်ထားသော တည်ဆောက်မှုအား ပယ်ဖျက်လိုက်သည်။

သူ ရှီမာယူယူအား ပွေ့ဖက်ကာ သူနေသော အိမ်သို့ဦးတည်သွားလိုက်သည်။ ဘောဂုံထန်နှင့် တခြားသူများသည် သတိမေ့နေသော သူမခန္ဓာကိုယ်အားတွေ့သော် သူမနေသော နေရာသို့မြန်မြန်ပြေးသွားလိုက်သည်။ ကျန်ကျောင်းသားများမှာ ဖြစ်ပွားခဲ့သော ပွဲအကြောင်းကို ဆွေးနွေးနေဆဲဖြစ်သည်။

လူများသည် သူတို့အိမ်သို့ပြန်သွားကြသော်လည်း ထိုစွမ်းအားများသည် မြို့တော်ကို ကွဲလောက်အောင် မည်ကဲ့သို့ အင်အားကြီးပုံကို ဆွေးနွေးကြသည်။

အခုတော့ ရှီမာမျိုးနွယ်၏ စွမ်းအားသည် နာမည်သာကျန်ရှိတော့သည်။ မြို့တော်မှ လွှမ်းမိုးထားသော စွမ်းအင်များကို အားလုံးက ခွဲဝေယူလိုကြသည်။

များစွာသော အရပ်သူအရပ်သားများသည် စစ်သူကြီးအိမ်တော်သို့လာရောက်ကြရာ မူလက ခံ့ညားထယ်ဝါသော တစ်အိမ်လုံးသည် အခုတော့ အပျက်အဆီးများစုပုံရာဖြစ်နေခဲ့သည်။ နေထိုင်မှုတွင် ဆိုးဝါးသော မြင်ကွင်းဖြစ်ခဲ့သည်။

## အခန်း(၉)

### အပိုင်း(၁၃၅)-သတိပြန်ရလာခြင်း

ပူပြင်းသောမီးတောက်သည် ကောင်းကင်တွင်ပြည့်နှက်နေကာ တစ်အိမ်လုံးကို အနီရောင်လွှမ်းပြီး တောက်လောင်နေတော့သည်။ တံခါးပေါက်မှ "ရှီမန်အိမ်တော်" ဟူသော နာမည်ပြားသည် မီးတောက်ထဲသို့ တဖြည်းဖြည်း နစ်ဝင်သွားခဲ့သည်။

"ရှီမန်ယူယူ မင်းက ငါ့ထက်သာတဲ့ မင်းအရည်အချင်းကိုပဲ အမြဲမှီခိုခဲ့တာမလား၊ မင်းခေါင်းလှည့်ပြီး ကြည့်လိုက်ပါဦး၊ မင်းတို့ရှီမန်မျိုးနွယ် ကျဆုံးတာကို ကြည့်လိုက်ပါဦး…ဟားဟားဟား" မီးတောက် မြူထဲမှလာသော စူးရှသောအသံသည် နားထဲတွင် စူးရှသွားခဲ့သည်။

"ကလေး ဒီအခြေအနေမှာ သမီးကိုအပြစ်တင်လို့မရဘူး၊ နောက်ကို သမီးကောင်းကောင်းနေရမယ်၊ သမီးပျော်ပျော်ရွှင်ရွှင်နေဖို့ကို အမေမျှော်လင့်တယ်…" အချစ်များဖြင့်ပြည့်နှက်နေသော အသံသည် သူမနာကျင်မှုများကို သက်သာစေခဲ့သည်။

သူမ၏ ကြက်သွေးရောင်မင်္ဂလာဝတ်စုံ၊ ကြက်သွေးရောင်မီးတောက်၊ ကြက်သွေးရောင် သွေးတို့သည် သူမမျက်စိရှေ့တွင် ဖြစ်ပေါ်နေခဲ့သည်။ နောက်ဆုံးတွင် ရှီမာယူယူ မတ်တပ်မရပ်နိုင်တော့ပဲ သူမမျက်စိအား တင်းကျပ်စွာပိတ်လိုက်တော့သည်။

"သခင်လေး နိုးလာပြီလား" ရှီမာယူယူ၏ မျက်လုံးများမှ မျက်ရည်များ ကျဆင်းလာသည်ကို ချွန်ဂျီအန်းမြင်လိုက်ရသည်။ သူမ သခင်၏ မျက်လုံးများ မျက်ရည်များကို သုတ်ရန် ပြင်ဆင်တုန်းမှာပင် သူမျက်တောင်ခတ်လိုက်သည်ကို မြင်လိုက်သဖြင့် ပျော်ရွှင်စွာခေါ်လိုက်သည်။

ရှီမာယူယူ လှည့်ကြည့်လိုက်ချိန်တွင် ချွန်ဂျီအန်း၏ မျက်နှာကိုမြင်လိုက်ရသည်။ သူမ တဖြည်းဖြည်း ပြန်သတိရလာကာ သူမခေါင်းအားကိုင်ရန် လက်ကိုဆန့်ထုတ်လိုက်သော်လည်း သူမလက်တွင် ပတ်တီးစည်းထားသည်ကို တွေ့လိုက်ရသည်။

"သခင်လေး ဘာလုပ်ချင်လို့လဲ" ချွန်ဂျီအန်းမေးလိုက်သည်။

ရှီမာယူယူ ခေါင်းခါကာ မေးလိုက်သည် "ဒီနေရာက ဘယ်နေရာလဲ"

"ဒါက ကျောင်းအုပ်ကြီးအိမ်ပါ၊ သခင်လေး သတိမေ့နေတုန်းဒီကိုခေါ်လာတာ" ချွန်ဂျီအန်းပြောလိုက်သည်။

ဒီတစ်ကြိမ်တွင် ယွန်ယူအရှေ့သို့ထွက်လာသည်။ ရှီမာယူယူ သတိရနေသည်ကို မြင်သည်နှင့် သူပြောလိုက်သည် "သခင်လေး၊ နိုးလာပြီလား၊ သခင်လေး ဒီလောက်ရက်အများကြီးသတိမေ့နေတော့ ကျွန်မတို့ စိုးရိမ်လို့သေတော့မယ်"

"ငါ ဘယ်လောက်တောင်သတိမေ့နေတာလဲ" ရှီမာယူယူ မတ်တပ်ရပ်ကာ သူမလက်တွင် စည်းထားသော ပတ်တီးကို ချွတ်လိုက်သည်။

"လေးရက်တောင်ရှိသွားပြီ" ချွန်ဂျီအန်းပြောလိုက်သည် "ကျောင်းအုပ်ကြီးက သခင်လေးအဆင်ပြေတယ်လို့ ခဏခဏပြောပေးလို့သာပေါ့ မဟုတ်ရင် ယွန်ယူနဲ့ ကျွန်မနဲ့ စိုးရိမ်လို့သေတော့မယ်"

ရှီမာယူယူ၏ လက်များရပ်တန့်သွားကာ သူမကိုယ် သူမရေရွတ်လိုက်သည် "ငါးရက်၊ ဒါဆို အဘိုးနဲ့တခြားသူတွေထွက်သွားခဲ့တာ ငါးရက်တောင်ရှိသွားပြီပေါ့…"

ယွန်ယူသည် ရှေ့ထွက်လာကာ ရှီမာယူယူ၏ လက်ကိုဆွဲပြီးပြောလိုက်သည် "သခင်လေး ပတ်တီးတွေကို ဘာလို့ဖြေနေတာလဲ၊ အနာမကျက်သေးဘူးလေ"

ရှီမာယူယူ သူမခန္ဓာကိုယ်အား ငုံ့ကြည့်လိုက်သည်။ ရှီမာလင်းနှင့် ယှဉ်ပြိုင်သော ပွဲတွင် သူ၏ နှစ်ချက်သော လှုပ်ရှားမှုကို သူမ မခံနိုင်ကြောင်းကို ပြန်တွေးလိုက်သည်။

"ငါ့ဒဏ်ရာတွေက ပျောက်တော့မှာ စည်းထားဖို့မလိုတော့ဘူး" ရှီမာယူယူ ပြောရင်းနှင့် ဆက်ဖြေနေလေသည်။

ချွန်ဂျီအန်းနှင့် ယွန်ယူတို့သည် သူမအား တားချင်သော်လည်း ရှီမာယူယူ ပတ်တီးများဖြေလိုက်ချိန်တွင် ဒဏ်ရာများသက်သာနေပြီကို အံ့ဩစွာတွေ့လိုက်ရသည်။ သူ အိပ်ရာပေါ်မှဆင်းကာ အဆင်ပြေကြောင်းကို လမ်းလျှောက်ပြရသေးသည်။

ရှီမာယူယူ တံခါးတွန်းဖွင့်ကာ လမ်းလျှောက်ထွက်ခဲ့သည်။

"သခင်လေး... သခင်လေးရဲ့ ခန္ဓာကိုယ်...သူ..." ယွန်ယူသည် ရှီမာယူယူထွက်သွားသည်ကို ကြည့်ပြီး အံ့အားသင့်လွန်းသဖြင့် စကားပြောမထွက်တော့ပေ။

သခင်လေး၏ အခြေအနေအား ထပ်မစပ်စုရန် ချွန်ဂျီအန်းသည် သူမအားဆွဲကာ ခေါင်းခါပြလိုက်သည်။

အစကတည်းကပင် သခင်လေးသည် ပင်ကိုစရိုက်ပြောင်းလဲရုံသာမက လျှို့ဝှက်ချက်များ များများလာသည်ကို သတိထားမိခဲ့သည်။ သူ၏ အစေခံတစ်ယောက်အနေနှင့် မေးခွန်းများ မမေးခြင်းမှာ အကောင်းဆုံးဖြစ်သည်။

ရှီမာယူယူ အိမ်မှထွက်လာသည်။ ပြီးခဲ့သည်တစ်ခေါက်တွင် ဖန်ကျိရှင်းအားနှုတ်ဆက်ရန် ဒီသို့ရောက်လာခဲ့သည်။ ဒီလောက်မြန်မြန် ဒီကိုပြန်ရောက်လာမည်ဟု ထင်မထားပေ။

ကျောင်းအုပ်ကြီးသည် ပန်းပင်များကို ပြုစုနေခဲ့သည်။ အသံကြားသည်နှင့် ဘယ်သူမှန်းသိထားကာ ခေါင်းလှည့်လိုက်သည်။

"ရက်အကြာကြီးအိပ်ပြီးတော့ နောက်ဆုံးသတိရလာပြီပေါ့"

"ကျောင်းအုပ်ကြီးကို ဒုက္ခဖြစ်စေပါပြီ" ရှီမာယူယူ အရိုအသေပေးလိုက်သည်။

ကျောင်းအုပ်ကြီးသည် ပန်းပင်ရုံမှ ထလိုက်ကာ လယ်သမားတစ်ယောက်သကဲ့သို့ သူ၏ ညစ်ပတ်နေသော လက်များကို ဘောင်းဘီတွင်သုတ်လိုက်သည်။

"မင်းကို စောင့်ရှောက်ပါမယ်လို့ မင်းအဘိုးနဲ့ဆရာကို ငါကတိပေးထားတယ်၊ ဒါကြောင့် မင်းကို သေချာဂရုစိုက်ပေးရတာပဲ" ကျောင်းအုပ်ကြီးသည် ထွက်လာကာပြောလိုက်သည် "ငါ့နောက်လိုက်ခဲ့"

ကျောင်းအုပ်ကြီးသည် ရေခွေးငွေ့များထုတ်လွှတ်ကာ ညစ်ပတ်နေသော လက်များကို ဆေးနေသည်ကို ရှီမာယူယူစောင့်ကြည့်နေခဲ့သည်။ ညစ်ပတ်နေသော လက်များကို သန့်ရှင်းစေရန် ဝိဉာဉ်ရှိကို အသုံးပြုသည်မှာ သူတစ်ယောက်ပင်ဖြစ်လိမ့်မည်။

သူတို့နှစ်ယောက်သည် ကျောင်းအုပ်ကြီး၏ အိပ်ခန်းသို့လာခဲ့ကြသည်။ သူ အခန်းအတွင်းသို့ ဝင်သွားကာ မြန်မြန်ပင် ပြန်ထွက်လာပြီး လက်ထဲတွင် လက်စွပ်တစ်ကွင်းပါလာသည်။

သူ ရှီမာယူယူအားလက်စွပ်ပေးပြီးနောက်ပြောလိုက်သည် "ဒါက ဒီလိုကိစ္စတွေမဖြစ်ခင် မင်းအဘိုးပေးထားခဲ့တာပဲ၊ မင်းကို ပေးပေးဖို့ ပြောသွားတယ်"

ရှီမာယူယူ လက်စွပ်အားယူကာ သူမလက်တွင် တင်းကြပ်စွာဆုပ်ကိုင်ထားမိသည်။

"မင်းဘာမှမဖြစ်ဘူးဆိုရင်လည်း အိမ်ပြန်တော့" ကျောင်းအုပ်ကြီးပြောလိုက်သည် "မင်းကို စောင့်ရှောက်ဖို့အတွက် ချွန်ဂျီအန်းနဲ့ ယွန်ယူတို့က ပြီးခဲ့တဲ့သုံးရက်လုံးဒီမှာနေကြတယ်၊ အခု မင်းပြန်ကောင်းလာပြီဆိုတော့ သူတို့ကိုပါခေါ်သွားတော့၊ ပြီးတော့ မင်းရဲ့ဘော်ဒါတွေလည်း ခဏခဏလာသေးတယ်၊ တခြားရှိရင် မင်းအိမ်ပြန်ပြီး ဆုံးဖြတ်ချက်ချတာစောင့်လိုက်ဦး၊ မင်းရက်နည်းနည်းလောက်နားပြီး အိမ်မှာဖြေရှင်းစရာရှိတာ ဖြေရှင်းပြီးမှ ကျောင်းပြန်လာခဲ့"

"ကျွန်တော်နားလည်ပါပြီ ကျေးဇူးတင်ပါတယ်ကျောင်းအုပ်ကြီး" ကျောင်းအုပ်ကြီးအား ရှီမာယူယူ အရိုအသေပေးကာ လှည့်ထွက်လာခဲ့သည်။

ချွန်ဂျီအန်းနှင့် ယွန်ယူတို့သည် အထုတ်အပိုးများပင် သိမ်းနှင့်ပြီးပြီ။ ရှီမာယူယူ ထွက်လာသည်နှင့် သူတို့နှစ်ယောက်သည်လည်း လျင်မြန်စွာပင်လိုက်လာခဲ့သည်။

"ချွန်ဂျီအန်း၊ ဒီရက်ပိုင်းမှာ အိမ်အခြေအနေဘယ်လိုရှိလဲ" ကျောင်းဝင်းမှထွက်သည်နှင့် အပြင်တွင် ရှုပ်ပွနေသည်ကို မြင်သည်နှင့် အုတ်ကျိုးအုတ်ပဲ့ဖြစ်သွားသော စစ်သူကြီးအိမ်တော်ကို သတိရသွားကာ ရှီမာယူယူမေးလိုက်သည်။

"သခင်လေး ကျွန်မတို့လည်း သခင်လေးသတိမေ့နေတော့ အဲမှာနေပြီး အပြင်မထွက်ခဲ့ပါဘူး၊ အဲဒါကြောင့် အပြင်က အခြေအနေတွေကို မသိခဲ့ပါဘူး" ချွန်ဂျီအန်းပြန်ဖြေသည်။

"ဒါဆို ငါတို့ပြန်ပြီးအတူတူကြည့်ရအောင်" ရှီမာယူယူ သက်ပြင်းချကာ သူတို့နှင့်အတူ စစ်သူကြီးအိမ်တော်သို့ ဦးဆောင်ခေါ်သွားလေသည်။

မူလအစက စစ်သူကြီးအိမ်တော်ရှိသော နေရာသို့သူတို့ရောက်သောအခါ ထိုနေရာသည် ရှင်းလင်းပြီးဖြစ်၍ အိမ်အသစ်ကိုပင် ဆောက်လုပ်ပြီးဖြစ်သည်။ စစ်သူကြီးအိမ်တော်မှ လူများသည် ထိုယာယီသုံးအိမ်တွင် ထိုအတောအတွင်းနေထိုင်နေကြသည်။

"ငါးယောက်မြောက်သခင်လေး ပြန်လာပြီလား" အစောင့်သည် ရှီမာယူယူအားတွေ့သည်နှင့် ထိုသတင်းအား ကျန်သောသူများကို ပျော်ရွှင်စွာလိုက်ပြောတော့သည်။

"ငါးယောက်မြောက်သခင်လေး၊ အဆင်ပြေလား"

"ငါးယောက်မြောက်သခင်လေး…"

အစောင့်များသည် ရှီမာယူယူအားအလယ်တွင်ထားကာ ဝိုင်းအုံလာကြသည်။

ရှီမာလိုင်၊ ရှီမာယူမင်နှင့် တခြားသူများသည် လက်ရှိတွင် မရှိသဖြင့် ရှီမာယူယူသည် သူတို့၏ လက်ရှိတစ်ဦးတည်းသော သခင်ဖြစ်သည်။

သူမ အဆင်ပြေသည်ဖြစ်ကြောင်းကို ရှီမာယူယူခေါင်းညိမ့်ပြလိုက်သည်။ အစောင့်များ လျော့နည်းမသွားသည်ကို မြင်သည်နှင့် ရှီမာယူယူ စိတ်ထဲမှ ကျေးဇူးတင်မိသည်။ ရှီမာလိုင်နှင့် တခြားသူများ မရှိသဖြင့် စစ်သူကြီးအိမ်တော်ကို စွန့်ပစ်သွားတဲ့သူမရှိဘူးပဲ။

"ကျန်တဲ့သူတွေရော"

"အိမ်တော်ထိန်းက ဆိုင်ပိုင်ရှင်တွေနဲ့ ဆွေးနွေးနေတယ်၊ အခုတော့ အရင်တုန်းက မီးဖိုဆောင်ရှိတဲ့ဘက်မှာ" အစောင့်တစ်ဦးသည် ပြန်ဖြေသည်။

"သိပြီ ကျေးဇူးပဲ"

ရှီမာယူယူ အရင်က မီးဖိုဆောင်ရှိသည့်ဘက်သို့ လျှောက်လာခဲ့သည်။ သူမ စာကြည့်ဆောင်မှဖြတ်လျှောက်လာချိန်တွင် အိမ်တစ်အိမ်လုံးသည် များစွာပျက်ဆီးနေသည်ကို မြင်တွေ့ခဲ့ရသည်။ သို့သော် စာအုပ်ပြခန်းမှာ အကောင်းတိုင်းရှိနေသေးသည်။

"ဒါက အဖိုးတန်ပစ္စည်းဖြစ်နေလို့များလား" ရှီမာယူယူ ရေရွတ်ကာ စာအုပ်ပြခန်းကို ကြည့်လိုက်သည်။

သို့သော် သူမလက်ရှိတွင် လျှောက်ကြည့်ရန်အချိန်မရှိပေ။ သူမ အချိန်ရှိလျှင် နောက်တစ်ခေါက်လာရန်တွေးကာ မီးဖိုဆောင်ဘက်သို့ လျှောက်လာခဲ့သည်။

အခုတော့ မီးဖိုဆောင်သည် ကျန်ရှိနေသေးသော်လည်း စားဖိုဆောင်သည် ခန်းမဆောင်ဖြစ်နေခဲ့သည်။

ရှီမာယူယူရောက်ရှိချိန်တွင် အိမ်တော်ထိန်းသည် အခြွေအရံများဖြင့် ဆွေးနွေးနေသည်ကို မြင်လိုက်ရသည်။ သူမ ဝင်လာသည်ကိုမြင်သည်နှင့် အားလုံး မတ်တပ်ထရပ်ကြသည်။

"ငါးယောက်မြောက်သခင်လေး ခန္ဓာကိုယ်ဘယ်လိုနေသေးလဲ" အိမ်တော်ထိန်းသည် စိတ်လှုပ်ရှားစွာမေးလိုက်သည်။

ရှီမာယူယူခေါင်းညိမ့်ကာ ပြောလိုက်သည် "အဆင်ပြေပါတယ်၊ အခု ငါ့ကို စစ်သူကြီးအိမ်တော်နဲ့ အင်ပါယာမြို့တော်အခြေအနေအားလုံးကို ပြောပြတော့၊ ဩော် မင်းတို့အားလုံးပြန်နှင့်တော့၊ အိမ်တော်ထိန်းတစ်ယောက်ပဲ နေပြီးငါ့ကိုပြောပြ"

သူမ အမိန့်ရပြီးသည်နှင့် အခြွေအရံများသည် အိမ်တော်ထိန်းနှင့် သူမအား ချန်ထားခဲ့ကာ ထွက်သွားကြလေသည်။

အခန်း(၁၀)

အပိုင်း(၁၃၆)-အရေးကြီးသော ရှီမာမျိုးနွယ်

"အုပ်စုတစ်စုက ပျက်ဆီးနေတဲ့အိမ်ကို ဖောက်ဖို့လုပ်ခဲ့ကြတယ်" ရှီမာယူယူ စားပွဲကို လက်ဖြင့်ရိုက်လိုက်သည်နှင့် စားပွဲသည် နစ်ခြမ်းကွဲသွားလေသည်။

"သခင်လေး တစ်ခုရှိသေးတယ်" အခြွေအရံသည် ရှီမာယူယူအားကြည့်ကာ ပြောလိုက်သည်။

"ဘာလဲ"

"သခင်လေးက ရွှေမြွေအသီးအကြောင်းသိတယ်ပြောတော့ သခင်လေးကို ဒုက္ခပေးဖို့ အစီအစဉ်ဆွဲနေတဲ့သူတွေလည်းရှိသေးတယ်၊" အိမ်တော်ထိန်းပြောလိုက်သည် "နောက်တော့ ကျောင်းက ကျောင်းအုပ်ကြီးက သခင်လေးကို ထိခိုက်အောင်လုပ်ရင် ကျောင်းကို ဆန့်ကျင်တာပဲလို့ သတင်းထုတ်ခဲ့တယ်၊ အဲဒါနဲ့ အဲလူတွေငြိမ်သွားတာပဲ"

"ဩော် ဟုတ်လား၊ ငါ့ကို ဆန့်ကျင်ဖို့လုပ်ချင်ကြတယ်ပေါ့" ရှီမာယူယူ အေးစက်စွာရယ်မောလိုက်သည် "ဒါဆိုလည်း သူတို့လာပါစေလေ၊ အဲအချိန်ကျရင် တစ်ယောက်လာရင် တစ်ယောက်သတ်မယ်၊ နစ်ယောက်လာရင် နစ်ယောက်သတ်ပြမယ်၊ တစ်မျိုးနွယ်လုံးလာရင် တစ်ယောက်မှချန်မှာ မဟုတ်ဘူး"

အေးစက်နေသော ရှီမာယူယူ၏မျက်လုံးများကို အခြွေအရံမြင်လိုက်ရချိန်တွင်တော့ သူ့စိတ်ထဲတွင် နာကျင်သွားရသည်။ ဒီလိုအခြေအနေကြောင့်သာမဟုတ်ခဲ့ရင် သူဒီလိုမဖြစ်ပေ။

"သခင်လေး၊ ကျောင်းအုပ်ကြီးအမိန့်ထုတ်ပြီးကတည်းက အဲလူတွေ မလုပ်ရဲကြပါဘူး၊ ဒါပေမယ့် အပျောက်အရှမရှိအောင် ကျွန်တော်တို့ စောင့်နေရတုန်းပဲ" အိမ်တော်ထိန်းသည် ထိုစကားများကြောင့် ရှီမာယူယူဒေါသထွက်သွားသည်ဟုတွေးလိုက်သည်။ သို့သော် သူမတွင် ဘယ်လိုအားပိုင်ဆိုင်နေသည်ကိုတော့ သူမသိပေ။

"အခု ငါတို့အဲအကြောင်းကို မစဉ်းစားတော့နဲ့ ငါကိုယ်တိုင်ဖြေရှင်းမယ်" ရှီမာယူယူ လက်ဝှေ့ပြကာ "အဲအခြွေအရံတွေနဲ့ ဆိုင်အကြောင်းဆွေးနွေးတာဘယ်ရောက်သွားပြီလဲ"

"ဟုတ်သားပဲ အားနည်းနည်းရှိတဲ့သူတွေက စစ်သူကြီးထွက်သွားတာနဲ့ စစ်သူကြီးအိမ်တော်က ကျဆုံးသွားပြီလို့ထင်နေကြတယ် သူတို့က ရှယ်ယာလိုချင်နေကြတယ်၊ မျိုးနွယ်တချို့က ကျွန်တော့်ကို လာရှာကြပြီး ကျွန်တော်တို့ဆိုင်ကို ဈေးနိမ်ပြီးဝယ်ချင်နေကြတယ်၊ တချို့ဆိုင်တွေက သွင်းကုန်တွေကို ရပ်လိုက်ကြတယ်၊ အဲပစ္စည်းတွေအတွက် ပိုက်ဆံကို ကျွန်တော်တို့မပေးနိုင်မှာကို သူတို့ကြောက်နေကြတယ်၊ အခုလက်ရှိအခြေအနေကတော့ ကျပ်တည်းနေတယ်၊ ကျွန်တော်တို့ဖောက်သည်တွေလည်း တစ်ဝက်လောက် ဆုံးရှုံးလိုက်ရပြီ"

"ဒါဆို မင်းပြောတာက အခုလက်ရှိငါတို့ဆိုင်က အခွံပဲရှိတော့တာပေါ့" ရှီမာယူယူပြောလိုက်သည်။

"ဟုတ်တယ်၊ တခြားဆိုင်ရှာရမလား မရှာရဘူးဆိုတာ ကျွန်တော် တခြားသူတွေနဲ့ တိုင်ပင်နေတာပါ" အိမ်တော်ထိန်းပြောလိုက်သည်။

"အပြင်ကလူတိုင်းက အိမ်ကိုဖောက်ထွင်းသွားတာလား" ရှီမာယူယူမေးလိုက်သည်။

"အဲလိုလည်းမဟုတ်ပါဘူး၊ ကျူမျိုးနွယ်က သူတို့ ကျွန်တော်တို့ကို ထည်စွည်းတွေထောက်ပံ့မယ်လို့ လူလွှတ်ပြီးပြောထားတယ်၊ ဒါပေမယ့် သူတို့ အကူအညီလည်း အကန့်အသတ်ရှိသေးတော့ ငါတို့ပြဿနာကို လုံးဝဖြေရှင်းပြီးတာတော့မဟုတ်သေးဘူး" အိမ်တော်ထိန်းရှင်းပြသည်။

"ဖက်တီး..." ရှီမာယူယူစဉ်းစားမိလိုက်သည်။ သူမ သတိမေ့နေစဉ်တွင် သူသည် နားနားကပ်ကာ ရှီမာမျိုးနွယ်အား ဘာမှအဖြစ်မခံဟုပြောသွားခဲ့သည်။ သူတကယ်ပဲလုပ်ခဲ့တာပဲ။

"ပြီးတော့ မိန္တာထိန်းကျောင်းသူများအသင်းကလည်း သူတို့ကျွန်တော်တို့ကို ကူညီမယ်လို့ စကားကြုံပါးလိုက်တယ်၊ သူတို့က ထိန်းကျောင်းပြီးတဲ့ အဆင့်နိမ့် မိန္တာတွေကိုလည်းပို့လိုက်သေးတယ်" အိမ်တော်ထိန်းထပ်ပြောသည် "အဲဒါက ဒုဥက္ကဋ္ဌရဲ့ ဆုံးဖြတ်ချက်လို့ကြားသိရတယ်"

"ကျိန်းသေ့ သူ့ဘိုးလေးကို သွားရှာတာဖြစ်မယ်" ရှီမာယူယူပြောလိုက်သည် "ဆောင်းတွင်းက မီးသွေးအငွေ့လို၊ ကိတ်မုန့်က သကြားခဲလိုပဲ၊ သူတို့ ငါတို့ကိုဘယ်လောက်ပဲ ကူညီကူညီ သူတို့ကို ကျေးဇူးတင်ရမယ်၊ ပြီးတော့ အဲသစ္စာဖောက်တွေကို ပြန်ပေးဆပ်ခိုင်းရမယ်"

ရှီမာယူယူ မျက်လုံးမှ ယုံကြည်ချက်ကို မြင်လိုက်ရသည့်အခါတွင်တော့ အိမ်တော်ထိန်းအနည်းငယ် စိတ်အေးသွားရသည်။ သူသာ မကျဆုံးရင် ရှီမာမျိုးနွယ်လည်း ကျဆုံးမည်မဟုတ်ပေ။

"သခင်လေး အခုကျွန်တော်တို့ဘာလုပ်ကြမလဲ"

"အဲအခြွေအရံတချို့ကိုသွားခေး၊ ခဏလောက်ဆွေးနွေးကြမယ်" ရှီမာယူယူပြောလိုက်သည်။

သူမ မိန္တာထိန်းကျောင်းသည့်သခင်တစ်ယောက်အနေနှင့် အဂ္ဂိရတ်ပညာရှင်တစ်ယောက်အနေနှင့် ရှီမာမျိုးနွယ်အား မကူညီနိုင်မည်ဟု သူမ မယုံကြည်ပေ။

"ကောင်းပါပြီ"

အိမ်တော်ထိန်းထွက်သွားပြီး မကြာမီပင် ထိုအခြွေအရံများခေါ်ကာ ဝင်လာလေသည်။

"ငါးယောက်မြောက်သခင်လေး" အိမ်တော်ထိန်းများသည် ရှီမာယူယူအားအရိုအသေပေးကြသည်။

သူမသည် သူတို့၏ သခင်ဖြစ်သွားလေပြီ။

အရင်ကဆိုလျှင် သူတို့သည် ရှီမာလိုင်၏ အမိန့်ကိုနာခံပြီး သူမအား အသိအမှတ်ပြုခြင်းမရှိခဲ့ပေ။ သို့သော် ထိုရက်ပိုင်းအတွင်းဖြစ်ပျက်ခဲ့သော အရာများကို ကြားပြီးနောက်တွင် အားလုံးသည် သူမအား သခင်အဖြစ်သတ်မှတ်လာကြသည်။

"ရတယ်၊ အားလုံးခုံမှာဝင်ထိုင်ကြ" ရှီမာယူယူ လက်ဝှေ့ပြကာပြောလိုက်သည် "အိမ်တော်ထိန်းက အခြေအနေတွေကို ကျွန်တော့်ကိုရှင်းပြတယ်၊ အရင်ဆုံး ကျွန်တော်တို့ကို ပစ်မသွားပဲ ရှီမာမျိုးနွယ်မှာ သစ္စာရှိရှိနေပေးတဲ့အတွက် အားလုံးကို ကျေးဇူးတင်ပါတယ်၊ အဘိုးနဲ့ အစ်ကိုတွေအစား ကျွန်တော် ကျေးဇူးဆပ်ပါမယ်"

သူမပြောသည်နှင့် တစ်ပြိုင်နက်ထကာ အားလုံးကိုအရိုအသေပေးလိုက်သည်။

"သခင်လေးက လေးနက်လိုက်တာ" အခြွေအရံတချို့သည် ရှီမာယူယူ၏ အရိုအသေပေးခြင်းအား မခံရဲသကဲ့သို့ မတ်တပ်ရပ်လိုက်ကြသည်။

"ကျွန်တော်လုပ်ရမယ့်ဟာ ရှိတယ်" ရှီမာယူယူ ပြန်ထိုင်လိုက်သည်နှင့် ထိုအခြွေအရံများလည်း သူမနှင့်အတူလိုက်ထိုင်လိုက်ကြသည် "ရှီမာမျိုးနွယ်ပြိုကွဲသွားပြီဆိုပြီး အခြွေအရံတစ်ယောက်နှစ်ယောက် ထွက်သွားတယ်လို့လည်း ကျွန်တော်ကြားတယ်၊ အဲ့အတွက် ကျွန်တော် သူတို့ကို အပြစ်မတင်ပါဘူး၊ ဒါပေမယ့် အခုရှီမာမျိုးနွယ်က အရင်ကထက်တော့ အားမနည်းစေရဘူးလို့ ကျွန်တော် ယုံကြည်ချက်ရှိရှိနဲ့ ပြောပါတယ်၊ ပိုပြီးကောင်းလာပါလိမ့်မယ်၊ သူတို့ချခဲ့တဲ့ဆုံးဖြတ်ချက်မှားတယ်ဆိုတာ ကျွန်တော်သူတို့ကို သိစေပါမယ်"

"ကောင်းတယ်"

"သခင်လေးကို ကျွန်တော်တို့ယုံပါတယ်"

"သခင်လေးလုပ်ချင်တာမှန်သမျှကို ကျွန်တော်တို့လုပ်ပေးပါ့မယ်"

ရှီမာယူယူ၏ တိုတောင်းသော စကားများသည် လက်ရှိအားလုံးအား တက်ကြွစေသည်။ သူမသည် သူတို့၏ အမာခံလူကြီးဖြစ်သွားလေပြီ။

"အရင်ဆုံး ဆိုင်တွေပြန်လည်ပတ်နိုင်အောင် လုပ်ရမယ်" ရှီမာယူယူ ပြောလိုက်သည် "ကျွန်တော် ဆေးတွေပေးမယ်၊ ဆေးနဲ့ ဆေးဖက်ဝင်ပစ္စည်းတွေအတွက် အားလုံးစိတ်မပူကြနဲ့၊ ဝိဉာဉ်မို့စ္စာတွေကတော့ ကျွန်တော် မို့စ္စာထိန်းကျောင်းတဲ့သူနည်းနည်းရှာကြည့်မယ်၊ တခြားအတွက်တော့ ကျူမျိုးနွယ်ကို အရင်သွားရှာကြည့်မယ်၊ အကျိုးမရှိဘူးဆိုရင်တောင် ကျွန်တော်တို့ ထည်ပစ္စည်းနည်းနည်းရမယ်၊ ပြတ်လပ်လို့မဖြစ်ဘူး"

သူမသည် အဂ္ဂိရတ်ပညာရှင်ဖြစ်သည်ကို အားလုံးသိကြသည်။ ထို့ကြောင့် ဆေးများအကြောင်းပြောရာတွင် ထူးထူးဆန်းဆန်းမခံစားမိကြပေ။ သို့သော် သူမ ဝိဉာဉ်မို့စ္စာများအကြောင်းပြောရာတွင် သူတို့သည် အနည်းငယ် တုန့်ဆိုင်းသွားကြသည်။

"သခင်လေး မို့စ္စာထိန်းကျောင်းမှုသခင်အသင်းက ကျွန်တော်တို့ကို ကူညီပေးပေမယ့် ကျွန်တော်တို့ လိုအပ်တာတွေရှိသေးတယ်၊ သူတို့ကို အကူအညီတောင်းရင် ဈေးကြီးမှာတော့ စိုးတယ်" အခြွေအရံတစ်ယောက်ကပြောလိုက်သည်။

"သူတို့မှာရှိတဲ့ ပမာဏနည်းနည်းကိုပဲတောင်းလို့ရမယ်လေ၊ တခြားကိစ္စအတွက်နဲ့ဆိုရင်တော့ ကျွန်တော်ကို ကိုယ့်ဘာသာဖြေရှင်းလို့ရပါမယ်" ရှီမာယူယူပြောလိုက်သည်။

"ကိုယ့်ဘာသာဖြေရှင်းမယ်ဟုတ်လား"

"သခင်လေး ကျွန်တော်တို့မှာ မို့စ္စာထိန်းကျောင်းသူသခင်မှ မရှိတာ၊ ဘယ်လိုလုပ် ကိုယ့်ဘာသာဖြေရှင်းလို့ရမလဲ"

"ကျွန်တော်တို့မှာ မိစ္ဆာထိန်းကျောင်းသူသခင် မရှိဘူးလို့ဘယ်သူပြောလဲ" ရှီမာယူယူပြောလိုက်သည်။

"ကျွန်တော်တို့ထဲမှာ မိစ္ဆာထိန်းကျောင်းတာသိတဲ့သူမရှိ...."

အားလုံး၏ အကြည့်များသည် ရှီမာယူယူအပေါ်သို့ကျရောက်လာကာ သူမခေါင်းညိမ့်ပြပြီး ပြောလိုက်သည် "ဟုတ်တယ် ကျွန်တော်က မိစ္ဆာထိန်းကျောင်းသူသခင်ပဲ၊ အဲဒါကြောင့် နောက်ဆိုရင် ခင်ဗျားတို့ ဝိဉာဉ်မိစ္ဆာဖမ်းဖို့ လူလွှတ်လိုက် ကျွန်တော်သူတို့ကို လေ့ကျင့်ပေးလို့ရတယ်"

"သခင်ဧက မိစ္ဆာထိန်းကျောင်းသူသခင်လား"

အခုလက်ရှိအခြေအနေမှန်အားစဉ်းစားကာ သူတို့သည် သူမအား အံ့အားသင့်စွာကြည့်နေခဲ့ကြသည်။

"အဂ္ဂိရတ်ပညာရှင်က မိစ္ဆာထိန်းကျောင်းမှုသခင်မဖြစ်ရဘူးလို့ဘယ်သူပြောလဲ" ရှီမာယူယူ တစ်ခွန်းတည်းပြောလိုက်သည်။

"ဘယ်သူမှမပြောပါဘူး"

ထိုလူသည် ခေါင်းရမ်းကာ ထိုစကားကြားရချိန်တွင် အံ့သြသွားခဲ့ရသည်။

"ဒါပေမယ့် သခင်လေး ကျွန်တော်တို့ ဝိဉာဉ်မိစ္ဆာတွေသွားဖမ်းရင် ကျွန်တော်တို့မှာ လူအင်အားမလောက်မှာစိုးတယ်" အိမ်တော်ထိန်းပြောလိုက်သည်။

"ဒါဆိုထပ်ခန့်လိုက်ပေါ့" ရှီမာယူယူပြောလိုက်သည်။

"ဒါပေမယ့် သခင်လေး၊ ကျွန်တော်တို့လက်ထဲမှာ အခုပိုက်ဆံမရှိဘူး" အိမ်တော်ထိန်းပြောလိုက်သည်။ "အရင်တုန်းက ကျွန်တော်တို့က ကုန်စွည်းတွေကို အမြတ်သိပ်တင်မထားဘူး၊ အခု အိမ်ကိုလည်းပြင်ရမယ်၊ သွင်းကုန်အတွက်လည်း လိုသေးတယ်၊ အဲဒါတွေအတွက် ပိုက်ဆံလိုတယ်၊ ပြီးတော့ အဲဝိဉာဉ်သခင်တွေက ပိုက်ဆံရှိမှလာကြမှာ"

"ပိုက်ဆံမရှိဘူး.... ဒါကပြဿနာကြီးပဲ" ရှီမာယူယူပြောလိုက်သည် "ဒါပေမယ့် ပိုက်ဆံမဟုတ်ရင်တောင် သူတို့ ကျွန်တော်တို့အတွက်အလုပ်လုပ်ပေးဖို့တခြားနည်းလမ်းရှိတာပဲ၊ ဥပမာ သူတို့လိုချင်တာပေးတာမျိုးပေါ့"

## အခန်း(၁၁)

### အပိုင်း(၁၃၇)-မိစ္ဆာထိန်းကျောင်းသူအသင်းသို့ဦးတည်ခြင်း

ထိုအစည်းအဝေးသည် နှစ်နာရီလောက်ကြာသွားသည်။ အစည်းအဝေးခန်းမမှ ထွက်လာသောအခါ အားလုံး၏ မျက်နှာများသည် ယုံကြည်ချက်အပြည့်ဖြစ်နေကြသည်။ သူတို့ရှေ့တွင် အလွန်ပြည့်စုံနေမည့် အနာဂတ်ရှိနေသည်။

အခြွေအရံများနောက်တွင် ရှီမာယူယူထွက်လာကာ သူတို့သည် ရှီမာယူယူအားမြင်သောအခါ ဝမ်းမြောက်ဝမ်းသာဖြစ်သွားကြသည်။

ရှီမာယူယူတွင် အားနည်းချက်ရော တုံ့ဆိုင်းမှုပါမရှိပေ။ ထိုအချိန်တိုအတွင်းတွင် သူတို့သခင်သည် ရှုံးနိမ့်မသွားပဲ အဆင်ပြေပြေဖြင့် အားလုံးကို အစီအစဉ်ချနိုင်ခဲ့သည်။

သူတို့တွေးထင်ခဲ့သော သခင်သည် ထိုမျှလောက် ခေါင်းဆောင်အရည်အချင်းရှိလိမ့်မည်ကို ထင်မထားခဲ့ပေ။

"သခင်လေး" ချွန်ဂျီအန်းသည် အပြင်တွင်တစ်ချိန်လုံးစောင့်နေခဲ့သည်။ ရှီမာယူယူထွက်လာသည်ကို မြင်သည်နှင့် သူမရှေ့ထွက်လာကာမေးလိုက်သည် "သခင်လေး၊ သခင်လေးကျူနဲ့တခြားသူတွေလာကြတယ်၊ သူတို့စောင့်နေတာ နည်းနည်းတော့ကြာပြီ"

"ဖက်တီးနဲ့ တခြားသူတွေလာတယ်ဟုတ်လား၊ သူတို့ဘယ်မှာလဲ" ရှီမာယူယူမေးလိုက်သည်။

"သူတို့အပြင်မှာစောင့်နေကြပါတယ်" ချွန်ဂျီအန်းပြောလိုက်သည် "ကျွန်မတို့မှာ အိမ်အများကြီးမရှိတော့ဘူးဆိုတော့ သူတို့ကို အပြင်မှာပဲစောင့်ခိုင်းထားလိုက်တယ်"

"ငါသိပြီ" ရှီမာယူယူပြောလိုက်သည် "အိမ်တော်ထိန်း သွားလို့ရပါပြီ"

"ဟုတ်ကဲ့ပါ ဒီအစေခံအိုကြီးသွားပါတော့မယ်" အိမ်တော်ထိန်းသည် အရိုအသေပေးကာ လှည့်ထွက်သွားတော့သည်။

ချွန်ဂျီအန်း ရှီမာယူယူအား ရှေ့မှဦးဆောင်ခေါ်သွားတော့သည်။ လူတစ်စု မတ်တပ်ရပ်နေသည်ကို တွေ့သဖြင့် သူမခြေလှမ်းများသွက်လိုက်သည်။

"ယူယူ" သူမလျှောက်လာသည့်ခြေသံကိုကြားသည်နှင့် သူတို့လှည့်ကြည့်လိုက်ကြသည်။

ဘေဂုံထန်နှင့် တခြားသူများ၏ မျက်နှာတွင် စိုးရိမ်မှုများကို ရှီမာယူယူမြင်လိုက်ပြီး သူတို့အားပြုံးပြကာ ပြောလိုက်သည် "မင်းတို့အတွက်နေရာမရှိတာ တောင်းပန်ပါတယ်"

"ယူယူ မင်းကျောင်းကထွက်သွားတယ်ကြားလို့ ငါတို့ကြည့်ဖို့လာကြတာ" ဘေဂုံထန်ပြောလိုက်သည် "မင်းရဲ့ ခန္ဓာကိုယ်အခုဘယ်လိုနေလဲ"

"ဟုတ်တယ် <u>မင်းရဲ့အရိုးတွေကျိုးသွားတယ်လို့ငါကြားတယ်၊</u> အခုဘယ်လိုနေလဲ တစ်ကိုယ်လုံးနာတုန်းပဲလား" ဖက်တီးကျူမေးလိုက်သည်။

ရှီမာယူယူ ခေါင်းခါကာ ပြောလိုက်သည် "ဘယ်လိုလုပ်အဲလောက်ပြင်းထန်မလဲငါရက်နည်းနည်းလောက်မေ့လဲသွားပြီး သက်သာတဲ့အချိန် နိုးလာတာပဲ"

"တကယ်လား" ဝေကျို့ရှီ ရှီမာယူယူအားကြည့်သည်နှင့် အဆင်ပြေသည့်အကြောင်း သူမခန္ဓာကိုယ်အား လှုပ်ပြလိုက်သည်။ ထိုမှသာ အားလုံးစိတ်သက်သာရာ ရတော့သည်။

"တခြားနေရာမှ သွားပြောရအောင်၊ အခုတော့ စစ်သူကြီးအိမ်တော်မှာ မင်းတို့အတွက်အဆင်ပြေမယ့်နေရာမရှိသေးဘူး" ရှီမာယူယူပြောလိုက်သည် "ငါတို့ဒီနားက လက်ဖက်ရည်ဆိုင်သွားရအောင်"

သူတို့ငါးယောက်သည် လက်ဖက်ရည်ဆိုင်သို့သွားကာ သီးသန့်အခန်းကို ယူလိုက်ကြသည်။ လက်ဖက်ရည်လာချသောအခါတွင် ဆိုင်ရှင်သည် ရှီမာယူယူအား တစ်ခဏမျှစိုက်ကြည့်သွားသည်။

ရှီမာယူယူ လက်ဖက်ရည်ပန်းကန်အားကောက်ယူကာ ဖက်တီးကျူအားပြောလိုက်သည် "ဖက်တီး၊ ငါမင်းကို ဂုဏ်ပြုပေးချင်တယ် ငါလိုအပ်နေတဲ့အချိန်မှာ ငါ့မျိုးနွယ်ကို ကူညီပေးလို့ကျေးဇူးတင်တယ်"

"ယူယူ မင်းဒီလိုလုပ်တာနဲ့ ငါ့ကျင့်သားမရသေးဘူး" ဖက်တီးကျူသည် ခေါင်းကုတ်ကာပြောလိုက်သည်။

ရှီမာယူယူ ပြုံးကာ လက်ဖက်ရည်ပန်းကန်အားပြန်ချလိုက်သည်။ ထို့နောက် နောက်တစ်ခွက်ထည့်ကာ ဝေကျိုရှီအားပြောလိုက်သည် "ဒါက မင်း ဘိုးလေးကိုပြောပေးလို့ မိစ္ဆာထိန်းကျောင်းသူအသင်းက ကူညီပေးတဲ့အတွက်၊ ကျေးဇူးပါကျိုရှီ"

ဝေကျိုရှီသည် လက်ဝှေ့ပြကာ ပြုံးလိုက်ပြီး ရှီမာယူယူနှင့်အတူ လက်ဖက်ရည်တစ်ခွက်သောက်လိုက်သည်။

ရှီမာယူယူ သုံးခွက်မြောက်လက်ဖက်ရည်ထည့်ကာ ပြောလိုက်သည် "ဒီတစ်ခွက်က ဒီအတောအတွင်း ငါ့ကို မင်းတို့ကူညီပေးတဲ့အတွက်ပဲ"

ဂူရန်ဖေနှင့် ဘေကုံထန်တို့သည် ခွက်အားကိုင်ကာ လက်ဖက်ရည်သောက်လိုက်ကြသည်။

"ယူယူ အခုလက်ရှိ ရှီမာမျိုးနွယ်ရဲ့ အခြေအနေကမကောင်းဘူးလို့ကြားတယ်၊ မင်းမှာတခြားအစီအစဉ်ရှိလား" ဖက်တီးကျူပြောလိုက်သည်။

"ရှိတာပေါ့" ရှီမာယူယူပြောလိုက်သည် "အဲလူတွေက ရှီမာမျိုးနွယ်ရဲ့ အိမ်တွေကို လွယ်လွယ်နဲ့ ပျက်စီးမယ်လို့ထင်နေကြတယ်၊ အဘိုးနဲ့ အစ်ကိုတွေမရှိပေမယ့် ငါရှိနေသေးတယ်၊ ငါရှီမာမျိုးနွယ်ကို အရင်ကထက် အားနည်းသွားတာမျိုးအဖြစ်မခံနိုင်ဘူး၊ ငါပိုပြီး အင်အားလွှမ်းမိုးနိုင်အောင်လုပ်မှာ"

"မင်းမှာ ဘာအစီအစဉ်ရှိလဲ" ဝေကျိုရှီမေးလိုက်သည်။

ရှီမာယူယူပြုံးကာ "အဲအတွက် ငါမင်းရဲ့အကူအညီလိုတယ်...."

နောက်တစ်နေ့တွင် ရှီမာယူယူ ဒုဉက္ကဋ္ဌနှင့်တွေ့ရန် ဝေကျိုရှီနှင့်အတူ မိစ္ဆာထိန်းကျောင်းသူများအသင်းသို့ လိုက်လာခဲ့သည်။

"ဘိုးလေး ယူယူလာပါတယ်" ဝေကျိုရှီ ရှီမာယူယူအား ဧည့်ခန်းသို့ခေါ်လာကာ ထိုလူ၏ မျက်နှာချင်းဆိုင်တွင်ထိုင်လိုက်သည်။

ရှီမာယူယူ အရိုအသေပေးကာပြောလိုက်သည် "ဒုဉက္ကဋ္ဌကို နှုတ်ဆက်ပါတယ်"

ဒုဉက္ကဋ္ဌ ခေါင်းညိမ့်ကာ ပြောလိုက်သည် "ငါးယောက်မြောက်သခင်လေး ထိုင်ပါ"

"ကျေးဇူးတင်ပါတယ် ဒုဉက္ကဋ္ဌ၊ ယူယူလို့ခေါ်ပါ"

ရှီမာယူယူနှင့် ဝေကျိရှီတို့ထိုင်သည်နှင့် အစေခံသည် လက်ဖက်ရည်လာချပေးသည်။

"ယူယူ မနေ့က ကျိရှီငါ့ကိုလာရှာတယ်၊ မင်းငါ့ကိုတွေ့ချင်တယ်လို့ပြောတယ်၊ ဘာဖြစ်လို့လဲ" ဒုဉက္ကဋ္ဌမေးလိုက်သည်။

"ဒီလိုပါ၊ ကျွန်တော်သတိပြန်ရလာတော့ မိစ္ဆာထိန်းကျောင်းသူအသင်းက ကျွန်တော်တို့ကို ကူညီတဲ့အကြောင်း အိမ်တော်ထိန်းဆီကနေကြားရပါတယ်၊ သခင်ကြီးအမိန့်လို့လဲကြားပါတယ်၊ အဲဒါကြောင့် ကျွန်တော် လာပြီးကျေးဇူးတင်ကြောင်းပြောတာပါ၊ ပြီးတော့ ဒုဉက္ကဋ္ဌနဲ့ ဆွေးနွေးစရာကိစ္စလေးရှိလို့ပါ"

"ငါ မင်းအဘိုးနဲ့ အဆက်အသွယ်မရှိပေမယ့် သူက လူမှန်ဖြစ်တာကို ငါသိပါတယ်၊ ပြီးတော့ မင်းနဲ့ ကျိရှီနဲ့က သူငယ်ချင်းကောင်းတွေဖြစ်နေကြတော့ မင်းကို မကူညီနိုင်စရာအကြောင်းမရှိပါဘူး" ဒုဉက္ကဋ္ဌပြောလိုက်သည်။ "မင်းဆိုင်အခြေအနေအတွက်ဆိုရင် လူလွှတ်ပြီး တောင်းဆိုလို့ရတာပဲ"

"အဲအတွက်ကြောင့်ပါ၊ ကျွန်တော် အခြွေအရံတွေနဲ့ တိုင်ပင်ပြီးပြီမို့လို့ပါ၊ အဲဒါကြောင့် ကျွန်တော် ကျိရှီကိုပြောပြီး သခင်ကြီးကိုလာရှာတာပါ" ရှီမာယူယူပြောလိုက်သည် "ဒုဉက္ကဋ္ဌ ကျွန်တော် အကူအညီလိုချင်လို့ ဒီကိုလာတာမဟုတ်ပါဘူး မိစ္ဆာထိန်ကျောင်းသူအသင်းနဲ့ လက်တွဲချင်လို့ပါ"

"လက်တွဲချင်တယ်ဟုတ်လား" ဒုဉက္ကဋ္ဌသည် ရှီမာယူယူအားကြည့်ကာ သူသည် သူတိုနှင့် လက်တွဲရန်ဖြစ်နိုင်သလားဆိုသည်ကို မသိပါ။ "မိစ္ဆာထိန်းကျောင်းသူအသင်းရဲ့ ဆုံးဖြတ်ချက်ကို ငါတစ်ယောက်တည်းလုပ်လို့မရဘူး၊ မင်း မိစ္ဆာထိန်းကျောင်းသူအသင်းနဲ့ လက်တွဲချင်ရင် သူတို့စိတ်လှုပ်ရှားသွားမယ့် တစ်ခုခုကို မင်းပြရလိမ့်မယ်"

"ကျွန်တော်ဒီအထိရောက်လာမှတော့ အဲအတွက်စဉ်းစားပြီးသားပါ" ရှီမာယူယူပြောလိုက်သည်။

"ဒါဆို ပြောပါ.. မိစ္ဆာထိန်းကျောင်းသူအသင်းနဲ့ လက်တွဲမယ့်အစီအစဉ်က ဘယ်လိုလဲ" ဒုဉက္ကဋ္ဌမေးလိုက်သည်။

"ရှီမာမျိုးနွယ်မှာ လေ့ကျင့်ပြီးသား ဝိဉာဉ်မိစ္ဆာတွေလိုနေပါတယ်၊ မိစ္ဆာထိန်းကျောင်းသူအသင်းက ကျွန်တော်တို့လိုအပ်ချက်ကို ဖြည့်ပေးဖို့မျှော်လင့်ပါတယ်" ရှီမာယူယူပြောလိုက်သည် "ပြန်ပေးမှာကတော့ မိစ္ဆာထိန်းကျောင်းသူအသင်းအတွက် သူတော်စင်မိစ္ဆာတွေထိန်းကျောင်းရာမှာ ကျွန်တော်ကူညီပေးပါမယ်"

"မင်းဘာပြောလိုက်တယ်၊ မင်း သူတော်စင်မိစ္ဆာတွေကို လေ့ကျင့်ပေးလို့ရတယ် ဟုတ်လား"

ထိုဆန်းပြားသော အကြောင်းအရာအား ဝေကျိရှီနှင့် ဒုဉက္ကဋ္ဌတို့ ကြားလိုက်ချိန်တွင်တော့ ကြက်သေသေသွားကြသည်။

ရှီမာယူယူ ခေါင်းညိမ့်ကာ ပြောလိုက်သည် "ဟုတ်ပါတယ်၊ ကျွန်တော့် ကမ်းလမ်းချက်ကို မိစ္ဆာထိန်းကျောင်းသူအသင်းက လက်ခံဖို့ဖြစ်နိုင်မလား သိချင်ပါတယ်"

"ယူယူ မင်းကမ်ိဳ္ဓစာထိန်းကျောင်းသူလား" ဝေကျိရှို ရှီမာယူယူအားကြည့်လိုက်သည်။ သူမနှင့် အတူ တစ်မိုးတည်းအောက်တွင် နေခဲ့ပေမယ့် အံ့သြပြီးရင်း အံ့သြရသည်။

ရှီမာယူယူခေါင်းညိမ့်လိုက်သည်။

ရှီမာယူယူအားကြည့်သော ဒုဉက္ကဋ္ဌ၏ အကြည့်သည် ပြောင်းလဲသွားသည်။ သူပြောသည်မှာ "မင်းအရင်က သူတော်စင်မ်ိဳ္ဓစာကိုလေ့ကျင့်ပေးဖူးလား"

"ဟုတ်"

"အဆင့်ဘယ်လောက်လဲ"

"အဆင့်လေး"

ဝေကျိရှို့သည် ရှီမာယူယူအား ထူးဆန်းသော သတ္တဝါတစ်ကောင်ကဲ့သို့ကြည့်နေခဲ့သည်။ အရည်အချင်းရှိသူသည် ပုံမှန်မဟုတ်သော အကျိုးရလဒ်ကောင်းများရရှိတတ်သည်ဟု ဘိုးလေးပြောဖူးသည်။ သို့သော် အခုတော့ သူသည်ပင် သူတော်စင်မ်ိဳ္ဓစာအားမထိန်းကျောင်းနိုင်ခင်ပင် ရှီမာယူယူသည် အဆင့်လေးသူတော်စင်မ်ိဳ္ဓစာအားထိန်းကျောင်းနိုင်ပြီးဖြစ်သည်။

သူ့ဘိုးလေးကဲ့သို့ မ်ိဳ္ဓစာထိန်းကျောင်းသူအသင်း၏ ဒုဉက္ကဋ္ဌသည်ပင်လျှင် နှစ်ပေါင်းရာချီနေခဲ့မှပင် အဆင့်ခြောက်သူတော်စင်မ်ိဳ္ဓစာကို ထိန်းကျောင်းနိုင်ခြင်းဖြစ်သည်။

ထို့အပြင် သူမဝိဉာဉ်စွမ်းအင်သည် ထို့ထက်ပင်မြင့်သေးသည်၊ ပြီးတော့ သူမသည် အင်္ဂရတ်ပညာရှင်လည်းဖြစ်သေးသည်။

သူ ခေါင်းကုတ်လိုက်ကာ ဒီလူသည် သူနှင့်အတူနေခဲ့သော သူမဟုတ်ရဲ့လား။

မဖြစ်နိုင်တာ၊ သူမလူသားမဟုတ်ရဲ့လား။ သူမသည် ပါရမီရှင်ဖြစ်နေသည်မှာ အသေချာပင်။

"မဖြစ်နိုင်တာ" ရှီမာယူယူအားကြည့်ကာ ဒုဉက္ကဋ္ဌသည် အသိပြန်ဝင်လာကာ ပြောလိုက်သည်။

"ကျွန်တော် သက်သေပြနိုင်ပါတယ်" ရှီမာယူယူပြောလိုက်သည် "အသင်းမှာ မထိန်းကျောင်းရသေးတဲ့ ဝိဉာဉ်မ်ိဳ္ဓစာရှိရင် ကျွန်တော်လေ့ကျင့်ပေးနိုင်ပါတယ်၊ အဲဒါကို ကျွန်တော်တို့နဲ့ လက်တွဲတဲ့ အထိမ်းအမှတ်အဖြစ်သတ်မှတ်နိုင်ပါတယ်"

"ကောင်းပြီလေ၊ ပြီးခဲ့တဲ့နှစ်ရက်ကရောက်တဲ့ သူတော်စင်မ်ိဳ္ဓစာရှိတယ်၊ ငါတို့နောက်နှစ်ရက်လောက်မှ လေ့ကျင့်ပေးမလို့လုပ်ထားတာ၊ မင်းအခု လုပ်ကြည့်ချင်ရင် ငါပေးလို့ရတယ်" ဒုဉက္ကဋ္ဌသည ထိုလူငယ်အား စိတ်ဝင်စားသွားပြီး အခုလေးတင်ပို့လိုက်သော ဝိဉာဉ်မ်ိဳ္ဓစာကိုသတိရမိသည်နှင့် ကြိုးစားကြည့်ခိုင်းလိုက်သည်။ သူသည် သူတော်စင်မ်ိဳ္ဓစာအားထိန်းကျောင်းနိုင်သည်ဟု ပြောသောကြောင့် သူကြည့်ချင်သည်။

ရှီမာယူယူ ယုံကြည်မှုအပြည့်ဖြင့် ပြုံးလိုက်သည် "ကောင်းပါပြီ"

အခန်း(၁၂)

အပိုင်း(၁၃၈)-အားလုံး၏ တုန်လှုပ်မှု

"ကောင်းပြီလေ၊ မင်း သူတော်စင်မိစ္ဆာကို လေ့ကျင့်တာအောင်မြင်ရင် ငါတို့ဒီအတောအတွင်း ရှီမာမျိုးနွယ်ကို ဝိဉာဉ်မိစ္ဆာတွေထောက်ပံ့ပေးနိုင်ပါတယ်၊ ငါတို့လက်ဆောင်အဖြစ်အလကားပေးပါမယ်" ဒုဥက္ကဋ္ဌပြောလိုက်သည် "မင်း ဝိဉာဉ်မိစ္ဆာကို မထိန်းကျောင်းနိုင်ရင် ငါတို့မိစ္ဆာထိန်းကျောင်းသူအသင်းက မင်းကိုတော့ ကူညီပေးမယ် ဒါပေမယ့် မင်းတန်ကြေးတစ်ခုပြန်ပေးရမယ်"

"ကောင်းပါပြီ" ရှီမာယူယူခေါင်းညိမ့်လိုက်သည် "ဒါပေမယ့် ကျွန်တော့်မှာ တောင်းဆိုချက်သေးသေးလေးတော့ရှိတယ်"

"ပြောပါ"

"ကျွန်တော် လူတွေရှေ့မှာ မိစ္ဆာလေ့ကျင့်ပေးချင်တယ်" ရှီမာယူယူပြောလိုက်သည်။

"လူရှေ့မှာ မိစ္ဆာလေ့ကျင့်ပေးမယ်ဟုတ်လား"

"ဟုတ်ပါတယ်၊ လူတွေပြည့်နေမယ့် နေရာမျိုးဆိုကောင်းပါတယ်၊ အများသုံးကွင်းပြင်လိုမျိုးဆို အဆင်ပြေပါတယ်" ရှီမာယူယူပြောလိုက်သည်။

ဒုဥက္ကဋ္ဌသည် စဉ်းစားကြည့်သည့်နောက်မှပင် ရှီမာယူယူ၏အစီအစဉ်ကိုနားလည်သွားရသည်။ သူသာ အားလုံး၏ရှေ့တွင် မိစ္ဆာထိန်းကျောင်းပြပါက ဒုံချန်းနိုင်ငံတွင် ချက်ချင်းပင် သူ့ဘက်ကရပ်တည်မည့်သူများပေါ်လာမည်။ အားလုံးသည် ရှီမာမျိုးနွယ်အား သားကောင်အဖြစ်တွေးထားသော အတွေးများပြန်ရုတ်သိမ်းသွားမည်ဖြစ်သည်။ သူ့ကိုယ်ပိုင်အမည်အပေါ်တွင်ပင် ဝိဉာဉ်သခင်များကို ဆွဲဆောင်နိုင်မည်။

"ကောင်းပြီ၊ ငါ စီစဉ်ဖို့လူလွှတ်လိုက်မယ်၊ ငါတို့ခဏနေရင် ဝိဉာဉ်ထိန်းကျောင်းဖို့ မြို့တော်ရဲ့ အများသုံးကွင်းပြင်ကိုသွားကြမယ်"

ပြင်ဆင်ရန် လူများလွှတ်ပြီးနောက် ဒုဥက္ကဋ္ဌသည် အခုလေးတင်ရောက်လာသော သူတော်စင်မိစ္ဆာအားကြည့်ရန် ရှီမာယူယူအားခေါ်သွားလေသည်။

အဆင့်နှစ်ဝက်ဝံသည် သော့ခတ်ထားသော လှောင်အိမ်ထဲတွင်ရှိနေသည်။ တစ်စုံတစ်ယောက်လာသည်ကို မြင်သည်နှင့် အကြည့်များသည် မုန်းတီးသည့်အကြည့်များဖြစ်သွားသည်။

"အဆင့်နှစ်သူတော်စင်မိစ္ဆာလား" အကြည့်တစ်ချက်နှင့်ပင် ထိုဝက်ဝံမိစ္ဆာ၏အဆင့်ကို ရှီမာယူယူသိရှိလိုက်သည်။

"ဒီဝက်ဝံမိစ္ဆာရဲ့ စိတ်စွမ်းအင်က မြင့်တဲ့အထဲမှာပါတယ်၊ သူက အဆင့်နှစ်ဖြစ်ပေမယ့် အဆင့်သုံးသူတော်စင်မိစ္ဆာကို လေ့ကျင့်ပေးရတာထက်ခက်တယ်" ဒုဥက္ကဋ္ဌပြောလိုက်သည်။

"အင်း.." ရှီမာယူယူသည် လှောင်အိမ်ထဲမှ ဝက်ဝံမိန္ဓာအားကြည့်ကာ စိတ်ပူသည့်ပုံမပေါ်ပေ။

ထိုအချိန်တွင် အစေခံနှစ်ယောက်သည် ဝင်လာကာ ဒုဥက္ကဋ္ဌကို အရိုအသေပေးပြီး ပြောလိုက်သည် "ဒုဥက္ကဋ္ဌ ဝိဉာဉ်မိန္ဓာကို ခေါ်သွားပါတော့မယ်"

ဒုဥက္ကဋ္ဌခေါင်းညိမ့်ကာ ပြောလိုက်သည် "သွားတော့ ဂရုစိုက်ဦး"

"ဟုတ်ကဲ့ပါ"

လူနှစ်ယောက်သည် လျှောက်လာကာ လှောင်အိမ်အားသယ်ဆောင်ပြီး ထွက်သွားကြလေသည်။ ထိုအကောင်သည် သေးငယ်သော ပုံစံဖြစ်ပေမယ့် ခန္ဓာကိုယ်တည်ဆောက်မှုမှာ ပြောစရာမလိုပေ။

"ငါတို့လည်းသွားမယ်လေ" ဒုဥက္ကဋ္ဌသည် ပြောပြီးသည်နှင့် အရင်လှည့်ကာထွက်သွားလေသည်။

ရှီမာယူယူ ခြေလှမ်းလှမ်းကာ နောက်မှလိုက်ရန်ဟန်ပြင်စဉ်တွင် ဝေကျိရှီသည် သူမအားဆွဲထားလေသည်။

"ဘာလဲ" ဝေကျိရှီအား သူမရှုပ်ထွေးစွာကြည့်လိုက်သည်။

ဝေကျိရှီ သူမအား နီးကပ်အောင်ဆွဲကာ လေသံဖြင့်ပြောလိုက်သည် "ယူယူ ဒီဝက်ဝံမိန္ဓာကို ဘယ်လိုထိန်းကျောင်းရမလဲဆိုတာ မင်းတကယ်သိတာလား၊ ဒါက အဆင့်နှစ်သူတော်စင်မိန္ဓာနော် မင်းသိရဲ့လား၊ မင်းမထိန်းကျောင်းနိုင်ရင် နာမည်ပျက်လိမ့်မယ်"

"မင်းစိတ်အေးအေးထားပါ၊ မဖြစ်နိုင်တာကို ငါဘယ်တုန်းက အာမခံဖူးလို့လဲ" ရှီမာယူယူပြုံးကာ လှည့်ထွက်ပြီး ဒုဥက္ကဋ္ဌနောက်သို့လိုက်ခဲ့လေသည်။

ဝေကျိရှီသည် ထွက်သွားသော ရှီမာယူယူ၏ နောက်ကျောအားကြည့်ကာ သက်ပြင်းချပြီး သူမနောက်မှလိုက်ခဲ့လေသည်။

သူမ ယုံကြည်ချက်အပြည့်ရှိနေလျှင် သူမပြောသည့်အတိုင်းလုပ်တတ်သည်ကို သူသိသည်။ သူမသည် မိန္ဓာထိန်းကျောင်းသည့်သခင်ကောင်းဖြစ်ကြောင်းကို သူယုံချင်သည်။

ရှီမာယူယူနှင့် တခြားသူများ အများပိုင်ကွင်းပြင်သို့ရောက်သောအခါ လူအများအပြားရောက်နှင့်နေပြီကို တွေ့လိုက်ရသည်။ ကွင်းပြင်တွင် ခြေချစရာနေရာပင်မရှိပေ။ တစ်စုံတစ်ယောက်သည် လူအများရှေ့ဝိဉာဉ်မိန္ဓာထိန်းကျောင်းမည်ဟု အားလုံးက ကြားသိရချိန်တွင် အားလုံးသည် အလွန်အမင်းစပ်စုစွာဖြင့် ပြေးလာကြတော့သည်။

ရှီမိုလီနှင့် နာလန်လန်တို့သည်လည်း အများပိုင်ကွင်းပြင်သို့ဖြတ်လျှောက်လာကြသည်။ မိန္ဓာထိန်းကျောင်းသူအသင်းမှ တစ်စုံတစ်ယောက်သည် ဝိဉာဉ်မိန္ဓာထိန်းကျောင်းမည်ဟုကြားသော် သူတို့သည် မြင်းရထားလုံးမှဆင်းကာ ထိုအပြုအမူအားလုပ်မည့်သူအားကြည့်ရန် အများပိုင်ကွင်းပြင်အလယ်သို့ရောက်လာကြသည်။

"လမ်းဖယ်ပေးကြ" အစောင့်သည် ဒုဥက္ကဋ္ဌအတွက်လမ်းပြုလုပ်ပေးရာ လူများဖယ်ပေးကြသည်နှင့် မို့ဗ္ဗာထိန်းကျောင်းသူအသင်းမှလူများကို တွေ့လိုက်ရသည်။

ထိုဒုဥက္ကဋ္ဌပေါ်လာသည်နှင့် မြို့တော်မှလူများသည် သူ့အားသိကြသည်။ သူ့နောက်မှ ရှီမာယူယူလိုက်လာသည်ကို တွေ့သည်နှင့် အများစုသည် အံ့သြသွားကြသည်၊ သူတို့ဘာလုပ်မည်ကိုလည်းမတွေးမိကြပေ။

ဒုဥက္ကဋ္ဌသည် ရှီမာယူယူအား ရောင်အိမ်နှင့်ရှိနေသော ဝက်ဝံမို့ဗ္ဗာရှိနေသည့် ကွင်းပြင်အလယ်အားခေါ်လာခဲ့သည်။

"ဒီနေရာကို ဘယ်လိုရှာတွေ့တာလဲ"

ရှီမာယူယူ အနားရှိလူများအားကြည့်လိုက်သည်။ လွှမ်းမိုးနိုင်သောစွမ်းအားရှင်တွေလာတာပဲ မဆိုးပါဘူး၊ နောက်တွင် မို့ဗ္ဗာထိန်းကျောင်းသူများအသင်းများလူများသည် အလျင်အမြန်ပင်လုပ်ငန်းစတင်ကြတော့သည်။ လူအများ၏အာရုံကို ဖမ်းစားနိုင်ရန် လုပ်ဆောင်ရုံသာမာ လူများကို အပြင်တွင်ထားရန် စည်းတားလိုက်သည်။

"အရမ်းကောင်းတယ်" ရှီမာယူယူပြောလိုက်သည်။

"ဒါဆို မင်းမစခင် အခြေအနေကို အကဲခတ်လို့ရတယ်" ဒုဥက္ကဋ္ဌပြောလိုက်သည်။

"မလိုပါဘူး" ရှီမာယူယူပြောပြီးသည်နှင့် အများပိုင်ကွင်းပြင်အလယ်သို့သွားကာ ရောင်အိမ်ရှေ့တွင် ထိုင်ချလိုက်သည်။

"ရှီမာယူယူလား"

"သူက ရောင်အိမ်ရှေ့မှာထိုင်ပြီးဘာလုပ်နေတာလဲ"

"ရှီမာမျိုးနွယ်မှာ ကိစ္စတွေဖြစ်ခဲ့တာမလား၊ သူက ဘာလို့ဒီမှာရှိနေသေးတာလဲ"

"သူလုပ်နေတဲ့ပုံကြည့်ရတာ သူက မို့ဗ္ဗာကိုထိန်းကျောင်းချင်လို့လား" "မဖြစ်နိုင်တာ၊ သူက အမိုက်မဟုတ်ဘူးလား၊ ဘယ်လိုလုပ် မို့ဗ္ဗာထိန်းကျောင်းသူသခင်ဖြစ်နိုင်မှာလဲ"

"မင်းက အခုမှအပြင်ကပြန်လာတာလား၊ ဒီရှီမာယူယူက အမိုက်မဟုတ်တော့ဘူး၊ သူကျင့်ကြံနေတာ တစ်နှစ်လောက်ရှိပြီ၊ အခုသူက အဆင့်နှစ် အဂ္ဂိရတ်ဆရာဖြစ်နေပြီ၊ အခု သူ့အရည်အချင်းက ငါတို့တစ်ဘဝလုံးတောင် လိုက်မှီမှမဟုတ်တော့ဘူး၊ သူက ဘယ်လိုလုပ် အမိုက်ဖြစ်ရမှာလဲ"

"ဘာ သူက အဂ္ဂိရတ်ပညာရှင်ဟုတ်လား၊ အဆင့်နှစ်တောင်"

"ဟုတ်တယ်၊ ပြီးခဲ့တဲ့တစ်ခေါက် ဘုရင်ကြီးရဲ့ ညှော်ခံပွဲမှာ သူက နေရာတင်ပဲဆေးဖော်ပြတယ်၊ ဒါ အင်ပါယာမြို့တော်က လူတိုင်းသိကြတာပဲ"

"သူက အင်္ဂရိတ်ပညာရှင်ဆို သူက ဝိဉာဉ်မှော်စွာထိန်းကျောင်းဖို့ဘာလို့ပေါ်လာတာလဲ"

"သူက မှော်စွာထိန်းကျောင်းသူသခင်လား"

"ဘယ်လိုလုပ်ဖြစ်နိုင်မှာလဲ၊ သူမ အင်္ဂရိတ်ပညာရှင်ဖြစ်တာပဲ ထူးဆန်းလှပြီ၊ ဘယ်လိုလုပ် မှော်စွာထိန်းကျောင်းသူသခင်ဖြစ်ရမှာလဲ၊ တကယ်သာအဲလိုဆိုရင် ငါတို့သေဖို့နေရာရှာထားရအောင် ဘာလို့အသက်ရှင်နေတော့မလဲ"

"ဒါပေမယ့် သူ့ကြည့်ရတာ တကယ်မှော်စွာထိန်းကျောင်းနိုင်တဲ့ပုံပဲ"

"သူသာ တကယ်ပဲ မှော်စွာထိန်းကျောင်းသူသခင်ရော၊ အင်္ဂရိတ်ပညာရှင်ရောဆိုရင် သူဘယ်လောက်တောင် အားကြီးမလဲ၊ ရှီမာမျိုးနွယ်မှာ သူတစ်ယောက်ပဲကျန်ရင်တောင် ပြိုလဲမှာမဟုတ်တော့ဘူး"

"မင်းတို့ သတိမထားမိကြဘူးလား၊ လှောင်အိမ်ထဲက သူတော်စင်အဆင့်မှော်စွာနဲ့တူတယ်"

"ဘာပြောတယ်"

အားလုံး၏ အကြည့်များသည် လှောင်အိမ်သို့ရောက်သွားကာ သူတော်စင်မှော်စွာအားမြင်လိုက်ရသည်။ သူသာ မှော်စွာအားထိန်းကျောင်းရာတွင် အောင်မြင်ခဲ့ပါက သူသည် ထူးကဲသော မှော်စွာထိန်းကျောင်းသူသခင်ဖြစ်သွားမည်။

ထိုသည်သာ အမှန်တကယ်ဖြစ်လာပါက သူတို့အသက်ရှင်ကျန်မနေမည်ကို အားလုံးသည်ကြောက်လန့်နေကြသည်။

လူအများသည် ရှီမာယူယူအား မှော်စွာထိန်းကျောင်းသူသခင်ဖြစ်သည်ကို ယုံကြည်ကြသော်လည်း သံသယဝင်သူများလည်း ရှိနေသေးသည်။

ရှီမိုလီသည် သံသယဝင်သူထဲတွင်ပါဝင်သည်။ သူမ ရှီမာယူယူအားကြည့်ကာ ပြောလိုက်သည် "ရှီမာယူယူ ရှီမာမျိုးနွယ်မှာ ကိစ္စအကြီးကြီးဖြစ်ခဲ့တာတောင် မင်းအိမ်မှာမနေပဲ ဒီမှာဘာလာလုပ်တာလဲ၊ မင်းက အင်္ဂရိတ်ပညာရှင်မဟုတ်ဘူးလား၊ ဘာလို့လဲ၊ မင်းရဲ့ ဆေးဖက်ဝင်ပစ္စည်းတွေလို မင်းမျိုးစုံရတယ်လို့ထင်နေတလား၊ မင်းက မှော်စွာထိန်းကျောင်းသူဖြစ်နိုင်မယ်ထင်နေလား၊ ငါသာမင်းဆိုရင် ဒီမှာမျက်နှာ အပျက်မခံဘူး"

ရှီမာယူယူ ရှီမိုလီအားကြည့်ကာ ပြောလိုက်သည် "အင်္ဂရိတ်ပညာရှင်က မှော်စွာထိန်းကျောင်းသူသခင်မဖြစ်ရဘူးလို့ ဘယ်သူပြောလဲ"

ထိုသို့ပြောပြီးသည်နှင့် သူမလက်အား လှောင်အိမ်ထဲသို့ထည့်လိုက်သည်။

သူမ ဝက်ဝံမှော်စွာကိုထိလိုက်သည်ကို အားလုံးတွေ့လိုက်သည်နှင့် ကြောက်လန့်သဖြင့် မျက်လုံးများပိတ်ထားလိုက်ကြသည်။

ထိုလှောင်အိမ်သည် ဝိဉာဉ်မှော်စွာများ၏ စွမ်းအင်ကိုကန့်သန့်ထားသည်။ သူ့အကြည့်သည် ရန်လိုသော အကြည့်ဖြစ်သော်လည်း သူမလက်အားမကိုက်ပေ။

သူမလက်အား ဝက်ဝံမိန္စာ၏နဖူးအားထားလိုက်ကာ အင်ပါယာမိန္စာကျမ်းကို တွေးလိုက်သည်။ သူမ ထိန်းကျောင်းခြင်းဖြစ်စဉ်ကို စတင်လိုက်သည်။

ဘေဂုံထန်၊ ဂူရန်ဖေနှင့် ဖက်တီးကျူးတို့သည် ဖြတ်လျှောက်သွားကြသည်။ ဝေကျိရှီသည် နေရာလွတ်တွင် ရပ်နေသည်ကို မြင်သဖြင့် သူတို့လည်း အခြေအနေအား အတူတကွစောင့်ကြည့်နေကြသည်။ ရှီမာယူယူသည် လက်ရှိတွင် ဝက်ဝံမိန္စာထိန်းကျောင်းနေသည်ကိုမြင်သည်နှင့် ဖက်တီးကျူးသည် ပါးစပ်အဟောင်းသားဖြင့် အံ့သြနေတော့သည်။

"ကျိရှီ ယူယူဘာလုပ်နေတာလဲ၊ သူမ မိန္စာထိန်းကျောင်းနေတယ်လို့တော့မပြောနဲ့နော်" ဖက်တီးကျူးသည် ဝေကျိရှီဘေးမှလျှောက်လာကာ မေးလိုက်သည်။

"အားလုံးမင်းမြင်တယ်မလား" ဝေကျိရှီ ဖက်တီးကျူးအားပြောလိုက်သည်။

ဘေဂုံထန်သည် လှောင်အိမ်ထဲရှိ ဝက်ဝံမိန္စာအားကြည့်ကာ ပြောလိုက်သည် "လှောင်အိမ်ထဲက သူတော်စင်မိန္စာမဟုတ်လား၊ ပြီးတော့ အဆင့်နှစ်မိန္စာ"

"ဘာပြောတယ်" ဖက်တီးကျူးကြားချိန်တွင် မေးစေ့အားပြုတ်ကျမည်စိုးသဖြင့် ကိုင်ထားလိုက်ရတော့သည်။

အခန်း(၁၃)

အပိုင်း(၁၃၉)-မမျှော်လင့်မှုများဖြစ်လာခြင်း

"ကျိရှီ ရှီမာယူယူက ဘယ်တုန်းက မိန္စာထိန်းကျောင်းသူသခင်ဖြစ်တာလဲ မင်းသိလား" ဖက်တီးကျူးသည် သူ့မျက်သူမယုံနိုင်ပဲ ဝေကျိရှီအားဆွဲကာ တိုက်ရိုက်ပင်မေးလိုက်သည်။

ဝေကျိရှီသည် သူ့လက်အားရိုက်ကာမေးလိုက်သည် "မင်းကငါ့မေးတော့ ငါဘယ်သူ့ကိုသွားမေးရမှာလဲ"

"ငါတို့တိတ်တိတ်နေပြီး ကြည့်ရအောင်" ဘေဂုံထန်ပြောလိုက်သည်။

ရှီမာယူယူ ဝက်ဝံမိန္စာအား ထိတွေ့နေသည်ကို စောင့်ကြည့်နေရင်းနှင့်ပင် ဖက်တီးကျူးနှင့် တခြားသူများသည် တိတ်ဆိတ်နေခဲ့သည်။

ထိန်းကျောင်းခြင်း ဖြစ်စဉ်သည် လူနှင့် မိန္စာတို့မလှုပ်မယှက် အချိန်ကြာမြင့်စွာ တိတ်ဆိတ်ပြီး ရပ်နေရသည်။ ကြည့်စရာဘာမှမရှိပေ။ ရှည်လျားသော ဖြစ်စဉ်တစ်ခုဖြစ်သည်။

ထိုသို့ဖြစ်သော်လည်း ရှီမာယူယူ မနက်မှနေ့လည်အထိ ထိန်းကျောင်းခြင်း ဖြစ်စဉ်ကို လုပ်ဆောင်နေသော်လည်း ဘယ်သူမှထွက်မသွားပေ။

ထိုအရင်က အမိုက်ဖြစ်ခဲ့သောသူသည် အင်္ဂရတ်ပညာရှင်ဖြစ်ရုံသာမက မိန္စာထိန်းကျောင်းသူသခင်ဖြစ်မည်ကို အားလုံးကကြည့်ချင်ကြသည်။ မိန္စာထိန်းကျောင်းခြင်း အောင်မြင်မလား ဆိုသည်ကို သူတို့ကြည့်ချင်ကြသည်။

ဝေကျိုရှိနှင့် မိစ္ဆာထိန်းကျောင်းသူသခင်အသင်းမှ တခြားလူများသည် ရှီမာယူယူသည် မိစ္ဆာထိန်းကျောင်းသူဖြစ်ကြောင်းကို ယုံကြည်ပြီးဖြစ်သည်။ သူမသာ မဟုတ်ခဲ့လျှင် ထိုဝက်ဝံမိစ္ဆာသည် အချိန်အကြာကြီး ငြိမ်သက်စွာရှိနေမည်မဟုတ်ပေ။

"ခဏနေပြီးတော့မယ်" ဒုဥက္ကဌ၏ ရှီမာယူယူအားကြည့်သောအကြည့်များသည် ပို၍ တောက်ပလာသည်။

ဝေကျိုရှိနှင့်တခြားသူများသည် ဝက်ဝံမိစ္ဆာအားကြည့်လိုက်ရာ သူ့မျက်လုံးထဲမှ ရန်လိုသော အကြည့်များမရှိတော့သည်ကို တွေ့လိုက်ရသည်။ ထိုအရာသည် ဆိုင်မှ ဝယ်လာသော ဝိဉာဉ်မိစ္ဆာနှင့် ဆင်တူသည်။

အချိန်ခဏအကြာတွင် ရှီမာယူယူမျက်လုံးပွင့်လာသည်။ သူမ စိတ်စွမ်းအား သိပ်လျော့နည်းသွားသည့်ပုံမပေါ်ပေ။

"ဝူး ဝူး"

ဝက်ဝံမိစ္ဆာသည် လှောင်ထဲတွင် ဝပ်နေရာ ရှီမာယူယူခြေတစ်လှမ်းတိုးပြီး လှောင်အိမ်အားဖွင့်လိုက်သည်။ သူထွက်လာပြီးဖြစ်သည်ကိုပင် ဝက်ဝံမိစ္ဆာမသိခဲ့ပေ။

သူမ လှောင်အိမ်ဖွင့်လိုက်သည်ကိုတွေ့သည်နှင့် အားလုံးသည် တုန်လှုပ်သွားကာ ခြေတစ်လှမ်းဆုတ်သွားကြလေသည်။ သို့သော် ဝက်ဝံမိစ္ဆာသည် လူများကို တိုက်ခိုက်ခြင်းမရှိသည်ကို မြင်သည်နှင့် နောက်ဆုံးမှ စိတ်သက်သာရာရကာ စိတ်လှုပ်ရှားစွာဆက်ကြည့်နေကြသည်။

ဒုဥက္ကဌသည် ရှေ့သို့လျှောက်လာကာ ဝက်ဝံမိစ္ဆာအားကြည့်ပြီး ပြောလိုက်သည် "ထိန်းကျောင်းတာကတော့ အောင်မြင်သွားပြီ၊ မင်းဒါကို ရအောင်လုပ်နိုင်မယ်လို့ မထင်ထားဘူး၊ ဒါက မိစ္ဆာထိန်းကျောင်းသူသခင်အများစုထက် သုံးဆမြန်တာပဲ၊ တကယ်ကိုခက်ခဲတဲ့ စွမ်းဆောင်မှုပဲ"

ရှီမာယူယူပြုံးကာပြောလိုက်သည် "ကျွန်တော့်ရဲ့ မိစ္ဆာထိန်းကျောင်းတဲ့နည်းလမ်းက ထူးခြားလို့ပါ"

"ဘာပြောတယ်" ဒုဥက္ကဌမေးလိုက်သည်။

"ဒီဝိဉာဉ်မိစ္ဆာရဲ့ပိုင်ရှင်ဒီမှာရှိလား၊ ရှိရင် သူ့ကို မိစ္ဆာနဲ့ စာချုပ်ချုပ်လို့ရပြီ၊ ရလာမယ့် အဖြေက သခင်ကြီးကို စိတ်မပျက်စေရဘူးလို့ယုံပါတယ်" ရှီမာယူယူပြောလိုက်သည်။

ဒုဥက္ကဌသည် ကွင်းပြင်ဘေးတွင်ရပ်နေသော သက်လတ်ပိုင်းလူတစ်ယောက်အားကြည့်လိုက်သည်။ ထိုလူသည် နားလည်သွားကာ လျှောက်လာလေသည်။

အမှန်တကယ်တော့ သူ၏ ဝိဉာဉ်မိစ္ဆာအား ထိန်းကျောင်းပေးမည့်သူမှာ ရှီမာယူယူဖြစ်ကြောင်း ပထမဆုံးကြားချိန်တွင် သူသဘောမတူခဲ့ပေ။ သို့သော် ထိုဝိဉာဉ်မိစ္ဆာသည် မိစ္ဆာထိန်းကျောင်းသူအသင်းဆီသို့ ရောက်သွားချိန်တွင် ဒုဥက္ကဌမှ ဘာမှမပြောခဲ့သဖြင့် သူဘေးမှ ရပ်ကာ ကြည့်နေခဲ့သည်။

ရှီမာယူယူ အောင်မြင်စွာထိန်းကျောင်းနိုင်လိမ့်မည်ကို သူထင်မထားပေ။ သူမပြောသည်များကို ယုံကြည်ပြီးဖြစ်၍ သူမတွင် ဘယ်လိုပင် ထိန်းကျောင်းသည့်အရည်အချင်းရှိပါစေ သူမျှော်လင့်နေခဲ့သည်။

ဒုဥက္ကဌပြောလိုက်သည် "ယူယူပြောတာကြားပြီးဖြစ်မှာပေါ့ မင်း အခုစာချုပ်ချုပ်လို့ရပြီ"

"ကောင်းပါပြီ"

ထိုလူ ဝက်ဝံမိစ္ဆာရှေ့ထွက်လာသည်နှင့် ရှီမာယူယူနှင့် ဒုဥက္ကဌတို့သည် ခြေတစ်လှမ်းဆုတ်ပေးလိုက်ကြသည်။ သူသည် ဝက်ဝံခေါင်းပေါ်လက်တင်ကာ စာချုပ်ချုပ်ခြင်း လုပ်ဆောင်ချက်ကို လုပ်ဆောင်တော့သည်။

လျှင်မြန်စွာပင် စာချုပ်တည်ဆောက်မှုသည် အများပိုင်ကွင်းပြင်တွင်ပေါ်လာကာ လူနှင့် မိစ္ဆာအေးတွင် ရပ်နေခဲ့သည်။ စာချုပ်ချုပ်ခြင်း ဖြစ်စဉ်ပြီးသွားသည်နှင့် ထိုတည်ဆောက်မှုသည် အလင်းတန်းနှစ်ခုထွက်လာကာ လူနှင့် မိစ္ဆာတို့၏ မျက်ခုံးကြားသို့ဝင်သွားလေသည်။

"ဒါဘာမှထူးခြားတာမရှိပါဘူး ဟုတ်တယ်မလား" ထိုစာချုပ်ဖြစ်စဉ်တွင် ထူးခြားသည့်အရာမရှိသည်ကို မြင်သည်နှင့် လူများသည် အနည်းငယ်စိတ်ပျက်သွားကြသည်။

ဝက်ဝံမိစ္ဆာသခင်သည် ထူးခြားမှုမခံစားရပေ၊ သို့သော် သူမေးရန်ပါးစပ်ဖွင့်မည့်အလုပ်တွင် သူ၏ အတွင်းစွမ်းအားတွင် လှုပ်ရှားမှုများရှိနေသည်ကို ခံစားလိုက်ရသည်။ စာချုပ်နေရာမှ ဝိဉာဉ်စွမ်းအားများထွက်လာခဲ့သည်။

သူ လျှင်မြန်စွာ ခြေချိတ်ပြီးထိုင်ချလိုက်ကာ ခန္ဓာကိုယ်အတွင်းမှ စွမ်းအားများကို ထိန်းညှိတော့သည်။ လျှင်မြန်စွာပင် အဆင့်တက်သောအလင်းတန်းများ ဖြစ်ပေါ်လာပြီး လူနှင့် မိစ္ဆာသည် အတူတကွအဆင့်တက်ကြလေသည်။

"ဘုရားရေ သူတို့အတူတူ အဆင့်တက်သွားတာလား"

"စာချုပ်ချုပ်နေတုန်းမှာပဲ အဆင့်တက်သွားနိုင်တယ်ဟုတ်လား"

"ဒီထိန်းကျောင်းတဲ့နည်းလမ်းက ဘာပါလိမ့်"

"ထူးဆန်းလိုက်တာ"

"......"

ထိုတစ်ကွင်းလုံးသည် ရှီမာယူယူအား အဖိုးတန်ပစ္စည်းလိုသဘောထားကာ လှည့်ကြည့်ကြသည်။

သူမ စာချုပ်ချုပ်ရန် မိစ္ဆာကို ထိန်းကျောင်းပေးလိုက်သည်နှင့် အဆင့်တက်သွားစေနိုင်တာ၊ ဆိုလိုတာက သူမကို စာချုပ်ချုပ်ခိုင်းရုံနှင့် သူတို့အဆင့်တက်သွားနိုင်သည်ပေါ့။

ဒုဥက္ကဋ္ဌသည် နှစ်ပေါင်းများစွာနေလာသော်လည်း စာချုပ်ချုပ်ပြီးသည်နှင့် အဆင့်ပါတက်လာသည်ကို မြင်ဖူးသည်မှာ ပထမဆုံးအကြိမ်ဖြစ်သည်။ သူမသည် မိန္တာထိန်းကျောင်းသူအသင်းနှင့် လက်တွဲရမည်မှာ သံသယဝင်ဖွယ်မရှိပေ။

အားလုံးသည် ထိုအကြောင်းအားအဆုံးမရှိပြောနေကြသည်။ အလင်းတန်းသည်တဖြည်းဖြည်းပျောက်ကွယ်သွားခဲ့သည်။ သခင်သည် အဆင့်နှစ်ဆင့်တက်သွားပြီး မိန္တာမှာ အဆင့်တစ်ဆင့်တက်သွားလေသည်။

ထိုလူသည် မျက်လုံးဖွင့်ကာ ရှီမာယူယူအားစိတ်လှုပ်ရှားစွာ ကြည့်လိုက်သည်။ သူမတတ်တပ်ရပ်ကာ ရှီမာယူယူအားအရိုအသေပေးပြီး ပြောလိုက်သည် "ကျွန်တော်မိန္တာကို စာချုပ်ချုပ်ပေးတဲ့နေရာမှာ ကူညီပေးတဲ့ ငါးယောက်မြောက်သခင်လေးကို ကျေးဇူးတင်ပါတယ်၊ နောက်ကို စစ်သူကြီးအိမ်မှာ လိုအပ်တာရှိလို့ ကျွန်တော်ကူညီနိုင်တာရှိရင် ကျွန်တော့်ကို လာရှာလို့ရပါတယ်၊ ကျွန်တော်ပုန်းမနေပါဘူး"

"ကိစ္စမရှိပါဘူး" ရှီမာယူယူပြုံးကာ သူမလက်အားဝှေ့ပြလိုက်သည် "ဒါပေမယ့် စစ်သူကြီးအိမ်တော်မရှိတော့ဘူး၊ ရှီမာအိမ်တော်ပဲ ရှိတော့တယ်၊ ငါတို့တစ်ခုခုခက်ခဲတာရှိရင် မင်းကို လာရှာပါ့မယ်"

"မင်းလိုမြေးရှိတဲ့ စစ်သူကြီးရှီမာရဲ့အနာဂတ်ကတော့ အခက်အခဲမရှိချောမွေ့တော့မှာပဲ၊ တခြားမရှိရင် ကျွန်တော်သွားပါတော့မယ်"

သူပြောပြီးနောက်တွင် ရှီမာယူယူနှင့် ဒုဥက္ကဋ္ဌအားအရိုအသေပေးကာ လှည့်ထွက်သွားလေသည်။ သူသည် အဆင့်တက်ပြီးဖြစ်၍ အားအင်များကျစ်လျစ်စေရန် သွားကျင့်ကြံဖို့လိုသေးသည်။

ရှီမာယူယူသည် စိတ်လှုပ်ရှားနေသော လူထုအားကြည့်ကာ သူမရည်ရွယ်ချက်ပြည့်ဝသွားပြီကို သိလိုက်သည်။ သူမ ဒုဥက္ကဋ္ဌကို ပြောလိုက်သည် "ဒုဥက္ကဋ္ဌ ပြန်ကြအောင်"

"ကောင်းပြီ" ဒုဥက္ကဋ္ဌသည် ခေါင်းညိမ့်ကာ မိန္တာထိန်းကျောင်းသူအသင်းမှလူများနှင့် အတူထွက်သွားလေသည်။ အထုတ်အပိုးများသိမ်းဆည်းသူများသာ ကျန်ခဲ့လေသည်။

ပွဲအားကြည့်ရန် စုဝေးနေကြသောလူများလည်း ထွက်ခွာသွားကြသည်။ လူထုသည် တဖြည်းဖြည်း လျော့နည်းသွားကြသည်။ သို့သော် အားလုံးသည် ဖြစ်ပျက်ခဲ့သမျှကို မမေ့ပဲ ထိုသတင်းအား ပြောနေကြသည်။ သူတို့သည် အားလုံးကို ထိုထူးခြားသော ပွဲအကြောင်းကို ပြောပြခဲ့ကြသည်။

ရှီမာယူယူသည် မိန္တာထိန်းကျောင်းသူကိုမှ ထူးခြားသော မိန္တာထိန်းကျောင်းသူဖြစ်နေလိမ့်မည်ဟု ရှီမိုလီမထင်ခဲ့ပေ။ ရှီမာယူယူသည် သူမ၏ အင်္ဂရတ်ပညာတွင်အနိုင်ယူသွားသည်ကိုတွေးမိသည်နှင့် သူမစိတ်မလျော့ပဲ မုန်းတီးနေခဲ့သည်။

ရှီမာယူယူလုပ်ဆောင်သွားသည်ကို ကြည့်ကာ နာလန်လန်သည်လည်း ကြက်သေသေသွားခဲ့သည်။ မျိုးနွယ်မှ လူငယ်တစ်ယောက်အနေနှင့် ရှီမာယူယူဒီနေ့လုပ်လိုက်သော အပြုအမူ၏ အကျိုးဆက်ကို သူမ သိသည်။ သူမ မျိုးနွယ်သည် ရှီမာမျိုးနွယ်အား အနိုင်ရရန် အစီအစဉ်ရှိနေသေးသည်ကို တွေးကာ ထိုအခြေအနေအား သူမအဖေဆီသို့ ပြောရန် လူလွှတ်လိုက်လေသည်။

သူတို့ မိစ္ဆာထိန်းကျောင်းသည့်အသင်းသို့ရောက်သောအခါ အသင်းမှ လူတွေ၏မျက်လုံးများသည် မတူညီတော့ပေ။ သူမသည် ထူးချွန်သောမိစ္ဆာထိန်းကျောင်းသူသခင်ဖြစ်သည့်အချက်သည် သူတို့အား ကျေနပ်စေရုံသာမက သူမသည် အဆင့်နှစ် အဂ္ဂိရတ်ပညာရှင်ဖြစ်နေခဲ့သည်။

သူမ ဧည့်ခန်းသို့ရောက်သည်နှင့် ဒုဥက္ကဋ္ဌသည် ရှီမာယူယူ၊ ဖက်တီးကျူနှင့် တခြားသူများကို စောင့်ရှောက်ရန် ညွှန်ကြားပြီး ထွက်သွားလေသည်။

သူထိုအကြောင်းအား ဥက္ကဋ္ဌကို အစီရင်ခံရဦးမည်။ အစပိုင်းတွင် သူရှီမာမျိုးနွယ်အား ကူညီရုံပင်ကူညီခဲ့သည်။ သို့သော် ရှီမာယူယူသည် သူတို့နှင့်လက်တွဲလျှင် ထိုမျှလောက်ကြီးမားသည့် အကျိုးအမြတ်ယူဆောင်လာပေးမည်ဟု ထင်မထားပေ။ ထိုကြောင့်ပင် သူ ရှီမာယူယူအား အခွင့်အရေးပေးချင်သည်၊ သို့သော် ဥက္ကဋ္ဌကို အစီရင်ခံရဦးမည်။

ဧည့်ခန်းတွင် ဖက်တီးကျူနှင့် တခြားသူများသည် ဖြစ်ခဲ့သည်များကို ပြန်ပြောကာ အာရုံလွင့်နေတုန်းဖြစ်သည်။ သူတို့၏ အကြည့်များသည် တဖြည်းဖြည်းပြောင်းလဲသွားကာ ရှီမာယူယူအား ထူးဆန်းသော မိစ္ဆာတစ်ကောင်သဖွယ်ကြည့်လိုက်ကြသည်။ ဘေဂုံထန်ပင်သည်လျှင် ထိုကဲ့သို့အရည်အချင်းကို အရင်ကမမြင်ဖူးသဖြင့် သူမ၏အကြည့်သည် တခြားသူများနှင့် ကွာခြားခြင်းမရှိပေ။

"ယူယူ မင်းငါတို့ကို ဖုံးကွယ်ထားတာ ဘယ်လောက်တောင်ရှိလဲ" ဖက်တီးကျူ အပြစ်တင်လိုက်သည်။

"အဟွတ် အဟွတ်...." ရှီမာယူယူ ချောင်းနှစ်ခါဆိုးလိုက်ကာ သူမတွင် လျှို့ဝှက်ချက်များရှိနေသေးသည်ကို တွေးလိုက်သည်။

"ယူယူ မင်းဘယ်တုန်းက မိစ္ဆာထိန်းကျောင်းသူသခင်ဖြစ်သွားတာလဲ" ဂူရန်ဖေ သိချင်စိတ်ဖြင့်မေးလိုက်သည်။

"ပြီးခဲ့တဲ့တစ်ခေါက်က ငါတို့ပူလွှောင်တောင်တန်းက ပြန်လာတော့ ငါခဏထွက်သွားသေးတယ်လေ၊ အဲဒါက ငါမိစ္ဆာတွေနဲ့ စာချုပ်ချုပ်ဖို့ပြန်သွားတာ၊ အဲတုန်းက ရှီမာမျိုးနွယ်မှာတစ်ခုခုဖြစ်လိမ့်မယ်ဆိုတာ သိတော့ ငါတို့အားတွေတက်အောင် လုပ်ချင်ခဲ့တာ၊ အဲလူတွေရှေ့ကျ အသုံးမဝင်ဖြစ်လိမ့်မယ်လို့ ထင်မထားဘူး"

"ဒီဆယ်ရက်အတွင်း မင်းမိစ္ဆာထိန်းကျောင်းသူသခင်ဖြစ်လာတယ်လို့ မင်းပြောနေတာလား" ဖက်တီးကျူ အံ့သြစွာအော်လိုက်သည်။

## အခန်း(၁၄)

### အပိုင်း(၁၄၁)-အသင်းဥက္ကဋ္ဌ

အချိန်တိုင်းတွင် ရှီမာယူယူ သူ့အားပေးသော အံ့သြမှုကို သူခံနိုင်ခဲ့သည်။ သူမ နောက်ထပ် အံ့သြမှုကို ပေးခဲ့သည်။

"တကယ်တော့ ဘာမှမဟုတ်ပါဘူး၊ အဂ္ဂိရတ်ပညာနဲ့ မိစ္ဆာထိန်းကျောင်းတဲ့ပညာက စိတ်စွမ်းအားပေါ်မှာ မူတည်နေတာ၊ ငါ့စိတ်စွမ်းအားက သာမာန်လူထက်နည်းနည်းအားကောင်းရုံပါပဲ" ရှီမာယူယူပြောလိုက်သည်။

"လူမဆန်လိုက်တာ" အချိန်တစ်ခုအကြာတွင် ဖက်တီးကျူသည် ရေရွတ်လိုက်သည်။

"သဘောတူတယ်" ဝူရန်ဖေခေါင်းညိမ့်သည်။

"ဟုတ်တယ်" ဘေဂုံထန် ထပ်ပြောသည်။

"ငါ ရှီမာယူယူရဲ့ ဦးနှောက်ကိုဖွင့်ပြီး အထဲမှာဘာတွေနဲ့လုပ်ထားလဲဆိုတာကြည့်ဖို့ စဉ်းစားနေပြီ" အမြဲတမ်းယဉ်ကျေးခဲ့သော ဝေကျိရှီသည် သူ၏ သတ္တိပြောင်သော ပုံစံထွက်ပေါ်လာခဲ့သည်။

အာ....

သူတို့အား ရှီမာယူယူ မှင်တက်စွာကြည့်မိသည်။ ထိုအရာသည် ကတ်သီးကတ်သတ်နိုင်သည်ကို သူမသိသော်လည်း သူတို့ ထိုမျှလောက် တုန်လှုပ်စရာမလိုဘူးဟုထင်သည်။

မိုရ္စာထိန်းကျောင်းသူအသင်း၏ ဥက္ကဋ္ဌနှင့် ဒုဥက္ကဋ္ဌတို့ဝင်လာချိန်တွင် သူတို့ စကားစပြတ်သွားကြသည်။

"ဥက္ကဋ္ဌ၊ ဘိုးလေး" ဝေကျိရှီသည် မတ်တပ်ရပ်ကာ သူတို့နှစ်ယောက်အား အရိုအသေပေးလိုက်ကာ ဝင်လာသော လူများ၏ သရုပ်မှန်ကို ရှီမာယူယူအားအရိပ်အယောင်ပြလိုက်သည်။

ရှီမာယူယူသည် သူတို့အားအရိုအသေပေးကာ ဥက္ကဋ္ဌသည် လက်ဝှေ့ပြကာ အားလုံးအားထိုင်ခွင့်ပြုလိုက်သည်။

သူ ပင်မထိုင်ခုံသို့ရောက်သောအခါ ဥက္ကဋ္ဌသည် ရှီမာယူယူအား အကဲဖြတ်လိုက်သည်။

ဥက္ကဋ္ဌ၏အကြည့်အား ရှီမာယူယူမြင်လိုက်သည်။ သူ သူမအားအကဲဖြတ်ချိန်အတွင်းတွင် သူမလည်း ပြန်အကဲခတ်နေသည်။

တကယ်စွမ်းတာပဲ၊ သူ့ရှေ့မှာရှိဖူးတဲ့ လူငယ်တွေထဲမှာ ပထမဆုံးမျက်နှာအမူအရာပဲ။

ယုံကြည်ချက်၊ ထိုအရာသည် သူမအတွက် ပထမဆုံးမျက်နှာအမူအရာဖြစ်သည်။

"ငါးယောက်မြောက်သခင်လေး မင်းဒီနေ့လုပ်ခဲ့တာတွေကို ငါကြားပြီးပြီ၊ မင်းလို ငယ်ရွယ်တဲ့သူတစ်ယောက်က ထူးချွန်တဲ့ မိုရ္စာထိန်းကျောင်းသူဖြစ်တာ ငါအရမ်းအံ့သြခဲ့ရပါတယ်" ဥက္ကဋ္ဌသည် သူ၏ မုတ်ဆိတ်အားထိကာ ပြောလိုက်သည် "ငါးယောက်မြောက်သခင်လေးရဲ့ ဆရာကဘယ်ကလဲဆိုတာ သိချင်ပါတယ်"

"ကျွန်တော့်ဆရာကအမြဲတမ်း လူသူကင်းမဲ့တဲ့ တောင်တွေမှာ နေပါတယ်၊ သူ့ဘဝက လူသိနည်းပြီး အပြင်ကမ္ဘာက ဖြစ်ပျက်နေတဲ့ ဝရုန်းသုန်းကားအခြေအနေတွေကို မကြိုက်ပါဘူး၊ အဲဒါကြောင့် သူကျွန်တော့်ကို မပြောခိုင်းပါဘူး၊ ကျွန်တော့်ကို ခွင့်လွှတ်ပါ" ရှီမာယူယူ လိမ်လိုက်သည်။

သူမတွင် ဆရာမရှိပါ၊ သူမဘယ်လိုသွားရှာမလဲ။

သူမ တကယ်ပြောချင်ပါက မိုရှားသာ ဝိဉာဉ်မိုရ္စာထိန်းကျောင်းခြင်းဖြစ်စဉ်ကို ပြောပြခဲ့သော တစ်ဦးတည်းသောသူဖြစ်သည်။ အင်ပါယာ မိုရ္စာကျမ်းသည် သူမအား သူပေးခဲ့သော

စာအုပ်ဖြစ်သည်။ ပြောရမည်ဆိုလျှင် သူသည် သူမ၏ ဆရာဟုတစ်ဝက်သတ်မှတ်လို့ရသည်။ သို့သော် သူ၏ တည်ရှိမှုသည် လျှို့ဝှက်ချက်ဖြစ်၍ ပြောစရာနည်းလမ်းမရှိခဲ့ပေ။

ဥက္ကဋ္ဌသည် ခေါင်းညိမ့်သည်။ သူ့လိုလူမျိုးတွင် ဦးစားပေးမှုများရှိသည်ကို သူသိသည်။ တချို့သည် ကြွားဝါလွန်းသည်၊ တချို့သည် နှိမ့်ချမှုကို နှစ်သက်သည်။ သူမ ထပ်ရှင်းမပြချင်သဖြင့် သူထပ်မမေးတာ ကောင်းမည်။

"မင်း မှိုစ္စာထိန်းကျောင်းသူအသင်းနဲ့လက်တွဲချင်တယ်လို့ပြောတယ်ဆို"

ရှီမာယူယူခေါင်းညိမ့်ကာ ပြောလိုက်သည် "ဟုတ်ပါတယ်၊ ကျွန်တော်တို့ရှီမာမျိုးနွယ်မှာ ဘာတွေဖြစ်ခဲ့လဲဆိုတာ ဥက္ကဋ္ဌကြီးသိပြီးဖြစ်မှာပါ။ ကျွန်တော်တို့လက်ရှိအခြေအနေက မကောင်းဘူး၊ အားနည်းနေတယ်၊ ကျွန်တော့်အဘိုးနဲ့ အစ်ကိုတွေလည်းမရှိနေတော့ ကျွန်တော့်ရှီမာမျိုးနွယ်ကို ကာကွယ်ချင်ပါတယ်၊ ကျွန်တော် မှိုစ္စာထိန်းကျောင်းသူအသင်းနဲ့ လက်တွဲချင်ပါတယ်၊ အချိန်တစ်ခုလောက် ကျွန်တော်တို့ကို ဝိဉာဉ်မှိုစ္စာတွေ သွင်းစေချင်ပါတယ်၊ အပေးအယူကတော့ မှိုစ္စာထိန်းကျောင်းသူအသင်းကို ကျွန်တော် သူတော်စင်မှိုစ္စာတွေကို ထိန်းကျောင်းပေးပါမယ်"

သူတော်စင်မှိုစ္စာအားထိန်းကျောင်းနိုင်သူ အရေအတွက်နှင့် ပြန်ကုစားသည့် အချိန်ကြာသည်ကို ဝေကျိုရှီပြောတာ သူမကြားဖူးသည်။ မှိုစ္စာထိန်းကျောင်းသူအား ထိုအချက်သည် ဆွဲဆောင်နိုင်လိမ့်မည်ဟု သူယုံကြည်သည်။

"ငါတို့ သူတော်စင်မှိုစ္စာတွေအများကြီး မထိန်းကျောင်းလည်း ငါတို့လုပ်နိုင်ပါတယ်" ဥက္ကဋ္ဌကြီးပြောလိုက်သည် "မင်းကို ငါတို့ မှိုစ္စာထိန်းကျောင်းသူအသင်းကို ဝင်စေချင်တယ်၊ အချိန်ကျလာရင် မှိုစ္စာထိန်းကျောင်းသူအသင်းက မင်းလိုသလောက် ဝိဉာဉ်မှိုစ္စာတွေကို အလကားပေးလို့ရတယ်"

"အသင်းထဲ ဝင်ရမယ်ဟုတ်လား" သူမ အစီအစဉ်အတိုင်းမဟုတ်သဖြင့် ရှီမာယူယူ အနည်းငယ် အံ့သြသွားလေသည်။ သူမ ချုပ်ချယ်သည်ကို မလိုလားပေ။

"ဟုတ်တယ်၊ မင်းငါတို့ အသင်းမှာ ရာထူးကြီးတဲ့သူဖြစ်လာနိုင်တယ်၊ မင်းဘာမှလုပ်စရာမလိုဘူး၊ မှိုစ္စာထိန်းကျောင်းသူအသင်းက မှိုစ္စာနည်းနည်းလောက်ကို ထိန်းကျောင်းပေး အသင်းက အန္တရာယ်ရှိလာတဲ့အခါလာပေး၊ ဒါပဲ" ဥက္ကဋ္ဌပြောလိုက်သည်။

"ဒါပေမယ့် အခုကျွန်တော် ဘယ်အဖွဲ့အစည်းမှဝင်ဖို့ အစီအစဉ်မရှိသေးဘူး၊ သခင်ကြီးတို့လည်းသိမှာပဲ နောက် ၂နှစ်နေရင် ကျွန်တော် ဒုံချိန်းနိုင်ငံကထွက်သွားတော့မှာ ကျွန်တော် အသင်းဝင်လိုက်ရင် ဒါအခက်အခဲဖြစ်နိုင်တယ်" ရှီမာယူယူ ငြင်းဆိုလိုက်သည်။

ရှီမာယူယူ ပြောသည်ကို ဝေကျိုရှီကြားလိုက်သောအခါ သူမအတွက် စိုးရိမ်သွားသည်။ ပြောရေးဆိုခွင့်ရှိသူ ရာထူးမှာ တွေ့ကရာလူရရှိနိုင်သည့် နေရာမဟုတ်ပေ။

"ရာထူးကို ဒီလောက်မြန်မြန်မငြင်းပါနဲ့" ဥက္ကဋ္ဌသည် လက်ဝှေ့ပြကာ ပြောလိုက်သည် "မင်းထွက်သွားမယ့် အကြောင်းကို ငါသိပြီးသားပါ၊ ဒါပေမယ့် အခုမင်းဒီမှာ ရှိနေတာပဲမလား ပြီးတော့

မင်းမိဇ္ဈာထိန်းကျောင်းသူအသင်းဝင်လိုက်တာနဲ့ မင်းဘာမှမလုပ်ရင်တောင် အသင်းက ဒီတိုင်းထားမှာပါ။ မင်းက အသင်းရဲ့ ပြောရေးဆိုခွင့်ရှိတဲ့သူ အမြဲဖြစ်သွားမှာပါ။ မင်းဒုံချိန်းနိုင်ငံကထွက်သွားတဲ့အချိန်ကျရင် ရှီမာမျိုးနွယ်မှာ ထောက်ပံ့ပေးမယ့် အားလိုတယ် ငါပြောတာဟုတ်တယ်မလား”

ရှီမာယူယူ စဉ်းစားကြည့်ရာ ဥက္ကဋ္ဌပြောသည်မှာမှန်သည်။ သူမသည် မကြာခင်ထွက်သွားတော့မည်။ အချိန်ကျရင် ရှီမာမျိုးနွယ်သည် အခြေမခိုင်လို့မဖြစ်ပဲ နောက်မှ အင်အားကြီးမှုကို လိုအပ်သည်။ ထို့အပြင် မိဇ္ဈာထိန်းကျောင်းသူအသင်းသည် ထိုအခြေအနေများကို လက်ခံသည်။

အိမ်ထဲမှာလူများသည် သူမအား ထိုကြီးမားသည့်ဆုံးဖြတ်ချက်ကို စဉ်းစားရန်အချိန်ပေးကာ တိတ်ဆိတ်နေကြသည်။

အချိန်တစ်ခုကြာသော် ရှီမာယူယူခေါင်းညိမ့်ကာ ပြောလိုက်သည် “ကောင်းပြီ ကျွန်တော် မိဇ္ဈာထိန်းကျောင်းသူအသင်းဝင်ဖို့ သဘောတူပါတယ်”

အိမ်ထဲမှ လူများသည် ပြုံးသွားကြကာ ဥက္ကဋ္ဌခေါင်းညိမ့်ကြသည်။ သူသည် မော်ဝင်လက်စွပ်အတွင်းမှ ကျောက်စိမ်းနာမည်ပြားကိုထုတ်ကာ ပြောလိုက်သည် “ဒါက အသင်းရဲ့ ပြောရေးခိုခွင့်ရှိသူရဲ့ သရုပ်မှန်ကို ပြပေးမယ့် မင်းရဲ့နာမည်ပြားပဲ ယူလိုက်”

ရှီမာယူယူ မတ်တပ်ရပ်ကာ ရှေ့ထွက်လာသည်။ လက်နှစ်ဖက်ဖြင့် ကျောက်စိမ်းနာမည်ပြားအား လက်ခံလိုက်လေသည်။

“ကောင်းပြီ အခုချိန်ကစပြီး မင်းက ကိုးယောက်မြောက် ပြောရေးဆိုခွင့်ရှိတဲ့ လူကြီးပဲ” ဥက္ကဋ္ဌသည် ပြုံးရင်းပြောလိုက်သည်။

“ဒီလိုနဲ့ပဲလား” ရှီမာယူယူ မစဉ်းစားပဲပြောချလိုက်သည်။

လူကြီးရာထူးပေးရလောက်အောင် စွမ်းအားကြီးတယ်ဆိုရင်.... ဂုဏ်ပြုပွဲလေး ဘာလေးလုပ်သင့်တယ် မဟုတ်ဘူးလား။

ရှုပ်ထွေးသွားသော သူမမျက်လုံးများအားကြည့်ကာ ဥက္ကဋ္ဌသည် ပြောစရာစကားမရှိတော့ပဲ ပြုံးလိုက်ရတော့သည်။

သူတို့ဘေးတွင်ရှိနေသော ဒုဥက္ကဋ္ဌသည် ပြောလိုက်သည် “မင်းဒီလိုမျိုးတွေမကြိုက်မှန်းသိလို့ သူတို့နဲ့ ဝေးရာမှာ လုပ်ဖို့ဆုံးဖြတ်ထားတာ၊ အချိန်ကျရင် မင်းက ငါတို့ရဲ့ လူကြီးဖြစ်ကြောင်းအားလုံးကို ကြေညာမ ယ် ဒါဆိုလုံလောက်ပြီလေ”

“ဥက္ကဋ္ဌနဲ့ ဒုဥက္ကဋ္ဌကို ကျေးဇူးတင်ပါတယ်” ရှီမာယူယူ ကျောက်စိမ်းနာမည်ပြားအား သူမမော်ဝင်လက်စွပ်အတွင်းထည့်ကာ သူမနေရာတွင် ပြန်ထိုင်လိုက်သည်။

“ဝိဉာဉ် မိဇ္ဈာတွေရဖို့ကတော့ အချိန်ကျရင် ငါတို့အသင်းကတာဝန်ယူပြီး ဖြေရှင်းပေးမှာပါ၊ ငါတို့မင်းအတွက် အကုန်စီစဉ်ပေးပါမယ်” ဥက္ကဋ္ဌပြောလိုက်သည်။

"ဥက္ကဋ္ဌကို ကျေးဇူးတင်ပါတယ်"

......

မို့ဓ္ဓာထိန်းကျောင်းသူ အသင်းမှပြန်လာချိန်မှစ၍ ရှီမာယူယူ အထူးတဆန်းဖြစ်နေတုန်းပင်ဖြစ်သည်။ သူမသည် အမှန်တကယ်ပဲ မို့ဓ္ဓာထိန်းကျောင်းသူအသင်း၏ လူကြီးဖြစ်နေလေပြီ။

"မင်းမသိလောက်ဘူး၊ ဒါပေမယ့် ပြောရေးဆိုခွင့်ရှိတဲ့ လူကြီးဖြစ်ဖို့ဆိုရင် ရွေးချယ်တဲ့အဆင့်တွေအများကြီး ဖြတ်ရတယ်၊ အတည်ပြုပြီးရင်တောင် သူတို့ပွဲသုံးခုလုပ်သေးတယ်၊ အရမ်းဒုက္ခများတာပဲ" ဝေကျိုရှီရှင်းပြသည်။ "ဒီလိုအထူးတလည်ကမ်းလှမ်းခံရတာ မင်းတစ်ယောက်ပဲရှိမယ်ထင်တာပဲ"

"ဟေးဟေး မရှိတာမှကောင်းသေးတယ်" ရှီမာယူယူပြောလိုက်သည် "ဒီနေ့အတွက် ငါမင်းကို ကျေးဇူးတင်တယ်၊ မင်းသာမဟုတ်ရင် ဥက္ကဋ္ဌကိုတွေ့ဖို့ကြိုးစားမယ့်ဟာကို ငါခေါင်းကိုက်ရမှာ" ရှီမာယူယူပြောလိုက်သည်။

"ဘာတွေယဉ်ကျေးနေတာလဲ" ဝေကျိုရှီပြုံးလိုက်သည် "ဟုတ်တယ်၊ ငါတို့လေးယောက် ကျောင်းကိုအရင်ပြန်နှင့်မယ်၊ မင်းလိုအပ်တာရှိရင် ငါတို့ကိုရှာဖို့ လူလွှတ်လိုက်"

"အင်း အဲလိုလုပ်လိုက်မယ်"

သူတို့နှင့် လမ်းခွဲပြီးနောက် သူမရှီမာအိမ်တော်သို့ပြန်လာလိုက်သည်။ ထိုနေ့မှစ၍ သူမနာမည်သည် ပျံ့နှံ့သွားလေသည်။ လျင်မြန်စွာပင် သူမသည် မို့ဓ္ဓာထိန်းကျောင်းသူအသင်း၏အကြီးအကဲဖြစ်ကြောင်း သတင်းမှာ ပျံ့နှံ့သွားလေသည်။ ဝိဉာဉ်မို့ဓ္ဓာထောက်ပံ့ပေးမည့်ပြဿနာမှာ ဖြေရှင်းပြီးဖြစ်သွားသည်။ အခု နောက်လုပ်ရမည့်တစ်ခုအတွက် အိမ်တော်ထိန်းနှင့် ဆွေးနွေးရမည်။

သူမသည် အရင်ကရှိခဲ့သော မိန်းအဝင်ပေါက်ကို လျှောက်လာမိတုန်းပဲဖြစ်သည်။ သူမ ပြန်ကြည့်တုန်းမှာပင် ထိဝင်ပေါက် မရှိတော့သည်ကို သူမသတိရသွားသည်။

အရင်က အဝင်ပေါက်ရှိခဲ့သောနေရာတွင် သူမတရစ်ရစ်ဝဲနေခဲ့သည်။ ဒီနေရာတွင် အချိန်အကြာကြီး စစ်သူကြီးအိမ်တော်ဖြစ်ခဲ့သည်ကို တွေးကာ သူမ စိတ်များနာကျင်လာရသည်။

အဘိုး၊ အစ်ကိုတွေ.... ယူယူကိုစောင့်ပါ၊ ကျွန်တော်သေချာပေါက်လာကယ်ပါမယ်.....